
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ထာရာမင်းဝေ

## ဘုံခုနစ်ဆင့်မှာ လွင့်တဲ့ တိမ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စာမူခွင့်ပြုချက်အမှတ်
၆၁၀/၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၇၇၈/၂၀၀၃ (၇)
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



အပျော်ဝတ္ထုကလေးတစ်ပုဒ်
သက်သက်ရယ်ပါ...။



## အခန်း [၁]

ပွင့်ဦး လမ်းလျှောက်သည်။ လမ်းလျှောက်ခြင်းနှင့် လှမ်းလျှောက်ခြင်းတို့ ဘာကွာသလဲ မသိပါ။ နည်းနည်းကွာသလို ခံစားရပါသည်။ စေ့စေ့တွေးကြည့်တော့လည်း ဘာမှ မကွာသလို ထင်မိပြန်ပါသည်။ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာတော့ ပွင့်ဦး လမ်းလျှောက်လာပါသည်။

လက်ဖက်ရည်ဆိုင်မှ ထွက်လာသော လူငယ်တစ်ယောက် သူမ နောက်သို့ ချဉ်းကပ်လာသည်။ ပွင့်ဦး သိသော်လည်း လှည့်မကြည့်ပါ။ သူမကသာ ''ဟဲ့...ပလုတ်တုတ်''ဆိုပြီး ခုန်၍ လှည့်ကြည့်လိုက်လျှင်လည်း ရသ ပျက်သွားနိုင်သည်။ ထို့ကြောင့် သူမ မသိချင်ယောင်ဆောင်နေလိုက်သည်။

လူငယ်က သိအောင် လှုပ်ပါသည်။

''ပွင့်...ပွင့်ဦး''

ထိုအခါကျမှ ပွင့်ဦးက အေးအေးဆေးဆေး လှည့်ကြည့်သည်။

''ဘာများလဲ''

''ခဏရပ်ပါဦး''

''ကျွန်မက ရပ်ချင်ပါတယ်။ ခြေထောက်တွေက ဆက်သွားနေကြလို့''

''ဟို...ဟို...ခြေထောက်ကို ရပ်လိုက်ပါလားဟင်''

www.burmeseclassic.com

"ခြေထောက်ကို ရပ်လိုက်ရင်လည်း ဖိနပ်တွေက ဆက်သွားနေမှာပဲ"

"ဟို...ဟို...ဖိနပ်ကို ချွတ်လိုက်ရင်ကောဟင်"

"အဲဒါဆို ကျွန်မကို နှောင့်ယှက်တဲ့သူက ဖိနပ်နဲ့ အရိုက်ခံရမှာပေါ့"

"အဲ...ဟို...ဟိုဟာလေ"

ထိုလူငယ် ဆက်မလိုက်ရဲတော့ချေ။ အိုးတိုးအမ်းတမ်းဖြစ်ပြီး လမ်းလည်ခေါင်မှာ ရပ်ကျန်ရစ်သည်။ ထိုင်ကျန်၍လည်းမရ၊ ခုန်ဆွခုန်ဆွလုပ်ကျန်၍လည်း မရသဖြင့် ရှိုးရှိုးတန်းတန်း ရပ်ကျန်ခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း ပွင့်ဦး၏ ဒုက္ခက မရပ်နားသေးချေ။ သူမကို အတော်အချိန်ပေး၍ စောင့်နေပုံရသော လူတစ်ယောက်က လမ်းနံဘေးမှ ဘွားခနဲပေါ်လာပြီး...

BURMESE CLASSIC .com

"ညီမလေး"

"ရှင်...ကျွန်မကို ခေါ်တာလား"

"ဟုတ်ပါတယ်...။ ညီမလေးကို ခေါ်တာပါ"

ပွင့်ဦးက သူ့လက်ထဲမှာ ကိုင်ထားသော စာကို ခပ်ပြုံးပြုံး ကြည့်ရင်း...

"သြော်...ရည်းစားစာ ပေးမလို့လား"

"အဟီး...အဟဲ...ဟုတ်ပါတယ်"

"ဒါဖြင့် ဒီလိုလုပ်ရှင်"

"အဲ...ဟုတ်ပြီ၊ ဘယ်လိုလုပ်ရမှာလဲ"

"ရှင့် ရည်းစားစာထဲမှာ ချစ်တယ်ဆိုတဲ့စကားလုံးကို ထည့်မရေးနဲ့၊ နားရှက်စရာကြီး"

"အဲ...အင်း...ဟုတ်ပြီ"

"ကျွန်မနာမည်ကိုလည်း တပ်မရေးနဲ့။ ကျွန်မကို သူများ ကဲ့ရဲ့စရာ ဖြစ်လာနိုင်တယ်"

"ဟင်...ဟုတ်...ဟုတ်ကဲ့"

"ခုလိုလည်း လမ်းလယ်ခေါင်မှာ စာလိုက်မပေးနဲ့။ ကျွန်မ





[illegible]ဒွေ့မျက်တယ်"

"ဒါ...ဒါဖြင့်"

"စာတိုက်ကနေပြီးတော့လည်း အိမ်ကို မထည့်နဲ့။ ကျွန်မအဖေအမေလက်ထဲကို ရောက်သွားမယ်"

"အဲ...အဲဒါဆိုရင်"

"ကိုယ့်တာသာကိုယ် သိမ်းထားလိုက်နော်၊ ကဲ...ကျွန်မသွားပြီ"

"ဗျာ..."

ထိုလူကြီးလည်း နားဝေတိမ်တောင်ဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ စိတ်မောလူမောဖြင့် ပွင့်ဦး အိမ်ပြန်ရောက်လာသည်။ အိမ်ရောက်တော့လည်း မလွတ်မြောက်သေးပြန်။ ဧည့်ခန်းထဲမှာက စာရိတ္တမောင်ပုံစံဝတ်စားပြီး စံပြမောင်ဆံပင်ဖြင့် ပန်းစည်းကြီးကိုင်လျက် ထိုင်စောင့်နေသည်က ဦးမောင်မောင်တင်။

ရထားပျောက်သည်ကို ငုတ်တုတ်ထိုင်စောင့်သလိုဖြစ်နေသော ဦးမောင်မောင်တင်က ချက်ချင်းပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ဆိုင်နေရာမှ ထရပ်ကာ...

"ဟုတ်...ဟုတ်တယ် ပွင့်ကလေး"

ပွင့်ဦးက အိမ်ဖော်မလေး အေးရီဘက်သို့လှည့်ကာ...

"အေးရီရေ..."

"ရှင်...မမလေး"

"ပွင့်ဦးကိုမှ ပန်ချင်တယ်ဆိုတဲ့ ဦးမောင်မောင်တင်အတွက် ဝယ်ထားတဲ့ အထုပ်ကို သွားယူလာစမ်းပါဟာ"

ဦးမောင်မောင်တင်၏ မျက်နှာက နဂိုကတည်းက ပြုံးပြုံးကြီးဖြစ်သည်။ ယခု သူက ထပ်ပြုံးသည်။ သူ့မျက်နှာအနေအထားကို တနင့်ဖော်ပြရန် အတော်ခက်လေသည်။ ပွင့်ဦးကို သူ့လက်ထဲမှ ပန်းစည်းကို ပေးမည်အပြု ပွင့်ဦးက အေးရီလာပေးသော အထုပ်ကို ဆွဲယူကာမ်းပေးကာ...

"ရော့...ဦးမောင်မောင်တင်။ ဒီအထုပ်ကို ယူသွား"

မြွေရေခွံအိတ်ဖြင့် ထည့်ထားခြင်းဖြစ်၏။ ဦးမောင်မောင်တင်


www.burmeseclassic.com

www.burmeseclassic.com



သဘောမပေါက်သလိုဖြစ်နေ၍ ပွင့်ဦးက...

''အဲဒီအိတ်ထဲမှာ မျိုးစေ့ရော၊ မြေဩဇာရော၊ ဘာညာတွေရော အကုန်ပါတယ်။ ကိုယ့်ဘာသာကိုယ်စိုက်ပြီး ပွင့်ဦးပေါ်တော့ ပန်းပွင့်ပေါ့ ကျွန်မကိုလည်း လာပြဦးနော်...။ ဦးမောင်မောင်တင် ပွင့်ဦးပန်ထားတဲ့ပုံလေးကို ကျွန်မ ကြည့်ချင်လို့''

ဦးမောင်မောင်တင် မျက်စိမျက်နှာပျက်သွား၏။ အရိုက်ထိုးခံရသလိုဖြစ်ပြီး လက်ထဲမှ ပန်းစည်းကြီးပင် လွတ်ကျသွားသည်။ ပွင့်ဦးကို တွေတွေငေးငေးကြည့်လျက်...

''ပွင့်ကလေး...''

''ရှင်...''

''ကိုယ်ပြောတဲ့ ပွင့်ဦးပန်ချင်တယ် ဆိုတာက...''

''ဪ...အခု စိစဉ်ပေးလိုက်ပြီလေ။ ကိုယ့်ဘာသာ ဂရုတစိုက် မျိုးပေါ့။ စိတ်ချရတယ်၊ မြေပဒေသာကျွန်းက ဝယ်လာတာ''

''မဟုတ်ဘူး...။ ပွင့်ကလေး ကိုယ့်ကို နားမလည်ဘူး။ အဲဒီလိုလည်း မဟုတ်သေးပါဘူးလေ...။ နားလည်ရက်နဲ့ နားမလည်ချင်ယောင်ဆောင်နေတာပါ''

ပွင့်ဦးက သူ့စကားကို ဂရုမထား။

''အဲဒီအိတ်ထဲမှာ နွားချေးခြောက်တွေလည်း ထည့်ပေးထားတယ်နော်။ သေသေချာချာ ပေးထားတာပါ''

ဦးမောင်မောင်တင် ချာခနဲ လှည့်ထွက်သွားတော့၏။ ပွင့်ဦးပေးသော အိတ်ကို ယူဖို့နေနေသာသာ သူ့ပန်းစည်းကြီးကို ပြန်ကောက်မသွား။ ပွင့်ဦးက ခုမှ ရင်ပေါ့သွားသလို လေပူကြီးမှုတ်ထုတ်လိုက်ချိန်မှာ အိမ်ဖော်မလေး အေးရီက ဟက်ဟက်ပက်ပက် ရယ်လေသည်။

◆



## အခန်း [၂]

ဆေးခန်းအမည်က 'စေတနာ'တဲ့။ သတ္တိ ဝင်သွားသောအခါ နှက်နှာထားတင်းသော ဆရာဝန်နှင့် မျက်နှာထားမာသော နာ့စ်မတို့ကို ကြုံတွေ့ရသည်။ ဘာမှလည်း မဟုတ်ဘဲ တင်းမာနေကြသည်။ နာ့စ်မက

''အို...မခေါ်ဘဲနဲ့ ဘာလို့ ဝင်လာရတာလဲ''

''အပြင်မှာ တခြားလူနာမှ မရှိဘဲ''

''ဘာပဲဖြစ်ဖြစ် အသံပေးပြီးမှ ဝင်ပေါ့''

''အသံပေးမလို့ပဲ...။ ဆရာဝန်က နားကြပ်တပ်ထားရင် ဘယ်ကြားမလဲ''

''ကျွန်မ ရှိတာပဲ''

''ခင်ဗျားရှိမှန်း ကျွန်တော်မှ မသိဘဲ''

နာ့စ်မ အူတူတူဖြစ်သွား၏။ ဆရာဝန်က ကြားဖြတ်ပြောသည်။

''ကဲ...ဆို...ဆို၊ ဘာရောဂါဖြစ်လို့လဲ''

''ခြေထောက်နာလို့''

''ဘာဖြစ်လို့ နာတာလဲ''

''ကျွန်တော့်ညီ နဲ့ မနက်က သိုင်းကစားရင်း ခြေထောက်ချင်းရိုက်မိတယ်။ ခြေသလုံးညို့သကျည်းမှာ နာနေတယ်''

''ကဲ...လာ...လာ ကြည့်ပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က နာနေသော ခြေထောက်ကို မညှာမတာစမ်းသပ်တော့၏။ ဝက်သတ်သကဲ့သို့ ဖြစ်သည်။ သတ္တိသည် သူ့နာမည်ကို ခဏမေ့သွားပြီး ရှုံ့မဲ့နေရသည်။ ဆရာဝန်က အားရပါးရ အတော်ရှိသွားပြီးမှ…

"ဘာမှ မဖြစ်ပါဘူး…။ လိမ်းဆေးပေးလိုက်မယ်၊ အကိုက်အခဲပျောက်ဆေး ထိုးပေးလိုက်မယ်၊ ညဘက် အိပ်ပျော်အောင် သောက်ဆေးတချို့လည်း ပေးလိုက်မယ်။ တစ်ခါသုံးအပ်နဲ့ ဆေးထိုးမှာမို့ ပိုက်ဆံတော့ နည်းနည်းကုန်မှာပေါ့"

သတ္တိက ရောင်ရမ်းပြီး အိတ်ကပ်ကို စမ်းလိုက်မိသည်။ အိတ်ကပ်ဆိုသည့်အတိုင်း အိတ်က ကပ်နေသည်။ ဘုရား တရမလို ဖြစ်နေတော့သည်။ နာမည်က သတ္တိဖြစ်သော်လည်း လူက သတ္တိမဟုတ်ချေ၊ မိဘတွေက ကြည့်ကောင်းအောင် လျှောက်ပေးထားသော နာမည်ဖြစ်သည်၊ သူ့မှာ အမွှာညီတစ်ယောက် ရှိသည်။ သူ့ကို သတ္တိဟုမှည့်ပြီး သူ့ညီကို ရဲရင့်ဟု သူတို့ဘာသာ မှည့်လိုက်ကြခြင်းဖြစ်သည်။ ကိုယ့်အလိုဆန္ဒ နည်းနည်းလေးမှ မပါရပါ။ လွှမ့်သော့ ကိုယ်က ဤနာမည်နှင့် လူဖြစ်နေသည်။

"အဲဒါဆိုရင်လည်း ကျွန်တော့်ကို တစ်ခါသုံးလူနာအဖြစ် သတ်မှတ်ပေးပါ ဆရာရယ်"

ဆရာဝန်က မျက်မှောင်ကြုတ်လျက်…

"ဘာလဲ တစ်ခါသုံးလူနာ"

"ဟိုလေ…နောက်တစ်ခါလာစရာမလိုတဲ့ လူနာပေါ့ ဆရာရယ်။ တစ်ခါတည်းနဲ့ ပျောက်သွားအောင်"

"ဘာလဲ…၊ အသက်လား"

ထိုစကားကို နာ့စ်မက ခပ်စွာစွာဝင်ပြောခြင်းဖြစ်၏။ ပြီးမှ သူ့စကားကို သူပြန်ဖြေသည့်အနေနှင့်…

"တစ်ခါသုံးလူနာဆိုရင်တော့ နိမိတ်မကောင်းဘူးရှင့်၊ ဆက်ကုလို့ မရတော့တဲ့လူနာ ဖြစ်သွားမယ်"

"ဟာ…အဲဒီလိုတော့ မလုပ်နဲ့လေဗျာ"





"အဲဒါဆိုရင်လည်း ရှင်က ဆရာဝန်ကို ဆရာပြန်မလုပ်နဲ့"

"ကောင်းပါပြီဗျာ…ကောင်းပါပြီ။ အား…ကျွတ်…ကျွတ်"

"နေဦး လူနာမှတ်တမ်း ရေးထားရဦးမယ်၊ ရှင့်နာမည် ဘယ်သူလဲ"

"သတ္တိ"

"ဘာ…ရှင့်"

"သတ္တိ"

"အလိုလေးတော်…"

နာ့စ်မက မဲ့ရွဲ့သွားသည်။ သတ္တိဆိုသူက ဤလောက်သတ္တိကြောင်ရသလားဆိုသော မျက်နှာပေးမျိုးဖြစ်၏။ သတ္တိက ဒါမျိုးကိုတော့ သည်းမခံပါ။ နာ့စ်မက ပုဂ္ဂိုလ်ရေးစော်ကားသလို ဖြစ်လာသည်။ ထို့ကြောင့်…

"ဒီဆေးခန်းနာမည်က ဘာတဲ့လဲ"

"စေတနာ"

"ဘာ…ဗျ"

"စေတနာ"

သတ္တိ မဲ့ရွဲ့သွားသည်။ သူ့မျက်နှာအနေအထားကို သဘောပေါက်သွားသဖြင့် နာ့စ်မက အနည်းငယ် အနေရအထိုင်ရ ခက်သွားသည်။ ဆေးကုသမှု ပြီးဆုံးသွားသောအခါ သတ္တိက…

"ကုသခ ဘယ်လောက်ကျသလဲ"

နာ့စ်မက…

"အပြင်မှာ တွက်ပေးမယ်။ ဆေးကိုလည်း အပြင်မှာ ယူရမှာ"

"ကျွန်တော် ခြေထောက်နာနေတယ်။ ခင်ဗျား ကျွန်တော့်ကို တွဲဘူး မို့လား"

"အိုး…တွဲစရာလား"

"ဒါဆိုလည်း ကိုယ့်ဘာသာကိုယ်ပဲ လာခဲ့မယ်နော်"

ရှင်းရအောင် ငွေကြေးပမာဏက မနည်းလှပါ။ သတ္တိက…

"ကျွန်တော်ကလည်း တစ်ခါသုံးပိုက်ဆံလေးတွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com

မယ်နော်''

''ဘာလဲ...တစ်ခါသုံးပိုက်ဆံ''

သတ္တိက အိတ်ထဲမှ ပိုက်ဆံအကြွေအနွမ်းများကို ထုတ်ယူရေတွက်ပြီး ပေး၏။ နာ့စ်မ အတော်ဒေါကန်သွားသည်။ သို့သော် ဘာမှလည်း မပြောသာ။ သတ္တိက သူ့ကို ဂရုမစိုက်ပါ။ ထော့နဲ့ထော့နဲ့ ဖြစ်နေသော ခြေထောက်ဖြင့် မြောက်ကြွမြောက်ကြွလျှောက်လာရင်း တစ်ကိုယ်တည်း ရေရွတ်နေမိသည်။

''တကယ်ဆို သူတို့ကတောင် ငါ့ကို ခြေကြွခ ပေးရဦးမှာ''

ထိုအချိန်မှာ ရဲရင့်က အောင်မိုး၊ ခင်ဇော်တို့နှင့်အတူ လက်ဖက်ရည်ဆိုင်မှာ ရှိနေသည်။ အောင်မိုးက...

''နေပါဦး၊ မင်း...ဒီလောက်ခြေထောက်နာနေရင် သတ္တိလည်း နာမှာပေါ့''

''မနာ နေမလားဟ၊ နာမှာပေါ့။ အား...ကျွတ်...ကျွတ်''

''မင်းတို့ကွာ...ဒီအရွယ်ကြီးတွေရောက်မှ လက်သီးထိုးတမ်း ကစားရတယ်လို့''

ခင်ဇော်က ဝင်ပြောသည်။

''လက်သီးထိုးတမ်း မဟုတ်ဘူးကွ။ ခြေထောက်ကန်တမ်း''

''ထားပါကွာ...။ မင်းခြေထောက်က ဒီလောက်နာနေတယ်ဆိုရင်လည်း ဆေးခန်း သွားပြပါလား''

''မလိုတော့ဘူးကွ။ ဟိုကောင် သတ္တိ ဆေးခန်းသွားပြတယ်''

''ဘာဆိုင်လို့လဲ''

''သူပျောက်ရင် ငါပါ အလိုလိုပျောက်သွားလိမ့်မယ်။ ငါတို့ အမြွှာတွေက ဒီအတိုင်းပဲ''

''အေး...ဒါလည်း ဟုတ်တုတ်တုတ်''

ရဲရင့်ကတော့ နာမည်နှင့်မလိုက်အောင် ''အား...ကျွတ်ကျွတ်'' ဟု ညည်းနေဆဲ။

◆





အခန်း (၃)

ဦးလင်းခေါင်တို့ အိမ်ညှော်ခန်းတွင်းမှာ ဖြစ်သည်။ မိသားစုအစုံအညီ ရှိနေသည်။ ဖနီးဖြစ်သူ ဒေါ်ဝါဝါဦးက သူ့ထုံးစံ ပုတီးစိပ်ရင်း ဆက်တီမှာ ထိုင်နေသည်။ ဦးလင်းခေါင်က...

''ကဲ...သကြန်ကတော့ လာဦးတော့မယ်။ ကဲ...သားကြီး အေးငြိမ်း''

''ဗျာ...ဖေဖေ''

''မင်းမှာ ဘာအစီအစဉ် ရှိသလဲ''

''ဟာ...ဖေဖေကလည်း ကျွန်တော့်မှာ ဘာအစီအစဉ် ရှိရမှာလဲ၊ ကျွန်တော်က ဘယ်တုန်းကကော သကြန်တွေ လျှောက်လည်ဖူးလို့လဲ''

ဦးလင်းခေါင်က ကျေနပ်အားရသွားသော မျက်နှာကို မကွယ်မဝှက်ဘဲ မျက်နှာနှင့်ပင် ပြ၏။ ထို့နောက်...

''ဟို...အငယ်နှစ်ကောင်''

သတ္တိနှင့် ရဲရင့်တို့ လန့်ဖျတ်သွားကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးမှ ပြိုင်တူ ထူး၏။

''ဗျာ...ဖေဖေ''

''မင်းတို့ကရော ဘာတွေများ စိတ်ကူးယဉ်ထားလဲ''

''ဖေဖေကလည်း သားတို့ ထုံးစံအတိုင်းပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ထုံးစံအတိုင်းလဲ"

"လျှောက်လည်မှာပေါ့ ဖေဖေရဲ့"

"အေး...ငါကလည်း မင်းတို့ကို အဲဒါ ပြောမလို့"

"ခင်ဗျာ..."

"မင်းတို့ကို ငါ ဒီနှစ် လည်ခွင့်မပြုနိုင်တော့ဘူး"

"ဟာ...ဖေဖေကလည်း"

"ဆင်ခြေပေးဖို့ မကြိုးစားနဲ့။ ဒီအကြောင်းကို ငါ မနှစ်ကတည်းက ပြောထားပြီးသား"

ထို့နောက် ဦးလင်းခေါင်က ဒေါ်ဝါဝါဦးဘက်သို့ လှည့်ကာ...

"ဟုတ်တယ်မို့လား မဝါ"

"မဟုတ်ပါဘူး ကိုခေါင်"ဟု ပြန်မပြောချေ။ အမှန်တော့လည်း သူ့ယောက်ျားကို "ကိုခေါင်"ဟု မခေါ်ပါ။ "ကိုလင်း"ဟုပဲ ခေါ်ပါသည်။ ဒေါ်ဝါဝါဦး၏ မျက်စိထဲမှာ ပြီးခဲ့သည့်နှစ်မှ အဖြစ်အပျက်များကို မြင်ယောင်ကြည့်နေမိသည်။ (မှတ်ချက်။ လက်ကတော့ ပုတီးလုံးတွေကို ရွှေ့နေသည်)

ပြီးခဲ့သည့်နှစ် သင်္ကြန်မှာ...

ထုံးစံအတိုင်း အေးငြိမ်းက ဘယ်ကိုမှ မသွား။ ထုံးစံအတိုင်း သင်္ဘောနှင့်ရဲရင့်က စွတ်လည်သည်။ ဦးလင်းခေါင်က ပူပူပန်ပန် ကြိုတင်ပြောပါသေး၏။

"မဝါရေ...။ ကိုယ်တော့ အမွှာနှစ်ကောင်ကို ရေဆော့ချင်တယ်ဆိုလို့သာ လွှတ်လိုက်ရတယ် စိတ်မချဘူး။ တော်ကြာ ရန်တွေ ဘာတွေ ဖြစ်လာရင် ခက်ဦးမယ်"

"မဖြစ်လောက်ပါဘူး ကိုလင်းရယ်...စိုးရိမ်မနေပါနဲ့"

"အကြီးဆုံးသားက လိမ္မာသလောက် အငယ်နှစ်ကောင်က စိတ်ကို မချရဘူး"

ထိုအချိန်မှာပဲ တယ်လီဖုန်းမြည်သံ ပေါ်လာ၏။ အေးငြိမ်းက သွားကိုင်သည်။

"ဟုတ်ကဲ့"



"......"

"ဟုတ်ကဲ့ ခင်ဗျ...ဟုတ်ကဲ့။ လာခဲ့ပါ့မယ်ဗျ"

အနည်းငယ် စကားဆက်ပြောပြီး အေးငြိမ်းက ဖုန်းကို ချလိုက်၏။ အေးငြိမ်းကတော့ အမည်နှင့်လိုက်အောင်ကို အေးငြိမ်းသည်။ မျက်နှာမှာ ဘာအရိပ်အယောင်မှ မရှိ။ ထို့ကြောင့်ပင်လျှင် မနေသာတော့သော ဒေါ်ဝါဝါဦးက...

"ဘာဖြစ်လို့လဲ သားကြီး"

"ဖေဖေ့ကို ခေါ်နေတာ"

"ဟင်...ဒီအချိန်ကြီး ဒီကာလကြီး ဘယ်သူခေါ်တာလဲ၊ ကုမ္ပဏီကလား"

"မဟုတ်ဘူး ဖေဖေရဲ့၊ ရပ်ကွက်ရုံးက ခေါ်တာ"

ဦးလင်းခေါင်က ရုက်ပြုံးကို ခနဲ့ခနဲ့ကြီးပြုံးလျက်...

"ဟင်...ငါ့ကို ဘယ်အဖွဲ့အစည်းနာယက ခန့်ဦးမလို့လဲ မသိဘူး။ ခက်တာပဲကွာ...။ ငါကလည်း မအားဘူးကွ၊ အချိန်မပေးနိုင်ဘူး။ ကုမ္ပဏီကလည်း အပြိုင်တွေ ပေါ်နေတော့ ဖိလုပ်နေရတယ်"

"မဟုတ်ဘူး ဖေဖေ။ ဖေဖေ့သား အငယ်ကောင်တွေ ရန်ဖြစ်လို့တဲ့။ မိဘကိုယ်တိုင် အာမခံပြီး လာခေါ်ရမယ်တဲ့"

ဦးလင်းခေါင် ပထမ အံ့သြပြီး ဒုတိယ ဒေါသစွက်ကာ တတိယ အော်လေသည်။

"ဘာ...ကွ"

ဒေါ်ဝါဝါဦးကလည်း စိတ်လျက်ပုတီးကို စားပွဲပေါ်တင်လိုက်ပြီး ထိတ်လန့်သွားသည်။ အချိန်မဆိုင်းပါ။ ဦးလင်းခေါင်က ရပ်ကွက်ရုံးသို့ ချက်ချင်းလိုက်သွား၏။ ကလေးတွေကတော့ သူ့ကို ရေပက်ကြသည်။ ရေမစွတ်မပွတ်စိုလျက် ရပ်ကွက်ရုံးသို့ ဦးလင်းခေါင် ရောက်သွားလေသည်။ ဥက္ကဋ္ဌဖြစ်သူက...

"ဩော်...ဦးလင်းခေါင် ရောက်လာပြီကိုး။ အတော်ပဲဗျာ...၊ ကျွန်တော်တို့လည်း ဒီမှာ ဒွေးဒဟ ဖြစ်နေကြတာဗျ"

အတွင်းရေးမှူးက ဥက္ကဋ္ဌကို လက်တို့ပြီး...

www.burmeseclassic.com



"ဒွိဟပါ ဥက္ကဋ္ဌရဲ့"

"အင်း...အင်း သူပြောတဲ့အတိုင်းပါပဲ ဦးလင်းခေါင်ရယ်"

"ဘာကို ဒွိဟဖြစ်တာလဲ။ ကျွန်တော် သိပ်နားမလည်ဘူး"

"ဦးလင်းခေါင်ရဲ့ သားတွေ ရန်ဖြစ်ကြလို့။ သိရှင်သိချင်း ကျွန်တော်တို့ လှမ်းခေါ်လိုက်တာပါ"

အတွင်းရေးမှူးက လှမ်းထောက်ပေး၏။

"သိရှင်သိချင်း မဟုတ်ဘူး၊ သိလျှင်သိချင်းပါ ဥက္ကဋ္ဌရဲ့"

ဥက္ကဋ္ဌက ခေါင်းညိတ်ကာ...

"အင်း...သူပြောတဲ့အတိုင်းပါပဲ ဦးလင်းခေါင်ရယ်"

"အခု အဲဒီကောင်တွေ ဘယ်မှာလဲ"

"ဟိုမှာလေ..."

ဦးလင်းခေါင် ကြည့်ပါသည်။ ညွှန်ပြရာကို တည့်တည့်ကြည့်ပါသည်။ သူ့သားတွေကို ကြည့်ခြင်းဖြစ်ပါသည်။ သို့သော် သူ မမှတ်မိချေ။

"သူတို့က ဘယ်သူတွေလဲ"

"ဟင်...ခင်ဗျားသားတွေလေ"

"ဗျာ..."

သူ့ကိုတော့ သွားဖြဲပြီး ရယ်ပြနေကြသည်၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ ဟုတ်လောက်သည်။ မျက်နှာတွေကို သူ မမှတ်မိ၊ နှစ်ယောက်လုံးက ကြောင်ကြောင်ကျားကျားတွေ။ ကြည့်ရင်းကြည့်ရင်းမှ ကိုယ့်သားတွေမှန်း သိလာသည်။

ဘယ်လိုအဖေမျိုးလဲဟု မမေးကြပါနှင့်။ ရိုးရိုးတန်းတန်း ဒီလိုအဖေမျိုးပဲ ဖြစ်ပါသည်။ သူ့သားတွေကကို သူ မမှတ်မိလောက်အောင် ကြောင်ကြောင်ကျားကျား ဝတ်စားဆင်ယင်ထားခြင်း ဖြစ်ပါသည်၊ မျက်လုံးပွတ်ပြီး နှစ်ခါသုံးခါပြန် ကြည့်ယူရသည်။ ပြီးမှ ဒေါသတကြီးဖြင့်...

"မင်းတို့က ဘာပုံတွေ ပေါက်နေကြတာလဲ"

နှစ်ယောက်လုံး ဘာမှ ပြန်မဖြေကြ၊ သွားကိုသာ ဖြဲပြီး ရယ်ပြနေကြသည်။ ဦးလင်းခေါင်က လေပူတစ်ချက်မှုတ်ထုတ်ကာ စိတ်ကို



လျှော့ချလိုက်ပြီး...

"ကဲ...ဥက္ကဋ္ဌကြီးတို့ရေ"

ဥက္ကဋ္ဌက...

"သိပ်လည်း စိတ်ပတိတ်ပခ မဖြစ်ပါနဲ့ ဦးလင်းခေါင်ရယ်"

အတွင်းရေးမှူးက...

"စိတ်ပဋိပက္ခပါ ဥက္ကဋ္ဌရဲ့"

"အင်း...သူပြောတဲ့အတိုင်းပေါ့ ဦးလင်းခေါင်ရယ်"

"ထားလိုက်ပါတော့လေ...။ သူတို့က ဘယ်သူတွေနဲ့ ရန်ဖြစ်တာလဲ၊ တခြားကလေးတွေကရော ဘာဖြစ်သွားသေးလဲ"

အတွင်းရေးမှူးက...

"တခြားကလေးတွေနဲ့ ရန်ဖြစ်တာ မဟုတ်ဘူးဗျ။ သူတို့နှစ်ယောက် ရန်ဖြစ်တာ"

"ဗျာ...ညီအစ်ကိုချင်း ပြန်ရန်ဖြစ်တာလား"

"ဟုတ်တယ်"

ဦးလင်းခေါင်က သတ္တိနှင့် ရဲရင့်ကို ကြည့်လျက် စူးစူးဝါးဝါး မေးလိုက်သည်။

"နေပါဦး...။ မင်းတို့က ဘာကိစ္စ ရန်ဖြစ်ကြတာလဲ"

"မမှတ်မိလို့ပါ ဖေဖေ"

"ဘာ...ကွ"

"ဟုတ်ပါတယ် ဖေဖေ၊ အခု ဖေဖေတောင် သားတို့ကို မမှတ်မိဘူး မို့လား။ အဲဒါလေ...သားတို့လည်း တစ်ယောက်ကိုတစ်ယောက် မှတ်မိဘဲ ရန်ဖြစ်ကြတာပါ"

"နေပါဦး။ မင်းတို့က အတူတူထွက်ကြတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ဖေဖေ၊ ကိုယ့်သူငယ်ချင်းတွေနဲ့ကိုယ် ထွက်သွားကြတာ။ တစ်ယောက် ဘယ်လိုပြင်ဆင်ထားမှန်းလည်း တစ်ယောက်က မသိဘူး"

"အမွှာညီအစ်ကိုတွေဖြစ်ပြီး တစ်ယောက်ကိုတစ်ယောက် မှတ်မိဘူးဆိုတာကတော့ လူကြားလို့တောင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလင်းခေါင်ကို ဒိုင်ခံပြန်ဖြေရှင်းနေသူက ရဲရင့်ဖြစ်၏။ ဦးလင်း ၏ ယခုစကားမှာ သူလည်း ငြိမ်သွားသည်။ သို့သော်လည်း ဦးလင်းခေါင်က အငြိမ်မခံပါ။

"ဒါဖြင့် မင်းတို့ မင်းတို့ ဘယ်အချိန်ကျမှ ညီအစ်ကိုမှန်း သိသလဲ"

"ဒီရုံရောက်ပြီး မိတနာမည်ပြောမှ တူနေလို့ သိတာပါ။ ဟိုလေ အဲဒီမတိုင်ခင်ကတော့ တူပါတယ်လို့ ထင်သား"

ဦးလင်းခေါင်က သက်ပြင်းကြီးချပြီး ရပ်ကွက်လူကြီးများကို...

"ကဲ...အဲဒါဆိုရင်လည်းဗျာ ကျွန်တော် ဘယ်လိုများ ဆောင်ရွက်ပေးရမလဲ"

"ပုံမှန်ဆိုရင်တော့ တစ်ဖက်မိဘက တောင်းပန်ပြီး တစ်ဖက်မိဘက ကျေအေးရတာပေါ့ဗျာ"

"ရန်ဖြစ်ကြတာကကျွန်တော့်သားနှစ်ယောက်ဆိုတော့ ကျွန်တော့်ကို ကျွန်တော် တောင်းပန်ပြီး ကျွန်တော့်ကို ကျွန်တော် ကျေအေးပါတယ် နော်။ ရတယ်မဟုတ်လား။ နော်...နော်..."

ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ခေါင်းကို မရေမရာညိတ်ပြ၏။ ထိုအခါကျမှ ဦးလင်းခေါင်က သက်ပြင်းကြီးတစ်ခုကို ထပ်ချပြီး...

"ဟော့ကောင်တွေ လာ...လိုက်ခဲ့"

ထိုကိစ္စများမှာ မနှစ်ကကိစ္စများဖြစ်ပြီး ဒေါ်ဝါဝါဦးက ပြန်လည် မြင်ယောင်နေခြင်း ဖြစ်ပါသည်။ လက်ကလည်း ပုတီးလုံးတွေကို ဆွဲဆွဲ စေ့နေဆဲ ဖြစ်ပါသည်။ ဘာကို စိပ်နေမှန်း မပြောတတ်ပါ။ ပြီး...သား အမြွှာတွေကိုလှည့်၍...

"ဟုတ်တယ်...။ သားတို့ နောက်နှစ်မှာ မင်းတို့ကို သင်္ကြန် ထွက်မလည်ရဘူးလို့ အဲဒီအချိန်ထဲက ဒဏ်ခတ်ပြီးသား။ မင်းတို့ ခု ငြင်းချင်လို့ မရတော့ဘူး"

သတ္တိနှင့် ရဲရင့်တို့ စိတ်ပျက်လက်ပျက် ဖြစ်သွားကြသည်။ သူတို့အပြစ်နှင့် သူတို့ဖြစ်နေ၍ ဘာမှလည်း မပြောသာတော့ချေ





တစ်ယောက်ကိုတစ်ယောက် မကျေမနပ်ကြည့်ရင်း လက်ညှိုးအပြန်အလှန် ထိုးလျက်...

"အဲဒါ...မင်းကြောင့်"

"မင်း...ကြောင့်"

ဦးလင်းခေါင်က ဝင်ဟန့်သည်။

"တော်ကြစမ်း၊ တော်ကြစမ်း"

အမြွှာနှစ်ယောက်အား ခပ်လျော့လျော့ဖြင့် ထိုင်ရာမှထပြီး ကိုယ့် အခန်းထဲ ကိုယ်ဝင်သွားကြတော့၏။ ဧည့်ခန်းထဲမှာ တိတ်ဆိတ်ပြီး ကျန်ရစ် ခဲ့သည်။ အေးငြိမ်းက စာဖတ်လျက်၊ ဒေါ်ဝါဝါဦးက ပုတီးစိပ်လျက်၊ ဦးလင်းခေါင်က စီးကရက်ခဲကာ အလုပ်ကိစ္စများကို စဉ်းစားလျက်...။

◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"သားကြီးရေ…ကိုငြိမ်း"

"ဗျာ…"

အိမ်ဖော်ကြီး ဒေါ်မူး၏ ခေါ်သံဖြစ်သည်။ အိပ်ရာပေါ်တွင် လှဲနေလျက်က အေးငြိမ်း ပြန်ထူးလိုက်သည်။

"ဖုန်းလာတယ်"

"လာပြီ…။ ဘယ်သူ့ဖုန်းလဲ…စောစောစီးစီး"

"မသိဘူးကွယ်…။ သားကြီးရဲ့ သူငယ်ချင်းလို့ ပြောတာပဲ"

အေးငြိမ်းက ဖုန်းထွက်ကိုင်သည်။ အေးငြိမ်းက နာမည်နှင့် လိုက်အောင် ငြိမ်းသည်။ ပျာရိပျာယာပုံစံမျိုး ဘယ်တော့မှ မရှိ။

"ဟဲလို…"

"……"

"အေး…ငါပါ အေးငြိမ်းပါ"

"……"

"ဘာဖြစ်လို့လဲ။ လာပြန်ပြီ…ဒီ အချစ်ရေး အဆင်မပြေလို့"

"……"

"ငါက ဘာလုပ်ပေးတတ်မှာလဲကွာ"

"……"





"ကဲ…ကဲ…ထားပါတော့။ ငါက ဘာအကြံပေးရမှာလဲ"

"……"

"ဒါဖြင့်လည်း ပြော…။ မင်း ကောင်မလေးရဲ့ မွေးနေ့ကို သိလား"

"……"

"အေး…အဲဒါဆိုရင်"

အေးငြိမ်း ခေတ္တငြိမ်သွားသည်။ ပြီးမှ ခပ်ပြုံးပြုံး အမူအရာဖြင့်

"ဒီလိုလုပ်လိုက်။ မင်းကောင်မလေးကို မင်း ချဉ်းကပ်တဲ့အခါ လပြည့်လကွယ် ရက်ရွေးပြီးသွား။ သူ့ရဲ့အချစ်စိတ်က ဒီရေအတက်အကျ နဲ့ ဆိုင်တယ်"

"……"

"ဘာကြောင့်လဲဆိုတာတော့ မေးမနေပါနဲ့တော့ကွ။ မင်းကို ရှင်းပြနေရင် အရှည်ကြီးပဲ။ ငါပြောတဲ့အတိုင်းသာ လုပ်ကြည့်ပါ။ ထူးခြား ရင် ထူးခြားနိုင်တာပေါ့"

"……"

"အေး…ဟုတ်ပါပြီကွာ။ မင်းကို ငါ တစ်ခုတော့ပြောလိုက်မယ်၊ အချစ်ဆိုတာ တယ်လီဖုန်းနံပါတ်နဲ့ တူတယ်"

"……"

"သြော်…စဉ်းစားကြည့်လေကွာ။ တစ်လုံးလွဲတာနဲ့ တစ်နေရာဆီ ကွဲသွားနိုင်တယ်"

"……"

"အေး…အေး။ သဘောပေါက်ထားရင် ကောင်းတာပေါ့ကွာ။ မင်းလည်း မင်းကောင်မလေးဆီကို တည့်တည့်မတ်မတ်ရောက်အောင် သွား။ ဒါလောက်ပဲ ငါပြောနိုင်မယ်"

"……"

"ကောင်းပြီ…ကောင်းပြီ"

အေးငြိမ်း ဖုန်းချပြီး သူ့အခန်းထဲ ပြန်ဝင်သွားသည်။

အေးငြိမ်း၏ အခန်းထဲမှာက ရေးဟောင်းကျုံ…



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ အစီအရီ ရှိနေသည်။ အေးငြိမ်းက ထိုပညာရပ်များကို စိတ်ဝင်စား လေ့လာသည်။ အယူသည်းလွန်းသည်တော့ မဟုတ်။ ပညာရပ်တစ်ခုကို လေ့လာသည့်အနေနှင့် ပါရဂူစာတမ်းတစ်ခုတင်ရန် လေ့လာခြင်းဖြစ်သည်။ သူကိုယ်တိုင် ကျွမ်းကျင်မှုရှိသော်လည်း လူသိ သိပ်မခံ။ အလွန်ရင်းနှီးသူများကသာ သိကြသည်။

လောလောဆယ်မှာလည်း ဗေဒင်ဆရာအချို့ကို ဗေဒင်ဟောခန်းများ ထောင်ပေးထားသည်။ ထိုမှရသော ကော်မရှင်ခငွေဖြင့် အေးအေးငြိမ်းငြိမ်းပဲ အိမ်မှာထိုင်ပြီး စီးပွားဖြစ်နေသည်။ သူ ငှားထားသော ဗေဒင်ဆရာများကလည်း သူ့ကို ဖြုံသဖြင့် အလုည့်အပတ် မလုပ်ရဲ။ ထို့ကြောင့် အေးငြိမ်းမှာ ဘာအရှုပ်အရှင်းမှ မရှိ။

ရှုပ်သည်က အမြွာနှစ်ကောင်...။

ကျောင်းပြီး၍ ဘွဲ့ရခဲ့တာ တစ်နှစ်ရှိသည်ကိုတောင် ကလေးစိတ်က မပျောက်ကြသေး။ ဘာအလုပ်မှာလည်း မလုပ်ကြသေး။ ဦးလင်းခေါင်နှင့် ဒေါ်ဝါဝါဦးတို့ကလည်း အတင်းအကြပ် မတိုက်တွန်းသေး။ စီးပွားရေးအခြေအနေကောင်းမွန်သူများ ဖြစ်ကြ၍ မိသားစုက သာယာသည်။

အမြွာနှစ်ကောင်က တစ်ယောက်နှင့်တစ်ယောက် တည့်လိုက်၊ ရန်ဖြစ်လိုက်။ ရုပ်ရည်ကလည်း ခွဲမရအောင် တူသည်။ တစ်ခုပဲရှိသည်။ သတ္တိက ညာသန်၊ ရဲရင့်က ဘယ်သန်။

စိတ်ဓာတ်ကလေးကတော့ ကောင်းကြပါသည်။

လူငယ်သဘာဝ ပျော်တတ်ကြသည်။

◆





အခန်း [၅]

ညှိခန်းတွင်းမှာ အေးငြိမ်း စာထိုင်ဖတ်နေသည်။ ထိုင်ဖတ်နေသည်ဟု အသေအချာပြောခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အေးငြိမ်းက မတ်တပ်ရပ်ပြီးတော့လည်း စာဖတ်နေတတ်သောကြောင့် ဖြစ်သည်။ သတ္တိက မဝံ့မရဲချည်းကပ်သွားသည်။ (နာမည်က သတ္တိဖြစ်သော်လည်း လုက သတ္တိမဟုတ်ဟု ဆိုခဲ့ပြီးပြီ)

အေးငြိမ်းက မော့မကြည့်ဘဲ စာဖတ်နေရင်းက...

''ဘာဖြစ်လို့လဲ သတ္တိ။ မင်း ငါ့ကို တစ်ခုခုပြောချင်နေတာလား''

''ဟုတ်ကဲ့ အစ်ကိုကြီး''

''ပြောလေ...''

''ဟို...အိပ်မက်တွေအကြောင်း မေးချင်လို့''

ထိုအချိန်မှာပဲ ရဲရင့်ကပါ ညှိခန်းထဲ ရောက်လာသည်။ လှုတင်မလာဘဲ ဘုတောသံကိုပါ ခေါ်လာသည်။

''အိပ်မက်ဆိုတာ အိပ်ရင် မက်တာပဲကွ။ ဘာထူးခြားလို့လဲ''

သိတ္တိ စိတ်တိုသွားသည်။

''မင်း အသာနေစမ်းပါကွာ။ ကိုယ့်ဘာသာ သွားနေစမ်းပါ''

''ငါ ကိုယ့်ဘာသာ သွားနေဖို့အတွက်ဆိုရင် အဲဒါ မင်း အိပ်ထဲ မက်တာပဲ''

www.burmeseclassic.com



"ဘာ…ကွ"

"ဘာမှ မကွဘူး၊ ပုံမှန်ရပ်နေတာ။ ခြေလည်း မခွင်ဘူး"

အေးငြိမ်းက စာအုပ်ကို ပိတ်လိုက်ပြီး…

"မင်းတို့ကလည်းကွာ…အေးအေးနေကြစမ်းပါ။ ကဲ…သတ္တိက ဘာပြောမလို့လဲ။ ရဲရင့်ကလည်း နားထောင်ရင် အေးအေးဆေးဆေး နားထောင်။ ဝင်မပြောနဲ့"

ထိုအခါကျမှ သတ္တိက…

"ကျွန်တော် ညက ထူးဆန်းတဲ့ အိပ်မက်တစ်ခုမက်လို့ အစ်ကိုကြီးရ"

"ဘယ်လို အိပ်မက်လဲ"

"အဲဒါကို နောက်မှ ပြောပြမယ်။ အစ်ကိုကြီးက အိပ်မက်တွေအကြောင်း အရင်ပြောပြ"

ရဲရင့်က မဲ့ပြုံးပြုံးပြီး ပျင်းကြောဆန့်ပြသည်။ အေးငြိမ်းက…

"အိပ်မက်တွေအကြောင်း ပြောမယ်ဆိုရင် အရှည်ကြီးပဲ၊ မင်းက ဘာကို သိချင်တာလဲ"

"တချို့ ထူးဆန်းတဲ့ အိပ်မက်တွေက ဘာအဓိပ္ပာယ်တွေလဲလို့"

"မင်းမေးတာကလည်း တိုင်ပတ်နေပြီ၊ မင်းအိပ်မက်က တကယ် ထူးဆန်းတဲ့ အိပ်မက်မို့လို့လား"

"ဟုတ်ကဲ့။ ထူးဆန်းတဲ့အပြင် ကြောက်ဖို့လည်းကောင်းတယ်"

"ဘယ်အချိန်မှာ မက်တာလဲ။ ဦးပိုင်းလား"

"မနက်သုံးနာရီကျော်ကျော်မှာ မက်တာ"

"အေး…ဘယ်လိုအိပ်မက်လဲ။ ပြော…"

"အိပ်မက်ထဲမှာ ကျွန်တော် သေမင်းနဲ့တွေ့တယ် အစ်ကိုကြီးရဲ့"

ရဲရင့်က ဝါးခနဲ သမ်းဝေလိုက်သည်။ အေးငြိမ်းက…

"ဒါ…ကြောက်စရာမကောင်းပါဘူးကွ။ ကောင်းတဲ့ နိမိတ်ပါ"

"ဟုတ်…ဟုတ်လား"

"ဟုတ်တယ်…။ ဒါ ပျော်ပွဲရွှင်ပွဲကြုံရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ"

သတ္တိ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ရဲရင့်ကလည်း စိတ်ဝင်စားသွားသည်။ သတ္တိက…



"ဘယ်လိုပျော်ပွဲရွှင်ပွဲမျိုးလဲ အစ်ကိုကြီး"

အေးငြိမ်းက မျက်နှာပြုံးရောင်သန်းသွားပြီး…

"အဲဒါတော့ ငါလည်း မပြောတတ်ဘူးလေကွာ"

"ဟာ…အစ်ကိုကြီးကလဲ"

ရဲရင့်ကပါ မနေသာဘဲ ဝင်ပြောသည်။

"ဟုတ်သားပဲ အစ်ကိုကြီးကလဲ…။ ပြောမယ့်ပြောလည်း ပြောလိုက်ရောပေါ့"

သတ္တိက ရဲရင့်ကို ဝိုင်းထဲ အဝင်မခံ။

"ဟေ့ကောင် မင်း အခုမှ ဝင်မရှုပ်နဲ့"

ရဲရင့်က ပြုံးဖြီးဖြီးဖြင့်…

"မင်းကလည်းကွာ…။ ငါတို့က ညီအစ်ကိုအရင်းကြီးပဲဟာ"

စကားရှည်နေကြဦးမည်စိုး၍ အေးငြိမ်းက ဝင်ဟန့်သည်။

"တော်ကြစမ်းကွာ…မင်းတို့ကလည်း"

သတ္တိနှင့် ရဲရင့်တို့က သံပြိုင်…

"ပြောပါ အစ်ကိုကြီးရဲ့"

"ပျော်ပွဲရွှင်ပွဲ ကခုန်မြူးတူးပွဲ၊ အဲဒီလိုမျိုးပွဲများမှာ ပါဝင်ရမယ် ဘာ"

"ကိုယ်တိုင် ပါရမှာနော်"

"အင်း…"

သတ္တိ သဘောကျသွားသည်။ ရဲရင့်က…

"ဒါဆို ကျွန်တော်ရောပေါ့နော် အစ်ကိုကြီး။ အမြွှာကိုး…။ တစ်ယောက်မြင်ရင် တစ်ယောက် လိုက်ဖြစ်နေကြကိုး"

သတ္တိက လက်ခံလိုဟန် လုံးဝမရှိဘဲ…

"ဘောလုံးပွဲကို သွား။ မင်းဘာသာ ဝင်ကန်"

"ဒါဆိုရင် မင်းကလည်း ခြင်းလုံးခတ်ပွဲမှာ…"

နားငြီးလာသော အေးငြိမ်းက…

"မင်းတို့ လုပ်လာကြပြန်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ဖုန်းမြည်လာသည်။ အေးငြိမ်းက ဖုန်းသွားကိုင်သည်။ ဖုန်းအဆက်အသွယ်က သူ့ဆီလာတာများသောကြောင့် ဖြစ်သည်။ သူကလည်း အိမ်မှာနေပြီး တယ်လီဖုန်းနှင့်ပဲ အလုပ်လုပ်သည်။ ဖုန်းပြောပြီးတော့ သူ ဖတ်လက်စစာအုပ်ကိုသာယူပြီး အမြွာနှစ်ကောင်ကို ဘာမှ ဆက်မပြောနေတော့ဘဲ သူ့အခန်းထဲသို့ လှည့်ဝင်သွားသည်။

လှည့်ဝင်သည်ဟု ပြောရတာကလည်း အတော်ခွကျပါသည်။ မလှည့်ဘဲ ဘယ်သူက နောက်ပြန်ပြီး ဆုတ်ဆုတ်၍ ဝင်သွားမည်နည်း။ အမြွာနှစ်ကောင် မရိုးမရွဖြစ်ပြီး ကျန်ရစ်သည်။ ရဲရင့်က…

''ဟေ့ကောင် သတ္တိ။ တို့…သင်္ကြန်ပွဲ ဝင်နွှဲရမယ် ထင်တယ်ကွ။ နော်…''

''အေး…ငါလည်း အဲဒါကိုပဲ တွေးနေတာ''

''ဟေ့…ဟေ့…ပျော်စရာကြီး''

''အိပ်မက်မက်တာ ငါကွ။ မင်းက ဆင်ပြူတော်မှုပြီး ကြံစုပ်တာ''

''မင်းဘာသာ ပြောချင်သလို ပြော၊ ငါကတော့ ပျော်သွားပြီ။ လက်ဖက်ရည်ဆိုင် သွားလိုက်ဦးမယ်''

◆





အခန်း [၆]

ဦးလင်းခေါင်တို့ အိမ်ဧည့်ခန်းတွင်းမှာ လူစုံတက်စုံ ဖြစ်နေသည်။ မိသားစုအစုံအညီရှိသည့်အပြင် ရပ်ကွက်လူကြီးများလည်း ရောက်နေသည်။ ဦးလင်းခေါင်နှင့် လူကြီးတွေချင်း စကားပြောဆိုနေကြသည်။ အာလာပသလ္လာပ အတော်အတန်ပြောပြီးသည့်နောက် ဥက္ကဋ္ဌက…

''အင်း…စကားကောင်းနေလိုက်တာ၊ လာရင်းကိစ္စကိုတောင် မေ့နေတယ်''

အတွင်းရေးမှူးကလည်း ဟုတ်မှန်ပါသည်ဆိုသော ပုံစံမျိုးဖြင့် ဦးလင်းခေါင်ကို ရယ်ပြသည်။ ဦးလင်းခေါင်က ပြန်ရယ်ပြရသေး၏။ ပြီးမှ…

''ဟုတ်လား…။ ကိစ္စပါလာသလား။ ပြောလေ…ဘာများတုန်း''

''မပြောမပြီး မတီးမမြည်ဆိုတဲ့ အတိုင်းပဲပေါ့ဗျာ''

ဦးလင်းခေါင် မျက်လုံးပြူးသွား၏။ ဒေါ်ဝါဝါဦးက ပုတီးစိပ်နေတာ ရပ်သွားပြီး အမြွာနှစ်ကောင်လည်း အိပ်ငိုက်နေရာမှ ခေါင်းထောင်သွား၏။ တည်ငြိမ်လှသော အေးငြိမ်းပင်လျှင် သတင်းစာ အဖတ်ရပ်သွားပြီး ရပ်ကွက်လူကြီးများကို အံ့ကဲခတ်သလို လှမ်းကြည့်၏။ ဦးလင်းခေါင်က

''ဘာလဲဗျ။ သားရေးသမီးရေးကိစ္စများလား''

''အာ…အဲဒီလို အာဝါဟ အာဝါဟ် ကိစ္စ မဟုတ်ပါဘူး''

www.burmeseclassic.com



ထုံးစံအတိုင်း အတွင်းရေးမှူးက ပြင်ပေးရပြန်သည်။

"အာဝါဟ ဝိဝါဟပါဗျ"

"အင်း...သူပြောတဲ့အတိုင်းပေါ့ ဦးလင်းခေါင်ရယ်။ အဲဒီလို ကိစ္စမျိုး မဟုတ်ပါဘူး"

ဒေါ်ဝါဝါဦးက မျက်စိပြန်မှိတ်ပြီး ပုတီးကို ဆက်စိပ်သည်။ ငြိမ်းအေးက သတင်းစာ ဆက်ဖတ်သည်။ အမြွှာနှစ်ကောင်ကသာ နည်းနည်းစိတ်ပျက်သွားသည်။ သူတို့က မိန်းမလိုချင်နေခြင်းမျိုး မဟုတ်။ အေးငြိမ်းကို မိန်းမပေးစားနေချင်ခြင်း ဖြစ်သည်။ တူလေးဖြစ်ဖြစ်၊ တူမလေးဖြစ်ဖြစ် သူတို့က ချီချင်လှပြီ။

"ဒါဖြင့်..."

ဦးလင်းခေါင်က စကားထောက်ပေးလိုက်၏။ သို့သော် ဥက္ကဋ္ဌ၏ အာရုံက အတွင်းရေးမှူးဆီ ရောက်နေသည်။

"အဲဒီစကားက ဘာအဓိပ္ပာယ်လဲဗျ အတွင်းရေးမှူး"

"ဘာတုန်း"

"ခုနက စကားလေ...။ အာဝါဟ ဟို...ဘာလဲ"

"အဲဒါ အာဝါဟ ဝိဝါဟလေ"

"အေးလေ...ဘာအဓိပ္ပာယ်လဲလို့"

"အဲ...သိဘူး။ မင်္ဂလာဆောင်တာကို ပြောတာပဲ။ ဘာလဲဆိုတာကို အတိအကျတော့ ကျွန်တော်လည်း မသိဘူး။ ကြားဖူးတာဖြင့် ကြာလှပြီ"

သူတို့၏ ထိုစကားလုံး တူးဖော်ချက်ထဲကို ဦးလင်းခေါင် ဝင်မပါချေ။ အဘယ်ကြောင့်ဆိုသော် သူလည်း ဒေါ်ဝါဝါဦးနှင့် အာဝါဟ ဝိဝါဟခဲ့တာ ကြာပြီဖြစ်သောကြောင့် ထိုစကားလုံး၏ အဓိပ္ပါယ်ကို မေ့နေပြီ။ သူ့ဘက်ကို မြားဦးလှည့်လာမှာပင် စိုးနေသည်။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အတော်နှင့် ဆွေးနွေးမှု မပြီးပြတ်ကြ။

"အေးလေဗျာ...။ ကျုပ်တို့က မင်္ဂလာသြဘာစာရွတ်တဲ့သူမှ မဟုတ်တာ။ ဘယ်သိမလဲနော်"

"ဒါပေါ့ဗျာ..."





သတင်းစာဖတ်ပြီးသွားသော အေးငြိမ်းက...

"အဲဒါ လောကီမင်္ဂလာ(၁၃)ပါးထဲက စကားလုံးတွေပါ။ အာဝါဟမင်္ဂလာဆိုတာက သတို့သမီးကို သတို့သားဆီ ပို့တာ။ ဝိဝါဟမင်္ဂလာဆိုတာက သတို့သားကို သတို့သမီးဆီ ပို့တာ။ အဲဒီမင်္ဂလာနှစ်ပါးကို ပေါင်းပြီး အာဝါဟဝိဝါဟလို့ မင်္ဂလာဆောင်ထိမ်းမြားပွဲတွေမှာ ပြောဆိုကြတာပါ"

ရဲရင့်က...

"ဟော...သြဘာစာဖတ်တဲ့လူကို တွေ့ပြီ"

သတ္တိက...

"ငါတို့အစ်ကို လူပျိုကြီးက ဒါတော့ သိသားပဲ"

ဦးလင်းခေါင်၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ဘာမှလည်း မဟုတ်ဘဲ တဟဲဟဲ ရယ်နေကြသည်။ အေးငြိမ်းက ယဉ်ကျေးသိမ်မွေ့သော အမူအရာဖြင့် သူ့အခန်းထဲ သူဝင်သွားသည်။

ဦးလင်းခေါင်က ဥက္ကဋ္ဌကို...

"ကဲ...ဆိုကြစမ်းပါဦး။ လာရင်းကိစ္စကို"

"သြော်...ဟုတ်သားပဲ။ စကားလမ်းကြောင်းတွေက ပြောင်းကုန်တယ်။ ဒီလိုပါဗျာ...။ ခုဟာက သင်္ကြန်ခါမယ ရောက်တော့မယ် မဟုတ်လားဗျ။ အဲဒါ ရေကစားတဲ့ ဟို...ရေကစားတဲ့..."

မဏ္ဍပ်ကို ပြောရန်ဖြစ်သော်လည်း ဥက္ကဋ္ဌက သူ့အကြောင်းသူသိသဖြင့် ပြောမထွက်ဘဲ ထစ်နေသည်။ အတွင်းရေးမှူးက ထုံးစံအတိုင်း ဝင်ပြောပေးရင်း...

"ရေကစားမဏ္ဍပ် ဆောက်ချင်တာဗျာ"

"သြော်...အဲဒီအတွက် အလှူငွေလား"

"အဲဒါက နောက်ကိစ္စတွေပါ။ လောလောဆယ် အဲဒီလို အလှူငွေတွေ လိုက်ကောက်ဖို့တို့၊ မဏ္ဍပ်ဆောက်တဲ့အခါ လုပ်အားပေးဖို့တို့ ကိစ္စတွေအတွက် သတ္တိနဲ့ ရဲရင့်ကို ခေါ်ချင်လို့ပါ"

"သြော်...ဒီကောင်နှစ်ကောင်ကို လုပ်အားပေးစေချင်တာလား"

"ရပါတယ်"ဟု ပြောမည်ပြုပြီးမှ ဦးလင်းခေါင် တွေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သကြဲန် ဆိုသည်ကို...။

အတွင်းရေးမှူးက ကပျာကယာ ဝင်ပြောသည်။

"လုပ်အားပေးဆိုပေမဲ့ သူတို့နှစ်ယောက်တည်း လုပ်ရမှာမျိုး မဟုတ်ပါဘူး။ ရပ်ကွက်ထဲက တခြားလူငယ်တွေလည်း ပါပါတယ်။ တပျော်တပါး လုပ်ကြရမှာပါ"

"မဟုတ်ဘူး...။ အဲဒါက အကြောင်းမဟုတ်ဘူး။ ကျွန်တော် ဒီကောင်တွေကို သကြဲန်မထွက်ဖို့ တားထားတယ်"

"ဗျာ..."

"သကြဲန်မထွက်ဖို့ပါ။ အင်း...ဟုတ်တယ်။ သကြဲန်မှာ အပြင်ကို မထွက်ဖို့"

"ဘာဖြစ်လို့လဲဗျ"

"မနှစ်က ရန်ဖြစ်ကြတယ်လေဗျာ..."

"ဪ...ဟုတ်သားပဲ။ အဲဒီလိုကျတော့လည်း"

ရဲရင့်က ဝင်ပြော၏။

"ဒါက ဒီလိုရှိပါတယ် ဦးတို့ရယ်"

"ပြောစမ်းပါဦး မင်းတို့ ဒသနကို"

"ဒဿနပါ ဥက္ကဋ္ဌရဲ့"

"အေးအေး...။ သူပြောတဲ့ အတိုင်းပဲပေါ့ဗျာ။ မင်းစကားကို ဆက်ပါဦး"

"ဒဿနရယ် မဟုတ်ပါဘူး။ အဖြစ်အပျက်ကလေးတစ်ခုကို ပြောမလို့ပါ"

"ဒီလိုလေ ဦးတို့ရဲ့...။ ဖေဖေက ကျွန်တော်တို့ကို..."

ထိုအချိန်မှာပဲ ဖုန်းမြည်သံ ထွက်လာသည်။ ဦးလင်းခေါင်က တိုင်ကပ်နာရီကို တစ်ချက်လှမ်းကြည့်ပြီး...

"အာ...ကျွန်တော့်ဖုန်းဗျ"

ထိုင်ရာမှထကာ ဖုန်းဆီ သွား၏။ အလုပ်ကိစ္စတွေ ဖြစ်သည်။ အတော်နှင့် ပြော၍ မပြီး။ ထိုအချိန်မှာ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ္တိနှင့် ရဲရင့်က တီးတိုးတီးတိုးနှင့် အရေးတကြီးနှင့် စကားဆိုနေကြ၏။





သတ္တိက...

"အဲဒါ ဦးတို့က ဖေဖေ့ကို အရေးယူပေးပါ။ မတရားညှင်းပန်း ချုပ်ချယ်မှုနဲ့"

"ဟော..."

ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ရယ်မိကြသည်။ (မှတ်ချက်။ ဥက္ကဋ္ဌက ရယ်လျှင်တော့ ပီသည်)

"ကဲ...ကဲ ထားပါတော့။ ဘယ်လို အရေးယူပေးရမှာလဲ။ ဘကယ့်ကောင်ကွာ"

ရဲရင့်က...

"ဖေဖေ့ကို သကြဲန် ထွက်လည်ခိုင်းပါ"

"ဟော...ဒီအရွယ်ကြီးကို"

"ဟုတ်ကဲ့၊ ပါတိတ်အင်္ကျီဝတ်ပြီး သောင်းဘီတိုကြီးနဲ့ ခေါင်းစည်း တွေ ဘာတွေစည်းပြီး နားကပ်တစ်ဖက်လည်း တပ်ရမယ်။ ခုန်ပေါက် ပြီးလည်း ကရမယ်"

ရယ်ကြပြန်သည်။ မျက်စိထဲမှာ မြင်ယောင်ကြည့်ကြပြီး အရယ် က အတော်ရပ်မရကြ။ ပြီးမှ...

"ကဲပါကွာ...။ ငါတို့ ညှိပေးပါ့မယ်၊ အရေးတော့ မယူပါစေနဲ့"

ဦးလင်းခေါင် ဖုန်းပြောပြီး၍ ခုံမှာ ပြန်လာထိုင်သောအခါ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က အမြွှာနှစ်ကောင်ကို သကြဲန်ထွက်လည်ခွင့်ပြုရန် ပွဲ့ပွဲ့နွဲ့နွဲ့ မေတ္တာရပ်ခံပေးကြ၏။

"ဦးလင်းခေါင်ရယ်...။ ကဲပါ...ကလေးတွေရဲ့ စိန်ဒကို"

"ဆန္ဒပါ...ဥက္ကဋ္ဌရဲ့"

"အင်း...အင်း။ သူပြောတဲ့ အတိုင်းပါပဲ ဦးလင်းခေါင်ရယ် သိုက်လျှောလိုက်ပါ"

"ဒီနှစ်ကောင်ကို ကျွန်တော် တာဝန်မယူနိုင်ဘူးဗျ"

"ဟုတ်ကဲ့။ ကျွန်တော်တို့လည်း တာဝန်မယူနိုင်ပါဘူး"

"ဟင်...ဒါနဲ့များ"

"ဒါက ဒီလိုရှိပါတယ်ဗျာ...။ သူတို့လည်း အရွယ်ရောက်ပြီ[illegible]

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေပဲ၊ ဘွဲ့လည်း ရပြီးကြပြီ၊ သူတို့တာဝန်ကို သူတို့ ယူကြပါလိမ့်မယ်''

''သေချာပါ့မလားဗျာ''

''ဪ...သူတို့လည်း မိကောင်းဖခင် သားသမီးတွေပဲ ဦးလင်းခေါင်ရယ်''

ဦးလင်းခေါင်၏ မျက်နှာက ပြုံးသွားသည်။

''အင်း...အဲဒါတော့ ဟုတ်တယ်ဗျ''

''ဒါဖြင့်ရင်လည်း ဦးလင်းခေါင်ရယ်...၊ သူတို့ကို ရောစားခွင့်ပြုလိုက်ပါ''

ဦးလင်းခေါင် သက်ပြင်းတစ်ချက် ချ၏။

''အင်းလေ...ခင်ဗျားတို့က ဒီလောက်တောင်းဆိုနေတော့လည်း''

''ဟေး...''

ဦးလင်းခေါင်၏ စကားပင် မဆုံးလိုက်၊ အမြွာနှစ်ကောင် ထခုန်ကြတော့၏။

◆





အခန်း (၇)

ထိုအချိန်တွင် ပွင့်ဦးခမျာလည်း ပြဿနာ တက်နေသည်။ သူ့မခြားနားပြဿနာပဲ ဖြစ်ပါသည်။ လိုရင်းက သကြန်မှာ ပွင့်ဦး ဘွက်မလည်ရေး။ အစက အကောင်းကြီး။ နောက်မှသာ ပြဿနာက မျက်နှာထားကြီးနှင့် ဝင်ရောက်လာခြင်းဖြစ်သည်။ ထိုပြဿနာကို ဖခင်ဖြစ်သူ ဦးလတ်တင်ရွှေက ထုတ်လုပ်သည်။

ညှိခန်းထဲတွင် သူမတို့မိသားစု စကားထိုင်ပြောနေကြသည်။ ပွင့်ဦးက တစ်ဦးတည်းသော သမီးဖြစ်သည်။ မိဘ၏ အလိုလိုက်မှုကို အစဉ်တစ်လျှောက် ခံယူခဲ့ရသူလည်း ဖြစ်သည်။ ဖခင်ဖြစ်သူက မိုးကုတ်မှ ကျောက်အောင်မြင်ပြီးနောက် ရန်ကုန်စီးပွားရေးလောကမှာ လာရောက်အခြေချနေသူဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်စောလဲ့ဦးကတော့ မှိန်နီ။

ထိုမှိန်နီဆိုသော စကားကလည်း အတော်ခွကျပြန်သည်။ ကိုယ်ကတော့ ဘာမှမလုပ်ဘဲ ထိုင်ပဲ (မထစတမ်း) စားနေသလိုလို၊ သူမခမျာလည်း အိမ်ရှင်မတစ်ယောက်အနေနှင့် တစ်နေ့တစ်နေ့ နားရသည်မရှိပါ။ ယောက်ျားလုပ်စာကိုပဲ မှိန်နေသလိုလို၊ နီနေသလိုလို။ မှိန်လျှင် နီ၍မရပါ။ နီလျှင် မှိန်၍ မရပါ။

မှိန်လည်းမှိန်၊ နီလည်းနီသည်ဆိုလျှင် အိမ်ရှင်မက နေ့[illegible]ကောင်းမရှိပါဘဲ လင်ယောက်ျား၏ ပတ်ပတ်လည်မှာ [illegible]

www.burmeseclassic.com



ရောက် ရောက်သည့်သဘော ဖြစ်နေသည်။ မကောင်းသော စကားလုံး ဖြစ်နေတော့သည်။

ပွင့်ဦးက ဖေကြီးကို ပြောသည်။

''မိုက်ကယ်ဂျက်ဆင်ရဲ့ ညီမ ဂျက်နက်ဂျက်ဆင်ကလည်း အရမ်း နာမည်ကြီးတာ ဖေကြီးရဲ့''

သူမ၏ အမေက ဘာမှ နားမလည်။ မိဘနှစ်ပါးလုံးက ရှေးဆန် သည်။ ငွေကြေးပြည့်စုံသော်လည်း ခေတ်အမြင်ပြည့်စုံမှုမှာ အားနည်း သည်။ လူငယ်တွေကိုလည်း မျက်ခြေပြတ်သည်။ ပွင့်ဦးက သားချင်း မောင်နှမလည်း မရှိသောကြောင့် အဖေအမေကိုပဲ သူငယ်ချင်းလို စကား ပြောနေမိတတ်သည်။

''သူတို့က ဘယ်သူ့သားသမီးတွေလဲ သမီးရဲ့''

ပွင့်ဦး စိတ်ပျက်သွားသည်။

''ဟာ...ဖေကြီးကလည်း။ သူတို့က ကမ္ဘာကျော်အဆိုတော်တွေ လေ။ ဂျနီဖာလိုပက်ဇ်ကိုရော ဖေကြီး သိလား''

''သူက ဘာကို လိုလို့ ပတ်နေတာလဲ''

''ဟာ...တော်ပြီ တော်ပြီ ဖေကြီးနဲ့ မပြောတော့ဘူး။ မေကြီးနဲ့ပဲ ပြောတော့မယ်။ ဒိုင်ယာနာရဲ့ ဝတ်စုံတွေကို ထုတ်ရောင်းပေးနေပြီတဲ့။ သိလား''

''ဟုတ်လား...။ သိမ်ကြီးဈေးမှာလား''

ပွင့်ဦးက ပို၍ပင် စိတ်ပျက်သွားသည်။

''မဟုတ်ဘူး။ ကျောက်ရေတွင်း ဈေးမှာတဲ့''

အမေကလည်း ငေါ့ပြော၍ ပြောမှန်းမသိ။

''သမီးက သွားဝယ်ချင်လို့လား...။ အသစ်ဝယ်ဝတ်ပါ သမီး ရယ်။ သမီး ဝတ်စုံအဟောင်းကြီးကို ဘာလို့ ဝယ်ဝတ်ချင်ရတာလဲ''

ပွင့်ဦး သက်ပြင်းကိုသာ ချနေမိတော့သည်။ အိမ်ဖော်မလေး အေးရိုက သူ့အနား ရောက်လာတာကိုပဲ ဖိမဲလိုက်မိသည်။ ရှုံ့မဲ မဲသည် မျိုးလည်း မဟုတ်။ မရှုံ့ဘဲ မဲရခြင်းဖြစ်သည်။

''နင်က ငါ့အနားကို ဘာလာလုပ်တာတုန်း''



''သန့်ရှင်းရေးလုပ်မလို့လေ မမလေးရဲ့။ နှစ်ပဲ ကူးတော့မယ်''

ပွင့်ဦးက ထိုအခါကျမှ သတိရသွားဟန်ဖြင့်...

''ဟာ...ဟုတ်ပါရဲ့။ ဖေကြီးနဲ့ မေကြီးရယ်၊ သင်္ကြန်တောင် ကပ်နေပြီ''

ဦးလတ်တင်ရွှေက...

''ဒါတော့ သမီးပြောမှလား။ သင်္ကြန်သီချင်းသံတွေကို ဟိုနေရာ ဒီနေရာမှာ ကြားရလွန်းလို့ ဖေကြီးဖြင့် နားကြားပြင်းတောင် ကပ်နေပြီ''

''ဖေကြီးကမှ သင်္ကြန်ကို မခံစားတတ်တာ''

''သင်္ကြန်ဆိုတာ ခံစားစရာမဟုတ်ပါဘူး သမီးရယ်၊ နားလည် ရောပါ''

''ဟင်...ဘာကို နားလည်ရမှာလဲ''

''ဟဲ့...သင်္ကြန်ဆိုတာ နှစ်ကူးအခါသမယလေ။ လူသစ်စိတ်သစ် ကူးပြောင်းဖို့၊ နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောဖို့''

ထိုစကားကို ပွင့်ဦးက ဘဝင်မကျချေ။

''အဲဒါဆိုရင် လူတွေက နှစ်တိုင်း အညစ်အကြေးတွေ ဆေး ကြောနေရတာပေါ့။ တစ်နှစ်မှ မကောင်းကြ၊ မသန့်စင်ကြတော့ဘူးပေါ့''

မိခင်ဖြစ်သူ ဒေါ်စောလှဲ့ဦးက ဝင်ပြောသည်။

''ဒီလိုတော့ မဟုတ်ဘူးပေါ့ သမီးရယ်...။ ပုထုဇဉ်လူသားတွေ ဆိုတာ အမှားနဲ့ မကင်းကြဘူးပေါ့။ မကောင်းတာကို ကောင်းအောင်၊ ကောင်းတာကို ပိုပြီးကောင်းအောင် ပြုပြင်ကြရတာပေါ့''

''ဟုတ်ပြီ...။ အဲဒါဆိုရင် သမီးကလည်း ဒီသင်္ကြန်မှာ သင်္ကြန် ရေနဲ့ ကိုယ့်ရဲ့ နှစ်ဟောင်းက အညစ်အကြေးတွေကို ထွက်ဆေးကြောမယ် နော်''

''ကောင်းတာပေါ့ သမီးရဲ့''

ဦးလတ်တင်ရွှေက မျက်လုံးမျက်ဆန်ပြူးသွားပြီး ဇနီးဖြစ်သူကို

''ဟဲ့...မစော''

''ရှင်...''

''နင် သမီးကို ဘယ်လိုပြောလိုက်တာလဲ။ အမြိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



နဲ့သာ ဆေးကြောဖို့ကို ပြောလေ…။ ရေခဲရေတွေ၊ ဖွက်ရေတွေနဲ့ ဆေးကြောဖို့ ဘယ်ရမလဲ''

စကားအဆုံးမှာ ဒေါ်စောလှဲ့ဦးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ ဒေါ်စောလှဲ့ဦးကလည်း သဘောပေါက်သွား၏၊ ခေါင်းတဆတ်ဆတ်ညိတ်နေပြီးမှ…

''နင့်ဖေကြီး ပြောတာကတော့ အကောင်းဆုံးပေါ့ သမီးရယ်။ တို့တစ်မိသားစုလုံး သင်္ကြန်ရက်တွေမှာ ဥပုသ်စောင့်ပြီး တရားရေနဲ့ ဆေးကြောကြမယ်နော်''

ပွင့်ဦးက နှုတ်ခမ်းစူသွားပြီး မကျေမနပ်နှင့်…

''သိပါတယ်…။ ဖေကြီးတို့ သမီးကို လူလည်ကျတာပါ''

ဒေါ်စောလှဲ့ဦးက…

''ဟဲ့…အဖေ့ကို ဒီလိုပြောရသလား''

''သမီးက ကလေးပဲဟာ…။ သမီးကို ရေထွက်ကစားခွင့် ပြုမှပေါ့''

''သမီးက ၃ ကြီးလာပြီ။ ကလေးမဟုတ်တော့ဘူး''

''မကြီးသေးပါဘူး''

''ကြီးလာပြီ''

''ဘာကြီးလာလဲ''

''ဟဲ့…ကြီးလာပါပြီဆို''

''အင်းလေ…ဘာကြီးလာလို့လဲ''

ဒေါ်စောလှဲ့ဦးက ဆက်မပြောတတ်အောင် ဖြစ်သွားသည်။ အိုးတိုးအမ်းတမ်း ဖြစ်သွား၏။ ဦးလတ်တင်ရွှေက ဝင်ပြောသည်။

''သမီး သင်္ကြန်ကို ခံစားချင်ရင် ၃ ကြားနေရတဲ့ သံချပ်တွေကို နားထောင်။ ဘေးတိုက်က ဖွင့်နေပြီ''

ပွင့်ဦး ငိုချင်စိတ် ပေါက်သွားသည်။

''အဲဒါ သံချပ်ခွေမဟုတ်ပါဘူး ဖေကြီးရယ်…။ ရပ်ပ် သီချင်းခွေ ပါ''

''ရပ်ပ်…။ ဘာကို လျက်တာလဲ''





ဒီတစ်ခါ ဘာဆက်ပြောရမည်မှန်းမသိဖြစ်သွားသူက ပွင့်ဦး။ အိုးတိုးအမ်းတမ်းဖြစ်သွားရသူက ပွင့်ဦး။ ခုနက ကတည်းက ဘေးမှတ်ထားပုံရသော ဒေါ်စောလှဲ့ဦးက ထိုအခွင့်အရေးကို အမိအရယူကာ…

''ကဲ…မိပွင့်၊ သင်္ကြန်မှာ ထွက်မလည်ရဘူး။ ဒါပဲ…။ စကားရှည်မနေနဲ့။ တစ်မိသားစုလုံး သင်္ကြန်မှာ ဥပုသ်စောင့်မယ်။ ဒါ… တစ်ချက်လွှတ် စကားပဲ''

ထိုသို့ပြောပြီး ထိုင်ရာမှ ထကာ ဦးလတ်တင်ရွှေကို မျက်ရိပ်ပြသည်။ သူမကိုယ်တိုင်က မီးဖိုခန်းထဲ ဝင်သွားလိုက်သည်။ ဦးလတ်တင်ရွှေကလည်း ခြံထဲ ဆင်းသွားသည်။ ပွင့်ဦးတစ်ယောက်တည်း စူပုတ်နေသော မျက်နှာနှင့် ကျန်ရစ်ခဲ့သည်။

ပါးစပ်ကလည်း ပွစိပွစိ ရေရွတ်နေမိသည်။

''ဖေကြီးနှင့် မေကြီးဟာ အတော်ခက်တာပဲ၊ အရမ်းခွကျတယ်။ နာမည်တွေကိုက မော်တော်ဘုတ်နာမည်တွေနဲ့''

◆

www.burmeseclassic.com

## အခန်း [၈]

သတ္တိ အတော်စိတ်မောလူမော ဖြစ်နေလေသည်။ ကိုယ့်အစ်ကိုကြီး အရင်းခေါက်ခေါက်ကို ကိုယ့်အိမ်မှာကိုယ် အကြာကြီး စောင့်နေရသည်။ အေးငြိမ်းက ဘယ်မှ သွားသည် မဟုတ်ပါ။ ဖုန်းပြောနေခြင်း ဖြစ်ပါသည်။ သို့သော် မပြီးနိုင်လှ။ သတ္တိမှာကဖြင့် စောင့်ရတာ ကြာလှပြီ။

အမှန်တော့ အေးငြိမ်းက စကားနည်းသည်။ သို့သော် သူ့ဆီ ဖုန်းဆက်သူတွေက စကားရှည်ကြသည်။ သူတို့ သိလိုသော ဂမ္ဘီရကိစ္စများကို မေးမြန်းကြ၊ ဆွေးနွေးကြ၊ အကြံတောင်းကြဖြင့် တန်တလျား စကားပြောကြသည်။ နောက်ထပ် တယ်လီဖုန်းလိုင်းတစ်လိုင်း ထပ်တပ်လျှင် ရသော်လည်း ဦးလင်းခေါင်ကကို မလိုလားခြင်းဖြစ်သည်။

ကုမ္ပဏီမှာလည်း တယ်လီဖုန်းသုံးလုံးရှိပြီး တစ်ချိန်လုံး ဖုန်းပြောနေရသဖြင့် ငြီးငွေ့နေပြီ။ အိမ်မှာ ဖုန်းတစ်လုံးပဲ ထားပေးသည်။ ထိုဖုန်းကလည်း အဓိကအားဖြင့် အေးငြိမ်း သုံးရန်ဖြစ်သည်။

''ကဲ…ဒါဖြင့် ဒါပဲနော်''

''……''

''ဟုတ်ကဲ့…။ ကျွန်တော် ဖုန်းချလိုက်တော့မယ်''

''……''





''စိတ်ချပါ…။ ခေါင်းထဲ ထည့်ထားပါ့မယ်''

''……''

''ဟုတ်ကဲ့…ဟုတ်ကဲ့။ ရပါတယ်''

''……''

''ဒါပဲနော်…။ ကျွန်တော် ဖုန်းချလိုက်ပြီ''

ဖုန်းချမည့်အရေးကိုပင် အတော်ပြောပြီး အတင်းလုပ်ယူရသည်။ အမှန်တကယ်လည်း ဖုန်းချလိုက်ပါသည်။ သတ္တိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သို့သော် အေးငြိမ်းက…

''ဟူး''

လေပူတစ်ချက်မှုတ်ထုတ်ပြီး ဆက်တီမှာ ခြေပစ်လက်ပစ်ဝင်ထိုင်သည်ကို တွေ့ရသဖြင့် သူ့ဘက်က စကားမစရဲသေး။ တစ်ဖက်လူနှင့် ဖုန်းပြောရသည်ကိုပင် အတော်ပင်ပန်းသွားပုံရသည်။ လမ်းသရဲမဟုတ်သော်လည်း အေးငြိမ်းက ဆံပင်အရှည်ကြီးဖြစ်သည်။ ကျောလည်လောက်အထိ ရောက်သည်။ မျက်မှန်တပ်လေ့ ရှိသော်လည်း မျက်မှန်အောက်မှ မျက်လုံးများက စူးရှတောက်ပြောင်သည်။ သူ့စတိုင်နှင့်သူတော့ အတော်ကြည့်ကောင်းသူဖြစ်သည်။

အတော်ကြာမှ အေးငြိမ်းက သတ္တိဘက်သို့လှည့်ပြီး…

''ကဲ…သတ္တိ''

''ခင်ဗျာ…''

''မင်း ငါ့ကို ဘာပြောမလို့လဲ''

''ဟဲ…ဟဲ…အစ်ကိုကြီးက သိနေတာကိုး''

''ဘာလဲ…။ အိပ်မက် ထပ်မက်ပြန်ပြီလား''

''ဟုတ်ကဲ့။ ဟဲ…ဟဲ…အစ်ကိုကြီးက အကြားအမြင်ပါ ရနေဘာကိုး''

''သွားစမ်းပါကွာ…။ မင်းတို့အားလုံး ဝိုင်းလုပ်တာနဲ့ ငါလည်း ကြာရင် ဘိုးတော်ဖြစ်တော့မယ်''

''ထွက်ရပ် ပေါက်သွားပြီးရင်လည်း ကျွန်တော်တို့ကို နည်းနည်း မေ့ဦးနော် အစ်ကိုကြီး''

www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ ပြောမနေနဲ့ကွာ...။ မင်းကိစ္စကို လိုရင်းပြော..."

သတ္တိက မျက်နှာပိုးသပ်လိုက်ပြီး...

"ဒီလို...အစ်ကိုကြီးရဲ့"

"အင်း"

"အစကတော့ သကြန်ကို အိပ်မက်မက်တာ"

"အဲဒါဆိုရင် ဆက်မပြောနဲ့တော့။ မင်းဘာသာ စိတ်ထွေပြီး မက်တဲ့ အိပ်မက်၊ နိမိတ်ဖတ်စရာ မလိုဘူး"

သတ္တိက ခြေကားကား လက်ကာကာနှင့်...

"နေ...နေပါဦး အစ်ကိုကြီးရယ်။ ကျွန်တော် ပြောတာကို ဆုံးအောင် နားထောင်ပါဦး။ နောက်ပိုင်းမှာ အရမ်းထူးခြားတာတွေကို မက်လိုက်လို့ပါ"

"ကဲ...ကဲ...ပြော"

"ချောင်းသာလိုမျိုး ကမ်းခြေနေရာကို ရောက်နေတာ အစ်ကိုကြီးရဲ့။ အဲဒီမှာ ကျွန်တော်တို့အရွယ် ကောင်လေးတွေ ကောင်မလေးတွေ ရောက်စားနေကြတယ်၊ ကျွန်တော်နဲ့သိတဲ့သူတော့ တစ်ယောက်မှ မပါဘူး။ ဒါပေမဲ့ ကျွန်တော်လည်း ဝင်ကစားတယ်။ ပျော်စရာကြီး"

"အင်း..."

"အဲဒီလိုညကျတော့ ဘန်ဂလိုတစ်ခုမှာ ကျွန်တော် ဝင်အိပ်ရော...။ ဒါပေမဲ့ အိပ်မပျော်ဘူး"

"အင်း..."

"အဲဒီလိုနဲ့ ညသန်းခေါင်ကျော်အချိန်လောက်မှာ မိန်းကလေး တစ်ယောက်ရဲ့ ငိုရှိုက်သံသဲ့သဲ့ကို ကြားရတယ်"

"အင်း..."

"ကျွန်တော် ထကြည့်တယ်၊ ငိုသံက ကမ်းခြေဘက်ကလာတာ"

"အင်း..."

"နောက်တော့ ကျွန်တော့်ကို ကျောပေးထိုင်တဲ့ မိန်းကလေး တစ်ယောက်ကို တွေ့တယ်။ သူ ငိုနေတာ၊ အဲဒါနဲ့ ကျွန်တော်က သူ ရေထဲခုန်ချမှာတို့၊ ဘာတို့ စိုးလို့ ပခုံးကို သွားတို့လိုက်တယ်။ စကားပြော





လို့"

"အင်း..."

"အဲဒီတော့ သူက လှည့်ကြည့်တယ်"

"အင်း..."

"ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားတဲ့အချိန်မှာ သူက အရိုးစုကြီး ဖြစ်နေတယ်"

"အဲဒီတော့..."

"ကျွန်တော် လန့်ပြီး ထအော်တာပေါ့။ အဲဒီမှာပဲ အိပ်မက်က ဆုံးပြီး ကျွန်တော် လန့်နိုးသွားတယ်"

"အင်း..."

"အဲဒါ ဘာဖြစ်တာလဲ...။ အိပ်မက်ထဲမှာ သရဲခြောက်ခံရတာ လား"

"မဟုတ်ပါဘူး"

"ဒါဖြင့်..."

"အိပ်မက်ထဲမှာ အရိုးစုကို မြင်ရတယ်လို့ပဲ သဘောယူရမယ်"

"ဟို...နိမိတ်အဓိပ္ပာယ်ကို ပြောပြပါဦး အစ်ကိုကြီး"

အေးငြိမ်းက မျက်မှန်ကို ချွတ်လိုက်၊ ပြန်တပ်လိုက် လုပ်နေသည်။ အတော်ကြာသည်အထိ ဘာမှ မပြော။ အရေးတကြီး စိတ်ဝင်စားဟန်ကိုလည်း မပြ။ ထိုင်ရာမှ ထရပ်သည်။ သူ့အခန်းထဲ ပြန်ဝင်ရန် ပြင်ပြီးမှ...

"ကောင်းတဲ့ အတိတ်နိမိတ်တော့ မဟုတ်ဘူး"

သတ္တိ လန့်သွားသည်။

"ဗျာ..."

"ဒါပေမဲ့ အရမ်းအဆိုးကြီးတော့ မဟုတ်ပါဘူး"

"ဟုတ်ကဲ့"

"ငိုယိုပြီး အကူအညီလာတောင်းတဲ့သူနဲ့ ကြုံမယ်"

"ဒီ...ဒီနေ့လား အစ်ကိုကြီး"

"ဒီနေ့တော့ မဟုတ်ဘူး။ မနက်ဖြန်"

ကြာပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



''ဟင်...မနက်ဖြန်ဆိုတော့ သကြံန်အကြိုနေ့ပေါ့''

''အင်း''

''ဟာဗျာ...။ ကျက်သရေ မရှိလိုက်တာ''

''ကူညီလိုက်ပေါ့ကွာ...။ ကုသိုလ်ရတာပေါ့''

''ဒါပေမဲ့...''

သတ္တိက သူ့စကားကို ဆုံးအောင်ဆက်မပြောလိုက်ရ၊ အေးငြိမ်းက လှည့်ထွက်သွားသောကြောင့်ဖြစ်သည်။ ဆန့်ကျင်ဖက်အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်သွားသည်ဟုလည်း ဆိုနိုင်သည်။ သတ္တိရှေ့က လှည့်ထွက်ပြီး သူ့အခန်းထဲကို လှည့်ဝင်ခြင်းဖြစ်သည်။

သတ္တိ ချာလည်လည်ပြီး ကျန်ရစ်ခဲ့သည်။

''အစ်ကိုကြီး...အစ်ကိုကြီး နေပါဦးဗျ''

မနေချင်၍ ထွက်သွားပြီဖြစ်သောကြောင့် ခေါ်မရတော့ပါ။

''ဘယ်လိုလုပ်ရပါ့''

သတ္တိ ခေါင်းကုတ်ပြီး ကျန်ရစ်ခဲ့သည်။

◆



အခန်း [၉]

သကြံန်အကြိုနေ့ကို ဘယ်သူက ဂုတ်ကဆွဲပြီး ရွှေ့လာသည်မသိ။ သတ္တိရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေပြီ။

ဦးလင်းခေါင်က ကမ္ဘာ့ဘီမှ အနားရသော ရက်များဖြစ်၍ တီဗွီထိုင်ကြည့်နေသည်။ ဒေါ်ဝါဝါဦးကတော့ ထုံးစံအတိုင်း နံဘေးခုံမှာ ပုတီးကလေးကိုင်လျက် ထိုင်နေသည်။ ဧည့်ခန်းထဲသို့ ရဲရင့် ဝင်ရောက်လာသည်။ တွေ့ရတာ ရိုးနေ၍ ထင်၏။ ဘယ်သူကမှ အရေးတယူမရှိ။ သူ့ကိုလည်း သေသေချာချာ မကြည့်။

ရဲရင့်က အဖေနှင့် အမေကို အကဲခတ်သည်။ ပြီး အိမ်အပြင်ကို လှမ်းကြည့်၏။ ရေမပက်ရသည့် သကြံန်အကြိုနေ့ဖြစ်သော်လည်း ကလေးအချို့ကတော့ လမ်းပေါ်မှာ ပျော်ရွှင်စွာ ရေပက်ကစားနေကြသည်။ ရဲရင့် သဘောကျစွာ ကြည့်ရှုနေမိ၏။ ထို့နောက်...

''ဖေဖေ''

ဦးလင်းခေါင်က တီဗွီကို ကြည့်မြဲကြည့်နေရင်း...

''ဘာတုန်း''

''ကျွန်တော် အပြင်သွားလိုက်ဦးမယ်''

''ဘယ်ကိုတုန်း''

''အပြင်ပါဆိုမှ ဖေဖေရယ်...။ အလကားသွားတာ မဟုတ်ပါဘူး

www.burmeseclassic.com



အလုပ်ကိစ္စလေးတွေ ရှိလို့ပါ"

"ဘာ..."

ဦးလင်းခေါင် တီဗွီဆက်မကြည့်နိုင်တော့။ ရဲရင့်ကို အံ့သြတကြီး ငေးကြည့်ပြီး...

"အလုပ်ကိစ္စ...။ ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာ အလုပ်ကိစ္စလဲ"

"ကျွန်တော်တို့ လုပ်အားပေးပြီး ဆောက်ထားတဲ့ မဏ္ဍပ်ကို တစ်ချက်သွားစစ်ဆေးရမယ်"

"မင်းက စစ်ဆေးမှာ...။ ဟုတ်လား"

ရဲရင့်က သွားဖြီကလေးနှင့်...

"ဒီလောက်တော့ ရှိမှာပေါ့ ဖေဖေရာ...။ ဖေဖေ့သားပဲဟာ"

"အေး...ထားပါတော့ ထားပါတော့။ အဲဒါပြီးရင် ဘယ်ဆက်သွားဦးမလဲ"

"အဲဒါပြီးရင် သူငယ်ချင်းတွေဆီ ဆက်သွားရမယ်။ ဖေဖေ သိပါတယ်။ ဟိုလေ...မောင်မိုးတို့ ခင်ဇော်တို့"

"ဘာသွားလုပ်မှာလဲ"

"ဩော်...သားတို့ သင်္ကြန်တွင်းထွက်လည်ဖို့ ကားစီစဉ်ထားတာလေ...။ အဲဒါကို သွားစစ်ဆေးရဦးမယ်"

"မင်းက စစ်ဆေးမှာ...။ ဟုတ်လား"

ရဲရင့်က သွားဖြီကလေးနှင့်...

"ဒီလောက်တော့ ရှိမှာပေါ့ ဖေဖေရာ...။ ဖေဖေ့သားပဲဟာ"

"အေးလေ...ထားပါတော့"

"ဒါဖြင့် သား သွားလိုက်ဦးမယ်နော်"

"ငါ ဘာသံကိုမှ မကြားနိုင်ဘူးနော်"

"စိတ်ချပါ ဖေဖေရဲ့။ အဲဒီမဏ္ဍပ် ပြိုမကျစေရပါဘူး"

"မဏ္ဍပ်ကို မဆိုလိုဘူး။ မင်းကို ဆိုလိုတာ"

"ဩော်...ဖေဖေ့သားပဲ ဖေဖေရာ"



"ဘာ...ကွ"

"မဟုတ်ပါဘူး။ ဘာသံမှ မကြားစေရဘူးလို့ ဆိုလိုတာပါ"

"သွား...သွား"

ရဲရင့် ပျော်ပြီး ထွက်သွား၏။

ဦးလင်းခေါင်ကလည်း တီဗွီဆက်မကြည့်လိုတော့သဖြင့် ပိတ်လိုက်သည်။ ဇနီးဖြစ်သူကို လှည့်ကြည့်တော့ ပုတီးစိပ်လျက်။ ဦးလင်းခေါင်က ပုတ်သင်ညိုလည်း မဟုတ်ပါဘဲ ခေါင်းတညိတ်ညိတ်လုပ်ကာ အခန်းတွင်း ဝင်သွားသည်။

ခဏကြာတော့ ဧည့်ခန်းသို့ ပြန်ထွက်လာသည်။ ဒေါ်ဝါဝါဦးကို ကြည့်သည်။ ဤတစ်ကြိမ်တွင်တော့ မော်ဒန်ပုတ်သင်ညိုဖြစ်သွားဟန်ရှိသည်။ ခေါင်းတခါခါ လုပ်သည်။ ပြန်ဝင်သွားပြန်သည်။ ပြန်ထွက်လာပြန်သည်။ ဝင်မလို ထွက်မလို ဖြစ်နေပြန်သည်။ မြန်မာဘောလုံးအသင်း၏ ဂိုးသွင်းချက်များကဲ့သို့ ဖြစ်နေသည်။

ဒေါ်ဝါဝါဦးက မျက်လုံးဖွင့်ကြည့်၏။

"ကိုလင်း ပုတီးစိပ်မလို့"

"စိတ်လေ..."

"မရဘူး"

"အာရုံတွေ ရှုပ်နေလို့လား"

"မဟုတ်ဘူး။ ပုတီးပျောက်နေလို့"

"ဩော်...တစ်နေရာရာမှာ ရှိမှာပေါ့ရှင်"

"ဒါတော့ မင်းပြောမှလားကွ။ ဘယ်မှာမှန်း မသိလို့ ရှာမတွေ့လို့ပေါ့"

ဒေါ်ဝါဝါဦး စိတ်ရှုပ်ထွေးသွားသည်။ သူလည်း ပုတီးစိပ်၍ မရတော့။ ကူရှာပေးရန် ထိုင်ရာမှ ထသည်။ ပါးစပ်မှလည်း ဗျစ်တောက်ဗျစ်တောက် ပြော၏။

"ရှင့်ပုတီးကြီးကဖြင့် အကြီးကြီး"

"ငါကလည်း အကြီးကြီးကိုးကွ" ဟု ဦးလင်းက ပြန်ပြော၏။

"အဲဒီပုတီးအကြီးကြီးကို ရှာမတွေ့တာ။ ငါထားနေကျ နေရာမှာ

www.burmeseclassic.com



မရှိတော့ဘူး''

ဒေါ်ဝါဝါဦး အိမ်တွင်း ဝင်သွားသည်။ ဦးလင်းခေါင်က လိုက်မသွား။ ဧည့်ခန်းမှာပဲ မတ်တပ်ရပ်ကျန်ခဲ့သည်။ အတန်ကြာတော့ ဒေါ်ဝါဝါဦး ပြန်ထွက်လာသည်။

''ကိုလင်း''

''မတွေ့ဘူး မဟုတ်လား''

''တွေ့တယ်''

''ဘယ်မှာလဲ''

''လာကြည့်ပါဦး''

ဦးလင်းခေါင် မျက်မှောင်ကြုတ်ပြီး လိုက်ဝင်သွားသည်။ ဒေါ်ဝါဝါဦး ဦးဆောင်ပြီး ခေါ်သွားသည်က သတ္တိ၏ အခန်းသို့ဖြစ်သည်။ အခန်းထဲမှာ သတ္တိ ရှိပါသည်။ သူ့ကိုကြည့်ပြီး လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

''ဘယ်လိုဖြစ်တာလဲ''

''မသိဘူးလေ...။ ဘယ်မှလည်း မသွားဘူး''

အခန်းထဲမှာ သတ္တိက ဦးလင်းခေါင်၏ ပုတီးကြီးကို ဟန်ကျပန်ကျ စိပ်နေသည်။ မျက်လုံးအစုံကိုမှိတ်ပြီး ပါးစပ်မှလည်း ဂါထာတစ်ခုကို မသဲမကွဲ ရွတ်နေသည်။

''တကယ်လုပ်တာဆိုတာဆိုရင်တော့ ကောင်းတယ်။ အရွဲ့ထတာဆိုရင်တော့ မကောင်းဘူး''

''ဒါဖြင့် ပြောနိုင်ဘူးလေ...။ ရှင့်သားပဲဟာကို''

''ဘာကွ''

ဒေါ်ဝါဝါဦးက နှုတ်ခမ်းရှေ့မှာ လက်ညှိုးထောင်ပြသည်။ သတ္တိကို အနှောင့်အယှက်မဖြစ်စေချင်သည့်သဘော။ ဧည့်ခန်းထဲသို့ ပြန်ထွက်သည်။ ဦးလင်းခေါင် အောင့်သက်သက်ဖြင့် နောက်မှ လိုက်သွားရလေသည်။

◆





အခန်း (၁၀)

လမ်းပေါ်မှာ ကလေးတွေ ရောကစားနေကြသည်။ ကလေးစိတ်ပျောက်သေးသော ရဲရင့်ကလည်း ဝင်ကစားသေး၏။ ကိုယ့်လမ်းကိုယ် အေးအေးမသွား။ သူ့လိုပင် ကိုယ့်လမ်းကိုယ် အေးအေးမသွားသော ကောင်မလေးတစ်စုက ရဲရင့်ကို လှောင်သွားသည်။

''ဟယ်...ကလေးပေါကြီးတော့''

''အေးဟဲ့...။ ခုခေတ်မှာ အတော်ရှားနေပြီ''

ရဲရင့် ရှက်သွားသည်။ ကောင်မလေးတွေကိုလည်း ဘာမှ မပြောရဲ။ ပြန်ပြောလျှင် ပိုဆိုးသွားနိုင်ကြောင်း သူသိသည်။ မကြားချင်ယောင်ဆောင်ပြီး ခပ်တည်တည် ဆက်ကစားနေလိုက်သည်။ ကောင်မလေးတွေ သူ့လမ်းသူ ဆက်လျှောက်ပြီး ခပ်ဝေးဝေးရောက်သွားတော့မှ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ရတော့သည်။

တစ်နေရာအရောက်မှာ နောက်မှ သူ့လက်မောင်းကို ဖမ်းဆွဲထားတာ ကြုံရသည်။ လှည့်ကြည့်တော့ ငိုယိုနေသော အမျိုးသမီးကြီးတစ်ယောက်။

''ဘာ...ဘာကိစ္စလဲဗျ''

အမျိုးသမီးကြီးက မျက်ရည်လည်ရွဲနှင့် ပြောသည်။

''ကူညီပါဦး ငါ့တူရယ်...။ ကူညီပါဦး''



www.burmeseclassic.com

www.burmeseclassic.com

"ဘာကို ကူရမှာတုန်း"

အမျိုးသမီးကြီး၏ မျက်နှာက လုံးလုံးလျားလျား အပူသည်ရှုပ်ထွေးနေသည်။

"ကြည့်ပါဦး ငါ့တူရယ်"

အမျိုးသမီးကြီး ညွှန်ပြသည်က အသုဘအိမ်တစ်အိမ်ကို ဖြစ်၏။ အိမ်ရှေ့မှာလည်း နိဗ္ဗာန်ယာဉ်တစ်စီး ရပ်ထားသည်။

"ဘယ်သူဆုံးသွားလို့လဲ ဒေါ်ကြီးရယ်...။ သေတဲ့သူကို ပြန်ရှင်အောင် ကျွန်တော်လည်း မတတ်နိုင်ဘူး"

"အဟီး...ရှုတ်ရှုတ်။ ဆုံးသွားတာက အဒေါ်ယောက်ျားပါကွယ်။ သူ့ကို ပြန်ရှင်အောင် ဘယ်သူမှ မတတ်နိုင်ပါဘူး။ ငါ့တူက တစ်ခုကူညီရုံပါ"

ရဲရင့်က တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွား၏။

"ဘာ...ဘာကူညီရမှာလဲ ဒေါ်ကြီးရဲ့"

"ငါ့တူကို ကြည့်ရတာ သူဌေးသား ထင်တယ်"

ရဲရင့်က အိတ်ကပ်ကို လက်နှင့် ယောင်ယမ်းစမ်းမိသည်။ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး...

"ဒေါ်ကြီး ဘာပြောချင်တာတုန်း"

"ငါ့တူတို့ အိမ်မှာလည်း ကားရှိမှာပဲနော်။ အဟီး...ရှုတ်...ရှုတ်"

ရဲရင့်က နောက်ထပ် ခြေလှမ်းတစ်လှမ်း ထပ်ဆုတ်ကာ...

"ရှိ...ရှိရင် ဘာဖြစ်လို့တုန်း"

"ငါ့တူလည်း အဟင့်...ကားမောင်းတတ်မှာပေါ့နော်။ အဟင့်"

"မောင်းတတ်ပါတယ်"

"လိုင်စင်လည်း အဟင့်...ရပြီးသားပေါ့နော်"

"ရပြီးပါပြီ။ အဟင့်...အဟင့်"

စိတ်အခုစ်လာသဖြင့် ရဲရင့်ကလည်း ငိုသံဖြင့် ပြန်ဖြေလိုက်သည်။

"သြော်...ငါ့တူကြီးကတောင် မသိဘဲနဲ့ အဟင့်...ဝမ်းနည်းပေးတာကိုး။ ဟုတ်ပါတယ်ကွယ်...။ အဒေါ့်ယောက်ျားက အဟင့်...သူတော်ကောင်းကြီးပါ"

"ဟုတ်ကဲ့...။ ကျွန်တော် အဟင့်...မသိဘူးခင်ဗျ။ ကျွန်တော် ဘာ အဟင့်...လုပ်ပေးရမှာလဲ"

"ကားလေးမောင်းပြီး လိုက်ပို့ပေးပါကွယ်"

"ဘယ်ကိုလဲ"

"သင်္ချိုင်းကုန်းကိုပေါ့"

"ဟာဗျာ...။ ကဲလေ...ထားပါ။ ဒါမျိုးက ကူညီကောင်းပါတယ်။ ဒါထက် ဘယ်ကားကို မောင်းပေးရမှာလဲ။ ကားက ဘယ်မှာလဲ"

"ဟိုမှာလေကွယ်..."

"ဗျာ..."

သူ ညွှန်ပြသည်က နိဗ္ဗာန်ယာဉ်ကြီး။

ရဲရင့် ထိတ်လန့်သွားပြီး...

"ဒီ...ဒီကားကြီးကို မောင်းပေးရမှာလား။ အဟင့်...အဟင့်"

"ဟုတ်တယ်...ဒီကားကြီးပါကွယ်။ အဟင့်...အဟင့်"

"သူ့ဒရိုင်ဘာက သူ့ဘာသာ မောင်းမှာပေါ့"

"သေသွားတဲ့ အဒေါ့်ယောက်ျားက အဲဒီကားကို မောင်းတဲ့သူပါကွယ်။ သူများတွေ သေတော့သာ သူက လိုက်ပို့မောင်းပို့နေတာ။ သူသေတော့ ဘယ်သူကမှ လိုက်မောင်းမပေးချင်ကြဘူး။ ဒါကြောင့် ငါ့တူကြီးကို အကူအညီတောင်းရတာပါ"

ရဲရင့်၏ မျက်နှာက ရှုံ့မဲ့သွားသည်။

"ကျွန်တော်...ကျွန်တော့်ရုပ်က အဲဒီရုပ် ပေါက်နေလို့လားဟင်"

"အစစ်ပါပဲကွယ်။ အဟင့်...အဟင့် အဒေါ့်ယောက်ျားလို ခန့်ချောကြီးပါပဲ"

နံဘေးမှာ ဝိုင်းအုံကြည့်နေသော လူများကလည်း ရှိနေသည်။ ရဲရင့် အတော်ပင် ဘေးကြပ်နံကြပ်ဖြစ်ရလေသည်။ မလွှဲတော့သော အခြေအနေရောက်နေသဖြင့်...

"ကဲ...ကဲ...ဒါဆိုလည်း ကူညီပါ့မယ်ဗျာ"

အမျိုးသမီးကြီး ဝမ်းသာအားရ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးမမေ့ပါဘူး ငါ့တူရယ်။ သချိုင်းကိုပို့ပြီးရင် ဒီကားကို ငါ့တူကြီး ကြိုက်သလို သုံးပါ။ တစ်နေ့လုံး သုံးပါ''

အသုဘပို့ရာမှာ ရဲရင့်က နိဗ္ဗာန်ယာဉ်ကို မောင်းရလေသည်။ ဘဝမှာ ဒီလိုအခြေအနေမျိုးနှင့် ကြုံလိမ့်မည်ဟု တစ်ခါမှ မစဉ်းစားခဲ့ဘူးချေ။ အသုဘကိစ္စပြီးတော့ ရဲရင့်က အမျိုးသမီးကြီးကို...

''ကဲ...ကဲ...ရော့ ဒီမှာ ကားသော့။ ကျွန်တော်လည်း အိမ်ပြန် ရေမိုးချိုးပြီး ထမင်းစားရဦးမယ်''

အမှန်တော့ တစ်ဆိုင်ဆိုင်မှာ ဝင်စားလည်း ရပါသည်။ သို့သော် တစ်ကိုယ်လုံးကို ရေချိုးသန့်စင်ပစ်ချင်စိတ်က များနေသည်။

''အဲဒါဆိုလည်း နေပူပါတယ်ကွယ်။ ဒီကားကို ယူသွားပါ။ သုံးလို့ ရပါတယ်''

မယူချင်ပါ။ ဒီကားကြီးနှင့် ဘယ်ကိုသွားလို့ အဆင်ပြေပါမည်နည်း။ သို့သော် ဒီကားကို ဒီအဒေါ်ကြီးက သူ့အိမ်ဆီ ပြန်ယူသွားရန် အခက်အခဲဖြစ်နေပြန်သည်။ ခုပဲ ရင်ဘတ်စည်တီးငိုကြွေးခဲ့ပြီးသော အမျိုးသမီးကြီးတစ်ယောက်ကို သူ ဒုက္ခထပ်မပေးချင်တော့။

''ကဲ...ကဲ...ဒါဖြင့်လည်း ပြီးရောဗျာ။ ညမှောင်မှပဲ ကျွန်တော် ဒီကားကို အဒေါ်ကြီးအိမ် ပြန်လာပို့ပေးမယ်''

''အေးပါကွယ်...အေးပါ''

ထိုကားကြီးဖြင့်ပင် ရဲရင့် အိမ်သို့ မနားတမ်း အမြန်မောင်းလာခဲ့တော့၏။ ထူးခြားသော ကားစက်သံကြောင့် ဦးလင်းခေါင်နှင့် ဒေါ်ဝါဝါဦးတို့ ဇဝေဇဝါဖြစ်ပြီး အိမ်ပြင် ထွက်ကြည့်ကြသည်။ နိဗ္ဗာန်ယာဉ်ကို တွေ့တော့ မျက်လုံးပြူးသွားကြသည်။

''ဟဲ့...ဘယ့်နှာကြီးတုန်း''

ဦးလင်းခေါင်က မျက်လုံးပွတ်ကြည့်နေတုန်းမှာ ဒေါ်ဝါဝါဦးက...

''ဟင်...မောင်းလာတာက ရဲ...ရဲရင့်ပဲ''

''ဟေ...''

ရဲရင့် ကားပေါ်က ဆင်းလာတော့ ဦးလင်းခေါင်က...

''မင်း...မင်း သင်္ကြန်ထွက်လည်မယ်ဆိုတာ ဒီ...ဒီကားနဲ့လား''





''ဟာ...ဖေဖေကလည်း တောက်တီးတောက်တဲ့''

''ဒါ...ဒါဖြင့် မင်းက ရိုဟာဇယ်လုပ်တဲ့သဘောနဲ့ အကြိုစမ်းသပ်နေတာလားဟင်။ ငါနဲ့ မင်းအမေကို ဟို...ဟို...''

''ဟာ...ဖေဖေကလည်းဗျာ။ တောက်တီးတောက်တဲ့''

''ဒါ...ဒါဖြင့်''

ရဲရင့်က အဖြစ်အပျက်ကို အတိုချုပ်ရှင်းပြသည်။ ဦးလင်းခေါင်က...

''အေး...ကူညီတာကတော့ ကောင်းပါတယ်။ မင်းကားကြီးကို ဆင်ဝင်အောက်မှာ ဒီလိုရပ်ထားလို့ မကောင်းဘူးကွ''

''မှောင်ရီပျိုးတာနဲ့ သား မောင်းပြီး သွားပြန်ပေးလိုက်ပါ့မယ် ဖေဖေရယ်...။ နေ့ဘက်ကြီး မောင်းရတာ အရမ်းရှက်ဖို့ကောင်းတယ်။ အခုတောင် မျက်နှာပူပူနဲ့ မောင်းလာရတာ။ နောက်ပြီး သားက ဒီနေ့ လုပ်ရမယ့်အလုပ်တွေ ဘာမှ မလုပ်ရသေးဘူး။ ရေမိုးချိုး ထမင်းစားပြီး အဲဒါတွေ သွားလုပ်ရဦးမှာမို့လို့ပါ''

''အာကွာ...''

''သားလည်း ဘယ်လိုမှ မတတ်နိုင်လို့ပါ ဖေဖေရာ...။ အခု ဖေဖေတို့ တရားမှတ်နေကြတာမို့လား။ ဒီကားကြီးကို ကြည့်ပြီး မရဏာနုဿတိကို ဆင်ခြင်လို့ ရတာပေါ့။ ကမ္မဋ္ဌာန်းရှုကွက်တစ်ခုလို သဘောထားလိုက်ကြပါ''

''ဟေ...''

ဦးလင်းခေါင်နှင့် ဒေါ်ဝါဝါဦးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ဘာပြောရမည်မှန်းမသိ ဖြစ်နေချိန်မှာပဲ ရဲရင့်က အိမ်ထဲဝင်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၁]

ထိုအချိန်မှာ သတ္တိကလည်း သူ့ကိစ္စနှင့်သူ ရှုပ်နေသည်။

ပုတီးစိပ်ပြီး ထိုင်ရာမှအထ၊ သူ့ကို လက်ပိုက်ပြီး ခပ်ပြုံးပြုံး ကြည့်နေသော အေးငြိမ်းကို တွေ့ရ၏။ သတ္တိ နည်းနည်း အနေရခက်သွားသည်။ အေးငြိမ်းက...

''မင်း အဲဒါ ဘာလုပ်နေတာလဲ''

''ပုတီးစိပ်နေတာလေ...အစ်ကိုကြီးရဲ့''

''ဘာကို စိပ်သတုန်း''

''ဘုရားရဲ့ ဂုဏ်တော်ကို အာရုံပြုတာပေါ့ အစ်ကိုကြီးရဲ့''

''ဒါဖြင့်...ပြောစမ်းပါဦး''

''ဘာ...ဘာကို ပြောရမှာတုန်း''

''ဘုရားရဲ့ ဂုဏ်တော်ကို မင်း ဘယ်လိုတွေမြင်သလဲလို့''

''ဩော်...အရမ်းကို အံ့ချီးခမန်းရှိတာပေါ့ အစ်ကိုကြီးရယ်''

အေးငြိမ်းက ဟက်ဟက်ပက်ပက်ရယ်သည်။ ပြီးမှ...

''ကဲ...အဲဒီ အံ့ချီးခမန်းကိုပဲ ငါ့ကို ပြောပြပါဦး။ ဘာတွေများ လဲလို့''

သတ္တိ အကြပ်ရိုက်သွားသည်။ တော်တော်နှင့် စကားပြန်မပြောနိုင်ဘဲ ဖင်ကုတ်ခေါင်းကုတ် ဖြစ်နေသည်။ အတန်ကြာမှ...





''အာ...အစ်ကိုကြီးရယ်။ ဘုရားကလေ သူ့ခြေမအပေါ် ကျောက်ဖျာကြီး ကျတယ် မဟုတ်လား''

''အင်း...အဲဒါ ဘာဖြစ်လဲ''

''ခြေမက သွေးစိမ်းရှင်ရှင် ထွက်တယ်တဲ့ အစ်ကိုကြီးရဲ့''

''အေးလေ...။ အဲဒါ ဘာဖြစ်လဲလို့''

''အဲဒါ အံ့ချီးခမန်းပေါ့ အစ်ကိုကြီးရယ်။ ဘုရားရဲ့ သွေးက ကျွန်တော်တို့ သာမန်လူတွေလို အနီမဟုတ်ဘူး၊ အစိမ်းတွေ။ ပြီးတော့ အရှင်တွေ''

အေးငြိမ်းက ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။ သတ္တိ ထိုင်ရမလို ထရမလို ဖြစ်နေပြန်သည်။ သူ လုပ်တာတွေ၊ သူပြောတာတွေ လွဲနေမှန်းတော့ သူ့ဘာသာသူ သိသည်။ အေးငြိမ်းကိုကလည်း ကြောက်ရသည်။ ကြောက်သည်ထက် ချစ်မြတ်လေးစားမှုက ပိုသည်။ ရဲရင့်က လည်း ထိုသို့ပင် ဖြစ်သည်။

အေးငြိမ်းက သတ္တိ၏ ခုတင်ပေါ်တွင် ဝင်ထိုင်သည်။

''ကဲ...သတ္တိ''

''ဗျာ...အစ်ကိုကြီး''

''ဖေဖေကတော့ ပုတီးပျောက်လို့ လိုက်ရှာနေတယ်။ မင်း စိပ်နေတာတွေ့တော့ ဝမ်းသာတယ်။ ဘယ်မှ မထွက်လို့လည်း ချီးကျူး တယ်။ ဒါပေမဲ့ ငါ သိပါတယ်''

''ဘာသိတာလဲ အစ်ကိုကြီးရဲ့''

''ငိုယို အကူအညီတောင်းမယ့်သူနဲ့ တွေ့မှာစိုးလို့ မင်း အပြင် မထွက်ဘဲ ပုတီးထိုင်စိပ်နေတာ မှုတ်လား''

''အဟဲ...အစ်ကိုကြီးကလည်းဗျာ''

''ဒီမှာ...မင်းကို ငါ ပြောမယ်''

ထိုအချိန်မှာပဲ...

''သတ္တိရေ သားလေး၊ အဟင့်...အဟင့် လာပါဦးကွား''

သတ္တိ မျက်မှောင်ကြုတ်သွားပြီး...

''ဟာ...အစ်ကိုကြီး၊ ဒါ...လမ်းထိပ်က ဒေါ်[illegible]''

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာလဲ မသိဘူး"

"ညှော်ခန်းထဲကနေ မင်းကို လှမ်းခေါ်နေတာပဲ"

"ဘာကိစ္စရှိလို့လဲ"

"ဘယ်သိမလဲ၊ အကောင်းဆုံးကတော့ မင်း သူ့ကို ဒီခေါ်လိုက်။ ဖေဖေနဲ့ မေမေက ညှော်ခန်းထဲမှာ ပုတီးကိုယ်စီနဲ့ တရားမှတ်နေကြတာ။ ဒီမှာပဲ ခေါ်ဆွေးနွေးလိုက်"

"ဘာကို ဆွေးနွေးရမှာလဲ"

"ဒါတော့ ဘယ်သိမလဲ။ မင်းကိစ္စ မင်းရှင်းပေါ့"

ပြောပြောဆိုဆို အေးငြိမ်းက သူ့အခန်းဆီ သူပြန်ထွက်သွားသည်။ သတ္တိ ခေါင်းကုတ်လျက်…

"အန်တီ ဒေါ်မမကြီး"

"ဟုတ်တယ် သတ္တိရေ…။ ဟုတ်တယ် အဟင့်…အဟင့်"

"အထဲဝင်လာခဲ့ အန်တီရေ၊ အပြင်မှာ ဖေဖေတို့ ပုတီးစိပ်နေလို့"

ဒေါ်မမကြီး သတ္တိအခန်းရှေ့သို့ ရောက်လာသည်။ အရင်ကလည်း ဤအိမ်သို့ ဒိုးယိုပေါက်ဝင်ထွက်နေသည့်အထိ ရင်းနှီးသူဖြစ်၍ ခက်ခဲသောကိစ္စမဟုတ်ပါ။ ဒေါ်မမကြီး၏ ညည်းညူတတ်သော ဘာမဟုတ်တာလေးကိုပင် အငိုလွယ်တတ်သော အကျင့်ကို သိထားသည့် ဦးလင်းခေါင်တို့ကလည်း သိပ်အရေးမထားပါ။

ဒေါ်မမကြီး ထိုသို့ရောက်လာတော့ သူတို့ အတန်ငယ် စိတ်ညစ်သွားသည်။ သတ္တိက ထိုသို့ လှမ်းအော်ခေါ်လိုက်သည့်အတွက်ကြောင့် သူတို့ကပင် သတ္တိကို ကျေးဇူးတင်သွားသေးသည်။ ဒေါ်မမကြီး ငိုယိုလာသော ကိစ္စသည် ဘာမှလည်း အရေးကြီးမည် မထင်။

ကိုယ့်ပုတီးပဲ ကိုယ်ဆက်စိပ်နေလိုက်သည်။ ဦးလင်းခေါင်က ဘုရားစင်မှ ပုတီးတစ်ကုံးကိုပဲ ယူစိပ်နေလိုက်ခြင်းဖြစ်သည်။ ကိုယ့်စိတ်နေကျ ပုတီးလောက် ဓာတ်မတွေ့သော်လည်း စိတ်သာ အဓိကဟု ယူဆထားလိုက်သည်။ ဒေါ်မမကြီးက သတ္တိကို အပူကပ်နေပြီ။





"လုပ်ပါဦး သတ္တိရယ်…။ ကူပါဦး"

"ဘာကူရမှာတုန်း"

"မင်းသူငယ်ချင်း မျိုးမင်းယုလေ…။ အဟင့်"

"ဘာဖြစ်လဲ။ ဆက်ပြောလေ အန်တီရဲ့"

"အန်တီတို့ အိမ်ဖော်မလေးကို ခိုးပြေးသွားပြီကွယ့်"

"ဟင်…"

သတ္တိ အံ့သြသွားသည်။

"ဟုတ်ရဲ့လား အန်တီရယ်"

"အသေအချာပေါ့ သတ္တိရယ်"

"အဲဒါကြောင့် အန်တီက ငိုနေတာလား"

"ဟုတ်တာပေါ့ သတ္တိရယ်…။ အဟင့် သူက အိမ်ဖော်ဆိုပေမဲ့ အန်တီတို့နဲ့ ဆွေမျိုးနီးစပ် တော်တယ်။ အိမ်အတွက်လည်း အရမ်းအားကိုးရတယ်။ ငယ်ငယ်လေး ရှိသေးတယ်။ အန်တီ့အိမ်ကနေ ခိုးရာလိုက်သွားတော့ ဆွေမျိုးအသိုင်းအဝိုင်းကြားမှာ အန်တီ ဘယ်လိုမျက်နှာပြရမလဲ။ အဟင့် ရှုတ်…ရှုတ်"

သတ္တိ ခေါင်းကုတ်နေမိသည်။ ဒေါ်မမကြီးက ဆက်ပြောသည်။

"ဒီကောင်မလေးကို အန်တီတို့ကလည်း သမီးလို သံယောဇဉ်ဖြစ်နေတာ။ အဲဒါ…အဟင့်"

ဒေါ်မမကြီးက ငိုရှိုက်ရင်း စကားတွေကို အလျဉ်မပြတ်ပြောနေသည်။ သတ္တိ အတော်စိတ်ညစ်လေသည်။ အိမ်ရှေ့မှ ကားစက်သံကို ကြားရ၏။ အမှန်တော့ ရဲရင့် ရောက်လာခြင်းဖြစ်သည်။ သို့သော် သတ္တိ၏အခန်းက အိမ်၏ နောက်ဘက်သို့ ရောက်နေပြီး အသံသဲ့သဲ့သာ ကြားရသည်က တစ်ပိုင်း၊ ဒေါ်မမကြီးဆီ အာရုံရောက်နေသည်က တစ်ပိုင်း ဘို့ကြောင့် ကားစက်သံ ခြားနားနေသည်ကို သတိမပြုမိချေ။

ဖခင်ဖြစ်သူ ဦးလင်းခေါင်က ကားကို စစ်ဆေးရန် ဂိုဒေါင်ထဲမှ ထွက်၍ ဆင်ဝင်အောက်သို့ ရွေ့သည်ဟုသာ ထင်မိသည်။ ဦးလင်းခေါင်ကလည်း ထိုသို့ လုပ်တတ်သည်။ အားလပ်ရက်များတွင် အိမ်မှ ကားကို တစ်ခုမဟုတ်တစ်ခု ထုတ်ကလိနေတတ်သည်။

www.burmeseclassic.com



ဒေါ်မမကြီးက တဖွဲ့တနွဲ့ ငိုယိုပြောဆိုနေသည်ကို သတ္တိ အတော်ကြာသည်အထိ သည်းခံနားထောင်နေရလေသည်။ သည်းမခံနိုင်သည့်နောက်ဆုံး…

''ဟုတ်ပါပြီ အန်တီရယ်…။ အဲဒါတွေကို ထားလိုက်ပါတော့။ အခု ကျွန်တော်က ဘာကို ကူညီရမှာလဲ''

''မင်းသူငယ်ချင်း မျိုးမင်းယုကို လိုက်ရှာပေးပါကွယ်''

''ဟင်…မိန်းမခိုးပြေးသွားမှတော့ သူ့အိမ်မှာ ဘယ်ရှိတော့မလဲ''

''သူတို့ ရှိနိုင်မယ့် နေရာတွေပေါ့ကွယ်။ မင်းတို့ လူငယ်ချင်း သူငယ်ချင်းတွေချင်း သိနိုင်မှာပေါ့''

''အာ…''

သတ္တိ တစ်ဖက်လှည့်ပြီး မျက်နှာကို ရှုံ့မဲ့နေမိသည်။ သို့သော် ဤအတိုင်း ဆက်နေလျှင်လည်း ရက်ပေါင်းများစွာ နားညည်းနေနိုင်တာကို တွေးမိသဖြင့်…

''ကဲ…အန်တီ''

''အဟင့်…ပြောလေကွယ်''

''မျိုးမင်းယုတို့ကို ကျွန်တော် လိုက်ရှာပေးမယ်''

''အဟင့်…ကောင်းတာပေါ့ကွယ်''

''ဒါပေမဲ့ ကျွန်တော်တစ်ယောက်တည်း မရဘူးလေ။ အန်တီလည်း လိုက်မှ ဖြစ်မှာပေါ့''

''ဩော်…အေး…အေး လိုက်မှာပေါ့။ အဟင့်''

ထိုသို့မှ မခေါ်လျှင်လည်း မဖြစ်ချေ။ ဒေါ်မမကြီးက အိမ်မှာ ငိုပြီး ကျန်နေလျှင် အကုန်လုံး စိတ်ဆင်းရဲရလိမ့်မည်။ အရေးတကြီးပုံစံဖြင့် သူက ရှေ့မှ ပြေးထွက်တော့ ကသောကမျောပုံစံဖြင့် ဒေါ်မမကြီးက နောက်မှ လိုက်ပါသွားသည်။ ဦးလင်းခေါင်တို့ လင်မယားက ပုတီးကို အာရုံအလွန်ရနေပုံဖြင့် မျက်စိမှိတ်ပြီး အတင်းစိပ်နေလိုက်သည်။

ထမင်းစားခန်းထဲမှ ရဲရင့်က ခေါင်းထောင်ကြည့်မိသေး၏။ ဘာတွေဖြစ်နေကြမှန်းတော့ မသိ။ သို့သော် ဒေါ်မမကြီး၏ သဘာဝကို သိထားသဖြင့် ဂရုမထားဘဲ ထမင်းကိုသာ ဆက်စားနေလိုက်သည်။





သတ္တိက ကားခေါင်းခန်းသို့ အပြေးတက်ထိုင်လိုက်ကာ…

''ကျွန်တော် အမြန်မောင်းပို့ပေးမယ်။ အန်တီ နောက်ကတက်''

''အောင်မယ်လေး…လုပ်ရက်လိုက်တာ သတ္တိရဲ့''

ရှုံ့ရှုံ့ဝါးဝါးအော်သံနှင့်အတူ ဒေါ်မမကြီး မေ့လဲသွားလေသည်။ သတ္တိ ကမန်းကတန်းဆင်းထူပြီးကာမှ နိဗ္ဗာန်ယာဉ်ဖြစ်နေမှန်း သူသိသည်။ ဒေါ်မမကြီးကို နာနုပ်ပေးနေရင်း စဉ်းစားရကြပ်နေသည်။

''အာ…ဒါက ဘယ်လိုဖြစ်တာပါလိမ့်''

◆

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

ပွင့်ဦးကလည်း သူ့ကိုစွန့်သူ ရှုပ်နေသည်။ လေစီးနှင့်အကူ လွင့်ပျံ့လာသော သကြံန်သီချင်းသံများကို နားထောင်ကာ စိတ်ထဲမှာ ဝမ်းနည်းသလိုလို ခံစားနေရသည်။ မော်တော်ဘုတ်အဖေနှင့် မော်တော်ဘုတ်အမေကို စိတ်ကောက်နေမိသည်။ သို့သော် ဘာလုပ်၍ ဘာကိုင်ရမည်မှန်းလည်း မသိ။

ထိုအချိန်မှာပဲ..

''ဂူး...''

ဆင်အော်သံ မဟုတ်ပါ။ ကားတစ်စီး အိမ်ရှေ့သို့ ဆိုက်ရောက်လာသံ ဖြစ်ပါသည်။

''ဟယ်...ဖြူပြာနဲ့ မူယာ''

ပွင့်ဦး ဝမ်းသာသွားသည်။ မိုးကုတ်မှ သူငယ်ချင်းညီအစ်မ ဖြစ်သည်။ သူတို့အဖေနှင့် သူမအဖေ ဦးလတ်တင်ရွှေတို့လည်း ရင်းနှီးသည်။ မိုးကုတ်မှာတုန်းက နှစ်အိမ်တစ်အိမ် နေလာကြသူများ ဖြစ်သည်။

''နင်တို့ဟယ်၊ ဖုန်းလေးဘာလေး ကြိုမဆက်ဘူး''

ဦးလတ်တင်ရွှေနှင့် ဒေါ်စောလှဲဦးတို့လည်း အိမ်ရှေ့သို့ ထွက်လာကြ၏။

''ဟယ်...သမီးတို့ပဲ။ လာကြ...လာကြ။ ဟဲ့...အေးရီ သူတို့ရဲ့





ခရီးဆောင်အိတ်တွေကို အထဲယူသွင်းလိုက်''

ကြာဖြူက...

''သမီးတို့က ရန်ကုန်မှာ သကြံန်လာကျတာ ဦးရဲ့''

''ဟော...''

ဦးလတ်တင်ရွှေရဲ့ မျက်လုံးက ပြူးခနဲဖြစ်သွားပြီး ပွင့်ဦးကို သိမသာငဲ့ကြည့်သည်။ ပြီးမှ မျက်နှာအမူအရာမပျက်ရအောင် ပြန်ထိန်းကာ...

''ကဲ...ကဲ...သမီးတို့ နားကြစမ်းပါဦး။ ပြီးမှ အေးအေးဆေးဆေး ပြောတာပေါ့''

ထိုကာလကလေးကြားထဲမှာ ပွင့်ဦးကလည်း ဖြူပြာနှင့် မူယာကို မျက်ရိပ်ပြပြီး ဖြစ်လေသည်။ (ခေတ်ကာလသားသမီးတွေ အထိန်းရ အတော်ခက်လေသည်) ထိုသို့ဖြင့် ဖြူပြာနှင့် မူယာတို့သည် ပွင့်ဦး၏ အခန်းထဲသို့ ယာယီရောက်ရှိသွား၏။ သူတို့ ညီအစ်မ နေရမည့်အခန်းကို အေးရီက အပေါ်ထပ်မှာ ပြင်ဆင်ဆဲ။

မူယာက...

''ပွင့်ဦး...ဘာဖြစ်လို့လဲ''

''ငါ့ကို သကြံန် ပေးမလည်ဘူးဟဲ့''

''ဘယ်သူကလဲ''

''ဖေကြီးရော...မေကြီးရော နှစ်ယောက်လုံးကပဲ''

''ဘာဖြစ်လို့လဲ''

''ကြီးလာလို့တဲ့''

''ဘာကြီးလာလို့လဲ''

''အေး...ငါလည်း မေးတာပဲ။ မဖြေကြဘူးဟဲ့''

သုံးယောက်သား စိတ်ပျက်လက်ပျက် ရယ်မိကြသည်။ ပြီးမှ ဖြူပြာက...

''ဒါပေမဲ့ဟယ်...ခု ငါတို့ ရောက်လာပြီဆိုတော့ အိမ်ရှင်တွေ နင်က လိုက်ပို့ရမှာပေါ့။ အဲဒါဆို နင်လည်း အတူတူလည်ရမှာပေါ့''

''အေး...အဲဒါကြောင့် ငါလည်း ပျော်သွားတယ်''

www.burmeseclassic.com



ထိုအချိန်မှာပဲ ဒေါ်စောလှဲဦးက အခန်းထဲသို့ ဝင်လာသဖြင့် သုံးယောက်သား စကားရှိန် သပ်လိုက်ကြသည်။ ကံကောင်း၍ ဒေါ်စောလှဲဦးရှေ့မှာ စကားဟပ်ထိုး မလဲကြခြင်းဖြစ်သည်။

ဖြူပြာက…

"အန့်တီ ဒီနှစ်သင်္ကြန် သမီးတို့ ဒီမှာတည်းမှာနော်။ ဖေဖေတို့ မေမေတို့က အဲဒီအတွက် စာတစ်စောင် ရေးပေးလိုက်တယ်၊ သူတို့လည်း ဒီည ဖုန်းဆက်လိမ့်မယ် ထင်တယ်"

"အေးအေး…ရပါတယ်ကွယ်"

"ပွင့်ဦးနဲ့အတူ လျှောက်လည်မှာနော်။ သူမပါရင် သမီးတို့က သိပ်သွားတတ်မှာ မဟုတ်ဘူး"

"အေးအေး…ရပါတယ်ကွယ်"

စိတ်လေးလံနေသော အမူအရာဖြင့် ဒေါ်စောလှဲဦး ပြန်ထွက်သွား၏။ ခဏငြိမ်နေပြီးမှ သုံးယောက်သား 'ဟေး'ခနဲ ထအော်မိကြသည်။ အခန်းထဲမှ ကက်ဆက်ကို အကျယ်ကြီး ထဖွင့်လိုက်သည်။ သူတို့၏ ပြောစကားများကို အပြင်မှ အလွယ်တကူ မကြားရရန် ဖြစ်သည်။ (ခေတ်ကာလသားသမီးများသည် အတော်ပင် အထိန်းရခက်လေသည်)

မှုယာက…

"ဒါပဲပေါ့ ပွင့်ဦးရယ်…။ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး"

"ဒါက နပိုလီယန်ပြောတဲ့ စကားပါဟာ"

ပွင့်ဦးက စကားကို ဆက်ပြော၏။

"ဒါ့ထက်လေ ဟိုတလောက စာအုပ်ထဲမှာ ငါဖတ်ရတယ်။ သုတေသီတွေက နပိုလီယန်ရဲ့ အရိုးကို လေ့လာကြတော့ နပိုလီယန်ဟာ မိန်းမလျှာတစ်ယောက် ဖြစ်နိုင်တယ်တဲ့"

မှုယာက ခါးခါးသည်းသည်းဖြစ်သွားကာ…

"အာ…မဖြစ်နိုင်ပါဘူးဟာ"

"ဟင်…ခုနက နင်ပြောတော့ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးဆို။ နပိုလီယန်ရဲ့ စကားပဲ"

ဖြူပြာက တသောသော ထရယ်၏။ မှုယာက သူ့စကားနှင့်



[illegible]မိပြီး ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်နေသည်။ ဖြူပြာကသာ…

"ဟဲ့…ပွင့်ဦး"

"ဘာလဲ"

"ဦးတို့ ဒေါ်ဒေါ်တို့က နင့်ကို သင်္ကြန်ထွက်မလည်နိုင်းတာ နင့်ကို ဖူးစာဖက် တွေ့သွားမှာစိုးလို့တဲ့"

"အာ…နင်ကလည်း ဘာဆိုင်လဲ"

"ဆိုင်တယ်လေ…။ နင်က ကြီးလာပြီကိုး"

သုံးယောက်သား ရယ်ဖြစ်ကြပြန်သည်။ မှုယာက…

"ဟုတ်တယ်နော် ပွင့်ဦး။ ငါလည်း အဲဒီလိုပဲ ထင်တယ်"

"မဖြစ်နိုင်ပါဘူးဟာ…"

"မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးလေ"

ရယ်ဖြစ်ကြပြန်သည်။

ပွင့်ဦးက…

"အေး…နင်တို့ ပြောသလို ဖူးစာဖက်ကိုသာ တွေ့ခဲ့ရင်…"

စကားကို ရှေ့ဆက် မပြောချေ။

◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၃]

သတ္တိ လှမ်းကြည့်တော့ အေးငြိမ်းက တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားနေဟန် ရှိသည်။ ညှိခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး မျက်နှာကလေး နက်တည်ကြည့်နေသည်။ သူ့စာတမ်းနှင့်ပတ်သက်ပြီး သုံးသပ်တွေးခေါ်နေခြင်းဖြစ်သည်။

ဦးလင်းခေါင်ကတော့ စောစောစီးစီး အလုပ်သွားပြီ၊ ဒေါ်ဝါဝါဦးက ဘုရားခန်းထဲမှာ၊ ဒေါ်ဖူးက မီးဖိုချောင်ထဲမှာ ချက်လျက်ပြုတ်လျက်၊ ရဲရင့်က ခြံထဲမှာ သိုင်းကစားနေသည်။

ဦးလင်းခေါင်က သူ့သားတွေကို အရွယ်ရောက်လာကတည်းက ရေကူး၊ ကားမောင်း၊ ကိုယ်ခံပညာ စသည်တို့ကို သင်တန်းတွေမှာ စနစ်တကျ အပ်ပေးခဲ့၏။ သိမ်မွေ့သော အေးငြိမ်းက အိုက်ကီဒို၊ သတ္တိက ဗန်တို၊ ရဲရင့်က သိုင်းပြောင်းပြန် အသီးသီး သင်ယူတတ်မြောက်ခဲ့ကြ၏။

တိုက်ခိုက်ရေးသဘောထက် ကျန်းမာရေးသဘောဖြင့် သူတို့တွေ အလေ့အကျင့် မပျက်ခဲ့ကြ။ သတ္တိနှင့် ရဲရင့်ကတော့ သူသင်ခဲ့သော ပညာက ပိုကောင်းသည်၊ ငါသင်ခဲ့သော ပညာက ပိုကောင်းသည် စသဖြင့် မကြာခဏ ငြင်းခုန်ရန်ဖြစ်ကြ၏။ အေးငြိမ်းကတော့ ဘာသိဘာသာ။

ရဲရင့်က သူ့လေ့ကျင့်မှုမှာ အာရုံရောက်နေသည်။ ဤအချိန်



သည် သတ္တိက အေးငြိမ်းကို စကားပြောဆိုရန် အချိန်ကောင်းပင်ဖြစ်သည်။ နို့မို့ဆို ရဲရင့်က လာရှုပ်နေဦးမည်။ သို့သော် အေးငြိမ်းကလည်း ဘာတွေ စိတ်အလုပ်များနေသည် မသိ။ သတ္တိ ကသိကအောက်ဖြစ်နေရသည်။

မတတ်နိုင်တော့။ နောက်ဆုံးမှာ...

အေးငြိမ်း လျှောက်သည့်အတိုင်း ခေါင်းငုံ့ လက်နှစ်ဘက် နောက်ပစ်လျက် လိုက်လျှောက်နေလိုက်သည်။ အေးငြိမ်းက လှည့်ကြည့်သည်။ သို့သော်လည်း စိတ်မဝင်စားသလို မျက်နှာပြန်လွှဲသွားပြီး သူ့ဘာသာ ဆက်လျှောက်နေသည်။ သတ္တိကလည်း အေးငြိမ်းလျှောက်သလိုပင် တကောက်ကောက်လိုက်လျှောက်သည်။ အေးငြိမ်း ရပ်လျှင် နောက်မှ လိုက်ရပ်သည်။ အေးငြိမ်းလှည့်လျှင် သူလည်း ပြန်လှည့်သည်။

အတန်ကြာမှ အေးငြိမ်းက...

"နေပါဦး။ မင်းက ဘာကိစ္စ ငါလျှောက်သလို လိုက်လျှောက်နေတာလဲ"

"ဩော်...အဟဲ အစ်ကိုကြီးလိုလုပ်ရင် အစ်ကိုကြီးလိုများ ဖြစ်မလားလို့"

"အဲဒါနဲ့ပဲ ဒီလို လုပ်ရသလား"

"အဟဲ...လုပ်ကြည့်တာပါ"

"နေပါဦး။ ငါ့လို ဖြစ်ချင်ရအောင် ငါက ဘယ်လိုဖြစ်နေလို့လဲ"

"ဩော်...အစ်ကိုကြီးက အေးချမ်းတယ်လေ။ အပူအပင်မရှိဘူး"

"မင်းတို့မှာရော ဘာအပူအပင် ရှိလို့လဲ။ ဖေဖေ့လုပ်စာနဲ့ပဲ စားမကုန်ဘူး"

"မဟုတ်ဘူးလေ အစ်ကိုကြီးရဲ့။ ခုဆို အစ်ကိုကြီးက ဗေဒင်ဆရာတွေကို ငှားထားပြီး ဗေဒင်ခန်း ထောင်ထားတယ်။ ဝင်ငွေကောင်းတယ်"

"ဒါက ငါ့အရွယ်အရ ငါလုပ်တာပဲ"

"ဒါပေမဲ့ အစ်ကိုကြီး ရွေးချယ်တဲ့အလုပ်က အတော်နိုင်တာပဲ။ အိမ်မှာထိုင်ရင်း ဖုန်းကလေးထပြောရင်းနဲ့ကို အလုပ်ဖြစ်တယ်နော်

www.burmeseclassic.com

www.burmeseclassic.com



''မင်းတို့လည်း လုပ်ရင် ဖြစ်တာပဲ''

''ကျွန်တော်တို့ကမှ အစ်ကိုကြီးလို အဲဒီပညာရပ်တွေ မကျွမ်းကျင်ဘဲ။ ဗေဒင်ဆရာတွေက ကျွန်တော်တို့ကို ပညာပြသွားမှာပေါ့။ မလွယ်ပါဘူး''

''ဒါဆိုလည်း ကိုယ်နဲ့ ကိုက်ညီမယ့် အလုပ်ကို ရွေးပေါ့ကွာ။ ခုတော့ ကျောင်းပြီးကာစမို့ ဖေဖေက မင်းတို့ကို လွှတ်ထားတာ။ နောက်နှစ်ဆို လုပ်ငန်းခွင် ဝင်ကြရတော့မှာ''

''ဒါထက် အစ်ကိုကြီးကို ကျွန်တော် မေးစရာရှိသေးတယ်''

''ဘာလဲ...။ အိပ်မက် မက်ပြန်ပြီလား''

''အဟီး...ဟုတ်တယ် အစ်ကိုကြီး''

''ကဲ...အဲဒါဆိုလည်း လိုရင်းကိုပြော''

''လိုရင်းက အစ်ကိုကြီးရယ်...။ ညက ကျွန်တော် အိပ်မက်ထဲမှာ နတ်သမီးတစ်ပါးနဲ့ တွေ့တယ်''

''ဘယ်လိုတွေ့လဲ''

''ကျွန်တော် ရေကူးနေရင်း တွေ့တာ''

''ဆက်ပြော...''

''ကျွန်တော် ရေကူးနေရင်း ပရက်စလေရဲ့ အိန္ဒိယတီးလုံးကို ကြားနေရတယ်''

''အင်း...''

''နောက်တော့ နတ်သမီးတစ်ပါးကို တွေ့တယ်။ ကျွန်တော်တို့ မြန်မာနတ်သမီးပုံစံမျိုး မဟုတ်ဘူး။ အနောက်တိုင်းနတ်သမီးပုံစံမျိုး။ အရမ်းလှတာပဲ''

အေးငြိမ်းက အမိုက်ဟယ်ပါပါပြုံးသည်။ အတော်ကြာသည်အထိ ဘာမှလည်း မပြော။ သတ္တိက မရိုးမရွဖြစ်ရပြန်သည်။

''အစ်ကိုကြီးက ဘာပြုံးနေတာလဲ''

''မင်းမှာ ချစ်ရသူ ရှိတော့မယ်တဲ့။ လှလည်း အရမ်းလှမယ်''

''ဗျာ...''

မမျှော်လင့်သောစကားကြောင့် သတ္တိ အံ့သြသွားသည်။

ဘက္ကသိုလ်ကျောင်းသားဘဝတစ်လျှောက်မှာ ဘာညာဘာညာ ကောင်မလေးတွေ ရှိခဲ့ပါ၏။ သို့သော် တစ်ယောက်နှင့်မှ ရည်းစားမဖြစ်ခဲ့ပါ။ တစ်ယောက်ကိုမှလည်း တကယ်မချစ်ခဲ့ပါ။ ထို့ကြောင့်...

''အစ်ကိုကြီး သေချာရဲ့လားဗျာ''

''ဒါကတော့ ငါက တန်ခိုးရှင်မှ မဟုတ်ဘဲ။ လွဲရင် လွဲမှာပေါ့''

သတ္တိ နည်းနည်းစိတ်လှုပ်ရှားလာသည်။ ရင်ခုန်သလိုလည်း ရှိလာသည်။

''သူနဲ့ ဘယ်လိုတွေ့မှာလဲ အစ်ကိုကြီး''

''ရေကူးနေရင်းဆိုတော့ ရေနဲ့ပတ်သက်ပြီး တွေ့မှာပေါ့ကွာ''

''ဒါ...ဒါဆို သကြံန်ရေကစားရင်း တွေ့တာမျိုးလား''

''ဖြစ်နိုင်ပါတယ်''

''နှစ်ဦးနှစ်ဖက် ချစ်သူတွေလား...။ ကျွန်တော်ကပဲ ချစ်မိမှာလား အစ်ကိုကြီး''

''ချစ်ရသူကို တွေ့မယ်လို့ ငါပြောခဲ့တယ်။ မင်း အိပ်မက်အတိုင်း မင်း တန်းတန်းစွဲပြီး ကျန်ရစ်မယ်ပေါ့ကွာ''

''ဒါဖြင့် ကျွန်တော်တို့ ဆုံစည်းဖို့ကရော...''

အေးငြိမ်းက မချိုမချဉ်ပြုံးလျက်...

''ဒါကတော့ မင်း အိပ်မက် ထပ်မက်လိုက်ဦးပေါ့ကွာ''

သတ္တိက နှုတ်ဆိတ်သွားသည်။ ရဲရင့်ကလည်း ပါးရည်နပ်ရည်ရှိသဖြင့် အေးငြိမ်းကို...

''အစ်ကိုကြီး...ဒီကောင်အိပ်မက်မက်ပြန်ပြီထင်တယ်။ဟုတ်လား''

အေးငြိမ်းက ဘာမှ ပြန်မပြော။ ရဲရင့်က ဆက်ပြောသည်။

''ဒီတစ်ခါ သေမင်းနဲ့တွေ့ရင် ပြန်တီးလိုက်ပေါ့၊ ကျွန်တော်တို့ သိုင်းပြောင်းပြန်မှာ ညမြင်တိုက်ခိုက်နည်း၊ အမှောင်တွင်းတိုက်ခိုက်နည်းဆိုတာတွေ ရှိတယ်။ ဒီကောင့်ကို ကျွန်တော် နည်းနည်းသင်ပေးဦးမှ ထင်တယ်။ ဟဲ...ဟဲ...

ပြောချင်ရာပြောပြီး ရဲရင့်က သူ့အခန်းထဲ ဝင်သွားလေသည်။

◆

www.burmeseclassic.com



## အခန်း [၁၄]

ရေပက်သံ၊ အော်ဟစ်မြူးတူးသံ၊ ကက်ဆက်သီချင်းသံများနှင့် အတူ သင်္ကြန်က စည်ကားစွာ စတင်ရုပ်လုံးဖော်ပါပြီ၊ သတ္တိ၊ ကျော်ထွေး နှင့် ဝင်းထွတ်တို့လည်း ထိုအထဲတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်ကြမည့်အကြောင်းကိုကား အထူးပြောစရာမလိုပါ။ ကဲချင်သလောက် ကဲခဲ့ကြပြီးမှ ကျော်ထွေးက...

"တစ်ဆိုင်ဆိုင်မှာ ခဏဝင်ထိုင်မယ်ကွာ။ ချမ်းလည်း ချမ်းပြီ"

ဝင်းထွတ်က...

"ဘာလဲ...ဘီယာဆိုင်ကို သွားမှာလား"

"လက်ဖက်ရည်ဆိုင်မှာ ရေနွေးပူပူသောက်ရရင်လည်း ဖြစ်ပါ တယ်ကွာ"

"ကဲပါကွာ...ကြုံရာဆိုင်၊ တွေ့ရာဆိုင်ပေါ့"

ထိုသို့ပြောပြီး သတ္တိကပဲ ဦးဆောင်လျက် လာခဲ့သည်၊ လက်ဖက် ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ဖြစ်ကြ၏။ ရေနွေးပူပူကို အလုအယက် သောက်ဖြစ်ကြသည်။ ပြီးမှ သတ္တိက သူငယ်ချင်းနှစ်ယောက်မျက်နှာကို အကဲခတ်သလို ကြည့်လျက်...

"မင်းတို့ကို ငါ ပြောစရာရှိတယ်"

"ဘာလဲ...။ အထူးအဆန်း"



"အေး...ထူးဆန်းတယ်၊ ဒီသင်္ကြန်မှာ ငါ ချစ်သူတွေ့မယ်တဲ့"

"ရာရာစစကွာ...။ မင်းကို ဘယ်သူပြောလဲ"

"အစ်ကိုကြီးကွ"

ကျော်ထွေးနှင့် ဝင်းထွတ်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်သည်။ တွေတွေဝေဝေဖြစ်သွားကြပြီးမှ ကျော်ထွေးက...

"အေး...မင်းအစ်ကိုကြီးပြောရင်တော့ ဖြစ်နိုင်တယ်ကွ"

ဝင်းထွတ်ကလည်း ဝင်မေးသည်။

"ဘယ်လိုပုံစံ ပြောလဲ"

"အရမ်းလှမယ်တဲ့"

"နိပ်ဟ"

ကျော်ထွေးက ထိုသို့ ထောပနာပြုသော်လည်း၊ ဝင်းထွတ်က

"တော်ပါသေးရဲ့ကွာ...။ ငါ့ကောင်မလေးက သိပ်မလှလို့"

"တော်စမ်းပါကွာ...။ မင်းကောင်မလေးမျိုးက သတ္တိမပြောနဲ့ ငါတောင် မကြိုက်ဘူး"

"ဘာကွ။ မင်း ငါ့ချစ်သူကို ဒီလိုမပြောပါနဲ့"

သတ္တိက အရေးကြီးသည့်အပိုင်းသို့ ရောက်လာဟန်ဖြင့် နှစ်ယောက်လုံးကို လက်ကာပြပြီး...

"နေကြဦး နေကြဦး။ ငါသိချင်တဲ့နေရာ ရောက်လာပြီ"

"ဘာလဲကွ။ မင်းက တစ်မျောင့်။ ငါတို့က ဒီမှာ ရန်ဖြစ်ကြ မလို့ဟာကို"

"နေစမ်းပါဦးကွာ...။ ဝင်းထွတ်ကို ငါ မေးချင်တာ ရှိသွားပြီ"

"ဘာမေးမလို့လဲ"

"နေပါဦး ကျော်ထွေးရာ...။ ဝင်းထွတ်ကို မေးမလို့ပါ"

"အေးလေ...ဘာမေးမှာလဲလို့။ မေးပါ။ ငါ ဘေးက ဝင် နားထောင်မှာပေါ့"

"ခုနက သူပြောသွားတဲ့ ချစ်သူဆိုတဲ့ စကားလုံးကို"

ဝင်းထွတ်က...

"အဲဒါကို ငါက ဘာပြောရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူဆိုတာကို မင်း ဘယ်လိုမြင်လဲ"

"ချစ်သူဆိုတာ ဘဝရဲ့ လက်တွဲဖော်ပေါ့"

"ဩော်...ဩော်"

သတ္တိက အလေးအနက်စဉ်းစားဟန်ရှိသည်။ ဝင်းထွတ်က...

"ဆက်ပြောလိုက်ဦးမယ်။ ဘဝဆိုတာ ချစ်သူရှိမှ ပြည့်စုံလာတာနော်"

"ဘယ်လိုပြည့်စုံလာတာလဲ"

"သတ္တိကလည်းကွာ...ဒုံးဝေးလိုက်တာ။ စာရေးဆရာကြီး ဦးပြည့်စုံဆိုတာ မင်း မကြားဖူးဘူးလား။ ချစ်သူရပြီဆိုရင် အဲဒီ ဆရာကြီးက ရောက်လာရော..."

"အဲဒီဆရာကြီးက ဘာလာလုပ်တာလဲ"

"အဲဒါတော့ ငါ မသိဘူးလေ"

ထိုသို့ ဝင်ကန့်လန့်တိုက်သည်က ကျော်ထွေးဖြစ်၏။ ဝင်းထွတ်က

"ဟေ့ကောင် မင်း ဝင်ရှုပ်ပြန်ပြီလား"

သူတို့နှစ်ယောက် ရန်ဖြစ်ကြမည့်ဟန်ရှိ၍ သတ္တိက ဝင်တားရသေး၏။ ထိုအချိန်မှာပဲ ရပ်ကွက်ဥက္ကဋ္ဌကြီးက ဆိုင်ထဲသို့ ဝင်လာပြီး သူတို့ဝိုင်းဆီ လျှောက်လာသည်။ သတ္တိက...

"တကယ်ရန်ဖြစ်တာ မဟုတ်ပါဘူး။ သူငယ်ချင်းချင်း စနေကြတာပါ"

ဥက္ကဋ္ဌက...

"သိပါတယ်။ ငါ ခွဲခြားတတ်ပါတယ်။ မင်းမှာများ ဘောလ်ပင် ပါလားလို့"

"အဲ...မပါဘူးခင်ဗျ"

"ပါရင် ခဏပေးစမ်းပါ။ ငါ့မှာ ကိစ္စရှိလို့"

"မပါလို့ပါ ဦးရဲ့။ ပါရင် ပေးတာပေါ့"

ဥက္ကဋ္ဌ စိတ်ပျက်ပြီး ဆိုင်ရှင်ဆီ သွားငှားရန် လုပ်သည်။ သို့သော် ဆိုင်ရှင်ကလည်း ဘယ်ထွက်သွားသည် မသိ။ မရှိ။ ကောင်တာမှာ သူ ဘာသာ ရှာသည်။ မတွေ့။ ခေါင်းကုတ်ပြီး ပြန်ထွက်သွားသည်။



ဥက္ကဋ္ဌ၏ နောက်ပိုင်းအလှကို ဘယ်သူကမှ မျက်စိစားပွဲ မထိုင်ပါ။ သတ္တိတို့ ဤအတိုင်း ကျန်ရစ်ခဲ့ကြ၏။ သတ္တိက...

"အရေးထဲ ဘောလ်ပင်လာငှားတဲ့သူက ရှိသေးတယ်"

"အေးလေ...။ ဘောလ်ပင်နဲ့ ကိစ္စကိုတော့ သူက ပိသားပဲ"

ကျော်ထွေး၏ စကားကြောင့် ရယ်ကြရသေးသည်။ ကျော်ထွေးကပဲ ဆက်ပြောသည်။

"သတ္တိ မင်းကို ငါပြောမယ်"

"ဘာလဲ"

"အဆိုတစ်ခုရှိတယ်...။ မိန်းမနဲ့ ဘောင်းဘီတို့နှမှာ ဘောင်းဘီတိုက ပိုအရေးကြီးတယ်တဲ့"

"ဘာဖြစ်လို့လဲ"

"မိန်းမ မပါဘဲ ဘယ်သွားသွား ရတယ်။ ဘောင်းဘီမပါဘဲ ဘယ်မှသွားလို့ မရဘူးတဲ့"

ဝင်းထွတ်က...

"မင်း ငါ့ကို စောင်းပြောတာလား"

ရန်ဖြစ်ကြမည်ပြု၍ သတ္တိက တားရပြန်သည်။ ထိုအချိန်မှာ ရဲရင့်ကလည်း ဘုမသိဘမသိ ရင်ခုန်နေရ၏။ သတ္တိက အကြောင်းရှိ၍ ရင်ခုန်ခြင်းမို့ ဖြေသာပါသေးသည်။ အမြွာညီဖြစ်သော ရဲရင့်က ဘုမသိဘမသိ လိုက်ရင်ခုန်နေရခြင်းက အတော်ဆိုးရွားသော ကိစ္စဖြစ်လေသည်။

သူတို့က လမ်းဘေးတစ်နေရာမှာ ကားရပ်ပြီး တပင်တပန်းရေကစားထားမှုကို အမောဖြေနေကြချိန်ဖြစ်သည်။

"ဟေ့ကောင်တွေ၊ မင်းတို့ကို ငါ ပြောစရာရှိတယ်"

"ပြောစရာရှိလည်း ပြောပေါ့ကွာ...။ စကားပလ္လင်ခံနေစရာ မလိုပါဘူး"

အောင်မိုးက ဘုဘောက်စကားနှင့် တုံ့ပြန်သည်။ ခင်ဇော်ကတော့ ထူးဆန်းသလို ပြန်ကြည့်၏။

"စကားပလ္လင်ခံတာ မဟုတ်ဘူးကွ။ ငါပြောမယ့် [illegible] ထိုင်ရ ထရ ခက်နေလို့"

www.burmeseclassic.com



"ဘာလဲ…။ မင်းစကားက ဆီးအောင့်နေလို့လား"

*"အဲဒါဆိုရင်လည်း မပြောတော့ဘူးကွာ"*

"ပြောရင်လည်း ပြောပါ၊ အားနာပါးနာ နားထောင်ပါ့မယ်"

ခင်ဇော်ကတော့ အောင်မိုးနှင့် ဆန့်ကျင်ဖက်။

"ပြော…ရဲရင့်၊ ငါကတော့ အားနာလို့ မဟုတ်ဘူး၊ စိတ်ဝင်စားလို့ နားထောင်မှာ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ ပြောတော့မယ်ကွာ။ မအောင့်နိုင်တော့ဘူး"

"ပြောကွာ"

"မင်းတို့ မရယ်ရဘူးနော်"

ထိုသို့ပြောကာမှပဲ သကောင့်သားနှစ်ယောက်က စပ်ဖြဲဖြဲဖြစ်သွားကြ၏။

"အဟီး…မရယ်ပါဘူးကွ။ အဟီး"

"ငါ အခု ချစ်သူရည်းစားတွေ့မယ် ထင်နေတာ"

"ဘယ်မှာ တွေ့မှာလဲ"

"ဘယ်မှာ တွေ့မယ်မှန်းတော့ မသိဘူး။ ဒီသင်္ကြန် ရေကစားရင်းနဲ့ကို တွေ့မယ်လို့ ထင်နေတယ်"

"ဘာကြောင့် ထင်ရတာလဲ"

"မသိဘူး…။ စိတ်ထဲမှာ အလိုလိုထင်နေတာ"

အောင်မိုးနှင့် ခင်ဇော် ဘာပြောရမည်မသိ။ အတန်ကြာမှ အောင်မိုးက…

"ဒါဆို သတ္တိလည်း မင်းလိုပဲ ခံစားနေရမှာပေါ့။ မင်းတို့က တစ်ယောက်ဖြစ်ရင် တစ်ယောက် လိုက်ဖြစ်နေကြကိုး"

"အေး…ဟုတ်မှာပေါ့"

"ကဲလေ…ဒီသင်္ကြန်မှာ ချစ်သူရှာပုံတော်ဖွင့်မယ် ဟုတ်ပလား"

"ပျောက်လို့တော့ မဟုတ်ဘူး၊ မရှိလို့"

စကားအဆုံးမှာ အားလုံး ရယ်ဖြစ်ကြသည်။

◆





အခန်း [၁၅]

ရေကစားမဏ္ဍပ်တစ်ခုရှေ့မှာပဲ ပွင့်ဦးကို ရဲရင့် တွေ့လိုက်ပါပြီ။ ဖြူပြာနှင့် မှုယာတို့ ခြံရံလျက် လှပယဉ်သသော ဝတ်စားဆင်ယင်မှုများနှင့်အတူ ပွင့်ဦးကလည်း အလှကြီး လှနေသည်။

ရဲရင့် ခဏပင် မင်သက်သွားမိသည်။ ပြီးမှ အောင်မိုးနှင့် ခင်ဇော်တို့ဘက် လှည့်ပြီး…

"ဟော့ကောင်တွေ ကြည့်စမ်း၊ ငါ့ချစ်သူကို ရှာတွေ့ပြီ"

"ဘယ်မှာလဲ"

"ဟိုမှာလေ…ဟိုကောင်မလေး"

လူတွေက များသဖြင့် ရဲရင့် ညွှန်ပြရာကို လိုက်ကြည့်သည့်တိုင် ချက်ချင်း မမြင်ကြ။

"ဒီလောက်ဝတဲ့ ကောင်မလေးကိုများကွာ…"

"အိုး…မဲတူးချိတ်နေတာပဲ။ အိုးမဲဒေဝီ"

"အာ…မဟုတ်ဘူးကွ။ ဟိုကောင်မလေးနှစ်ယောက်ကြား…ကောင်မလေး၊ နက်ပြာရောင် ဝမ်းဆက်ကလေးကို ပြောတာ"

ထိုအခါကျမှ…

"အာ…အေး…လှသဟ"

"ပေးလိုက်ပြီ ဒီသင်္ကြန်တစ်ခုလုံးကို အကုန်…

www.burmeseclassic.com



ဒီအလှနဲ့တင် တန်သွားပြီ''

ရဲရင့်က...

''သူ့ကို မြင်ရတာ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲကွာ''

''အဲဒါဆိုရင် အချစ်ဖြစ်လိမ့်မယ်''

''ဟုတ်ပ့ါမလား''

''မသိဘူးလေ...။ ဝတ္ထုတွေထဲမှာ ဖတ်ထားတဲ့အတိုင်းပြောတာ''

''မင်းဟာကလည်းကွာ''

ခင်ဇော်က...

''ရဲရင့် မင်း၊ အဲဒီကောင်မလေးကို ချဉ်းကပ်ကြည့်ပါလား''

''အာ...ဘယ့်နှယ် မတော်တရော်''

''မဟုတ်ဘူးလေ...။ ချဉ်းကပ်ကြည့်ပါလားလို့ ပြောတာ။ ဟို ကြိုးစားကြည့်နိုင်းတာ''

အောင်မိုးကလည်း...

''ဟုတ်တယ် ရဲရင့်။ ဒီလိုကောင်မလေးမျိုးက နောက်တစ်ခါ ပြန်တွေ့ဖို့ မလွယ်ဘူးနော်''

''ဒီလောက်လှမှတော့ကွာ ရည်းစား ရှိရောပေ့ါ''

''ဟ...ရည်းစားရှိရင် ရည်းစားနဲ့ တွဲလည်မှာပေ့ါကွာ။ ခု သူ့ သူငယ်ချင်းတွေနဲ့ လာတာ''

''ဟို...ရည်းစားက နိုင်ငံခြားရောက်နေတာတို့၊ ဘာတို့ဆိုရင်''

''မင်းကလည်း ငှက်မပစ်ခင် လောက်စာလုံး ကုန်နေတယ်''

ခင်ဇော်ကလည်း...

''အေးလေ...ကြိုးစားကြည့်စမ်းပါ။ မင်းရုပ်ရည်နဲ့ဆို ဖြစ်ပါတယ်''

''ဟုတ်ပ့ါမလားကွာ''

''ငါတို့ပြောရင် လွဲခဲပါတယ်။ မင်းကသာ လုပ်ကြည့်ဖို့လိုတယ်''

''မင်းတို့ တကယ်ပြောနေတာနော်''

''ဒီလိုကိစ္စမျိုးက နောက်စရာ မဟုတ်ဘူးဟ''

''ဒါဆိုရင်လည်း...''





ထိုအချိန်မှာပင် ပွင့်ဦးက ရေကစားနေရာမှ...

''ဖြူပြာ မူယာတို့ရေ''

''ဟေ...''

''ငါ လက်ဖက်ရည်ဆိုင်ထဲမှာ ခဏဝင်ထိုင်နေလိုက်ဦးမယ်ဟာ။ နင်တို့ ဆက်ကစားနေပေ့ါ''

''ရပါတယ်...။ ငါတို့လည်း လိုက်ခဲ့မယ်လေ''

''နေပါ။ နင်တို့ ကစားတာ အရှိန်ပျက်သွားမယ်။ နည်းနည်းညောင်းလာလို့ ခဏနားချင်လို့''

''ဪ...ငါတို့ကို ပစ်သွားမှာပေ့ါ၊ ဟုတ်လား...။ မိုးကုတ်က ရောက်လာတဲ့ တောသူမလေးနှစ်ယောက်ကို ရန်ကုန်သူကြီးက...''

''မဟုတ်ပါဘူးဟာ၊ ပြောကြကြေးဆိုရင် တောသူက ရန်ကုန်သူ ထက် အမောခံနိုင်တယ်။ ပြီးတော့ မိုးကုတ်ဆိုတာ တောမှ မဟုတ်တာ''

''အေးပါဟာ...ငါတို့က နောက်တာပါ။ သွား...သွား ပြန်လည်း လာဦးနော်။ ငါတို့ကို စောင့်လည်းကြည့်ဦး''

''အေးပါ...စိတ်ချပါ''

ပွင့်ဦးက အနီးမှ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသည်။

ရဲရင့်အတွက် အခွင့်ကောင်း ကြုံသွားသည်။ ရေစက်တုန်း ရေကွင်းထဲ ကျတာမဟုတ်။ သူ့အတွက်တော့ ရေစက်တုန်း သကြြန်ကျခြင်းဖြစ်သည်။ ထိုဆိုင်တွင်းသို့ လိုက်ဝင်သွားလိုက်သည်။ ပွင့်ဦး ထိုင်ရာ စားပွဲနားရောက်မှ မယောင်မလည်နှင့် မည်သို့ စကားစရမည်မှန်း မသိ ဖြစ်နေသည်။

ပွင့်ဦးက...

''ရှင်က စားပွဲထိုးလား။ ထင်တောင် မထင်ရဘူး။ အေးလေ... ဒီလိုနေ့မျိုးမှာ ရှင်ကလည်း ဒီလိုပြင်ဆင်ထားမှာပေ့ါ။ ကျွန်မ လက်ဖက်ရည် မှာထားပြီးပါပြီ''

''အာ...မဟုတ်ဘူးခင်ဗျ။ ကျွန်တော် စားပွဲထိုး မဟုတ်ပါဘူး။ အစ်မလေးဆီမှာ စက္ကူများ ပါသလားလို့ မေးကြည့်တာပါ။ တခြား ဘယ်သူ့ဆီမှာမှ မပါလို့''



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးက ရဲရင့်ကို အကဲခတ်သလိုကြည့်ပြီး…

“ပါပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ပေးလိုက်ပါ့မယ်။ နှမြောတော့ နှမြောစရာကြီး”

“ဘာဖြစ်လို့လဲ”

“ရေမွှေးစက္ကူရှင့်”

“ဟာ…အဆင်ပြေတာပေါ့ အစ်မလေးရယ်”

ပွင့်ဦးက အင်္ကျီအိတ်ထဲမှာ ပလပ်စတစ်နှင့် သပ်ယပ်စွာ ထည့်ထုပ်လာသော စာရွက်များထဲမှ တစ်ရွက်ကို ထုတ်ပေးလိုက်၏။ ရဲရင့်က ဘရိုတသေယူသည်။

“ကျွန်မက စက္ကူထုပ်ပေးတာ ဟုတ်ပါပြီ။ ရှင်က ဘယ်နားကို သွားမှာလဲ”

ရဲရင့်က နားမလည်သော အမူအရာဖြင့်…

“ခင်ဗျာ…”

“ကဲ…ထားပါလေ။ ရှင့်ဘာသာ အန္တရာယ်မလွယ်နိုင်တဲ့ကိစ္စကို ကျွန်မက ဝင်ပြောနေလို့လည်း မကောင်းပါဘူး”

“အာ…အဲဒီလို မဟုတ်ဘူး အစ်မလေးရဲ့။ ဒီလိုဗျာ…ကျွန်တော် ရှင်းအောင်ပြောမယ်။ အစ်မလေး ကျွန်တော့်ကို ဘောလ်ပင်ရော ငှားနိုင်မလား”

“ဘာလုပ်မလို့လဲ”

ရဲရင့်က သွားဖြီကလေးနှင့် ဖြေ၏။

“ဟိုလေ…အစ်မလေး နားလည်မှာပါ။ ကျွန်တော် ဟို ကျွန်တော့် ကောင်မလေးကို ရည်းစားစာ ပေးမလို့”

ပွင့်ဦးက လူကြီးဆန်ဆန် ရယ်သည်။

“ရှင်ကလည်း အလိုက်တာ”

“ခင်ဗျာ…”

“ဒီခေတ်က ရည်းစားစာပေးတဲ့ခေတ် မဟုတ်ဘူးရှင့်”

“ဟိုလေ…ရည်းစားစကားလည်း မပြောတတ်လို့ပါ။ ပြောလည်း မပြောရဲဘူး။ ဒါ…ဒါ…နောက်ပြီး ဟို ပါးထရိုက်လိုက်ရင်လည်း ခက်မယ်”



ပွင့်ဦးက ရယ်မောလျက်…

“ကဲ…ကဲ”

ဘောလ်ပင်ကို ထုတ်၍ ပြောမည်ပြုပြီးမှ…

“နေပါဦး…။ ရှင် ရည်းစားစာရော ရေးတတ်ရဲ့လား”

“အဲ…ရေးတော့ မရေးတတ်ဘူးပေါ့ဗျာ။ ဒီလိုပဲ ကြည့်ကျက် ရေးရမှာပေါ့။ ချစ်တယ်…ဘာညာ အဲဒါမျိုးပေါ့။ အဟီး…”

ပွင့်ဦးက ခေါင်းကို ခပ်လေးလေး ခါရမ်းခါပြီး…

“မဟုတ်သေးပါဘူး”

“ခင်ဗျာ…”

“တစ်အချက်… ရှင် ရည်းစားစာ ရေးတတ်ပုံ မပေါ်ဘူး”

“အစ်မလေးကလည်း ဒီလိုပဲ ကြည့်ကျက် ရေးရမှာပေါ့”

“အဲဒီလိုနဲ့များ ရမယ် အောက်မေ့လား”

“အဲ…အဲဒါကတော့”

“နှစ်အချက်ကို ထပ်ပြောဦးမယ်။ ဒီသကြန်ရက်ကြီးထဲမှာ ရှင် သူ့ကို ရည်းစားစာပေးလို့ ဘယ်ရမလဲ။ ရေစိုပြီး ပျက်သွားမှာပေါ့။ စာရွက်တောင် ပြိသွားဦးမယ်”

“ဟုတ်ကဲ့…။ ကျွန်တော်ကလည်း အဲဒါကိုပဲ စမ်းသပ်ချင်တာ။ ဟိုလေ…သူကသာ ကျွန်တော့်အပေါ် အလေးအနက်ရှိရင် ဒီစာရွက်ကို ရေမစိုအောင် သူ ထိန်းသိမ်းပေးထားနိုင်မှာပေါ့”

ပွင့်ဦးက ချင့်ချိန်ဟန်ဖြင့်…

“လွယ်ပါ့မလားရှင်”

“အချစ်မှာ မဖြစ်နိုင်တာ မရှိပါဘူး အစ်မလေးရယ်”

ပွင့်ဦးက ဟက်ဟက်ပက်ပက် ရယ်၏။ ပြီးမှ…

“ကဲ…ဟုတ်ပါပြီ၊ ရည်းစားစာကို ဘယ်လိုရေးမလဲ။ ရှင့်ပုံစံကို ကြည့်ပြီး ကျွန်မတောင် အတော်ရယ်ချင်နေပြီ။ ရေးပြစမ်းပါဦး”

“အဲ…ကျွန်တော် မရေးတတ်လှပါဘူး။ အစ်မလေးရေးတတ်ရင် ရေးပေးပါလား…။ ကူညီလက်စနဲ့”

www.burmeseclassic.com



ပွင့်ဦးက ရှင်ဘတ်ကို လက်နှင့်ဖိရင်း…

"အလိုတော်… ကျွန်မက ရေးပေးရမယ်။ ဟုတ်လား…"

ရဲရင့်က မျက်နှာငယ်လေးနှင့်…

"ဟုတ်ကဲ့"

ပွင့်ဦး နည်းနည်းတော့ ကသိကအောင့်ဖြစ်သွားသည်။ သို့သော်

"ကဲ…ထားပါတော့။ ရှင့်အတွက် ရည်းစားစာကို ကျွန်မကပဲ ရေးပေးပါ့မယ်။ ရှင့် ရည်းစားစာနာမည်က ဘယ်လိုခေါ်လဲ"

ရဲရင့် အံပြောရ ခက်သွားသည်။ မှုနေသည်ထင်၍ ပွင့်ဦးက စိတ်မရှည်။

"ကဲ…ပြောလေ။ ဒါမှ ပေးပေးလို့ ရမှာပေါ့"

ရဲရင့် ခေတ္တ အကြံအိုက်သွားသည်။ ပြီးမှ ရယ်သွမ်းသွေးလျက်

"ဟဲ…ဟဲ…။ ကျွန်တော့်ရည်းစားကို ကျွန်တော်ပေးထားတဲ့ နာမည်က သူကလေး…တဲ့"

ပွင့်ဦး သဘောကျသွားသည်။

"နေပါဦး။ ရှင်က သူ့ကို ဘာဖြစ်လို့ သူကလေးလို့ ခေါ်ရတာလဲ"

ရဲရင့်က မတ်တပ်ကြီးရပ်မနေတော့ဘဲ ပွင့်ဦးရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ပွင့်ဦးကို မသိမသာ ငေးနေမိသေး၏။ နောက်မှ

"သူ့နာမည်က ဒေါ်ကလေးမလို့ ခေါ်တယ်ဗျ"

ပွင့်ဦး အံ့သြသွားသည်။

"ဟင်…ဒေါ်ကလေးမ။ ဟုတ်လား…"

ရဲရင့်က ပကတိရိုးသားသောမျက်နှာနှင့်…

"ဟုတ်ကဲ့"

ပွင့်ဦး ဝေခွဲမရ ဖြစ်သွားသည်။

"ရှင်…စိတ်ခိုင်ပါတယ်နော်"

"ဟုတ်ကဲ့၊ ခိုင်ပါတယ်"

"ကဲ…အဲဒါဆိုရင်လည်း ကျွန်မက ဒီစာကို ရေးပေးမယ်"

ပွင့်ဦးက ရည်းစားစာ ရေးပေး၏။ ရဲရင့်က လှမ်းကြည့်သည်။



သူတင်မဟုတ်၊ ပွင့်ဦးက လက်ရေးပါ လှသည်။ ဝိုင်းဝိုင်းနွဲ့နွဲ့ကလေးတွေ။

"ကျွန်မ ရေးနေတုန်း လိုက်မဖတ်နဲ့ရှင့်။ ကျွန်မ မရေးတတ်တော့ဘူး"

"ဩော်…ဟုတ်ကဲ့…ဟုတ်ကဲ့"

ရဲရင့်က သူ့ကို မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်၏။ နောက်မှ စာကို မကြည့်လည်း ပွင့်ဦးကို ကြည့်၍ဖြစ်ကြောင်း သတိရ၏။ သေသေချာချာ ငေးနေလိုက်သည်။ အငေးကောင်းသဖြင့် ပွင့်ဦးက စာရေးပြီး၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ မိသွားသည်။

"ဟော့လူ"

"ဗျာ…"

ရဲရင့် နည်းနည်းရှက်သွားသည်။ ပွင့်ဦးက ဂရုမထားဟန်ဖြင့်

"ရှင် ရေးခိုင်းတဲ့ စာကလေးတော့ ပြီးသွားပြီ"

"ဟိုလေ…။ သူ့ကို အရမ်းချစ်တဲ့အကြောင်း ပါရဲ့လားဗျာ"

"ပါပါတယ်ရှင့်"

"ဟို…သိပ်လှတယ်ဆိုတဲ့ အကြောင်းရော…"

"ပါတယ်"

"သူ့အချစ်ကို ကျွန်တော် မျှော်လင့်နေတဲ့အကြောင်း"

"ဩော်…ပါပါတယ် ပြောနေတော့မှ"

"အဟီး…။ အဲဒါဆိုရင်တော့ အဲဒီစာကို အစ်မလေးပဲ ယူထားလိုက်တော့နော်။ ကျွန်တော်က အစ်မလေးကို ပေးမလို့"

"ဘာ…"

ပွင့်ဦး ဒေါပွသွားသည်။ ရဲရင့်၏ အင်္ကျီကော်လာစကို ဖမ်းဆွဲလိုက်ပြီး…

"ရပ်ကွက်ရုံးကို ပို့ပေးကြပါရှင်"

အားလုံးကြားအောင် အော်လိုက်သဖြင့် လူတွေ ဝိုင်းလာကြတော့သည်။

◆

www.burmeseclassic.com



အခန်း [၁၆]

ရပ်ကွက်ရုံးသို့အသွားမှာ ဘေးလူတွေက ဝိုင်းကြည့်သဖြင့် ရဲရင့် မျက်နှာအထားရ ခက်နေတော့သည်။ သို့သော် မျက်နှာက ဤနေရာမှလွဲလျှင် အခြားဘယ်နေရာမှလည်း သွားထား၍ မရ၊ ဘေးလူတွေကလည်း စပ်စုလွန်းသည်။ လူတွေကသာ ဘေးမှာနေသော်လည်း မျက်လုံးတွေက ရဲရင့်မျက်နှာပေါ် ရောက်နေသည်။

တစ်ခုတော့ ရှိပါသည်။ ဘေးလူတွေက ပွင့်ဦး အကူအညီ တောင်း၍သာ လိုက်ပို့ရသည်။ ရယ်ချင်နေကြ၏။ သမီးရည်းစား စိတ်ကောက်ကြသည်ဟုသာ ထင်နေသည်။ ရပ်ကွက်ရုံးကို ဝတ္တရားအရ ပို့ပေးပြီးတော့ အလျှိုအလျှို ပြန်သွားကြသည်။ သက်သေဖြစ်သည့် လက်ဖက်ရည်ဆိုင် ပိုင်ရှင်က လိုအပ်လျှင် လာခေါ်ပါဆိုပြီး သူ့ဆိုင်သူ ပြန်သွားသည်။

ရပ်ကွက်ရုံးက လူရှင်းနေ၏။ ပွင့်ဦးက အတွင်းခန်းမှာ တိုင်ချက် ဖွင့်နေတုန်း ရဲရင့်က အပြင်မှာ စိတ်ပျက်လက်ပျက် ထိုင်နေရသည်။ အရိပ်အယောင်ပင် မမြင်ရတော့သော ခင်ဇော်နှင့် အောင်မိုးကိုလည်း စိတ်ထဲမှ ကျိန်ဆဲနေမိ၏။

ထိုအချိန်မှာပဲ သတ္တိက ရုံးရှေ့မှ ဖြတ်အလျှောက် ရဲရင့်က…

''သတ္တိ…။ ဟေ့ကောင် သတ္တိ''



သတ္တိကလည်း အံ့ဩသွားသည်။

''ဟာ…ဟေ့ကောင် ဘယ်လိုဖြစ်တာလဲ''

''လုပ်စမ်းပါဦးကွာ…။ ငါ့ကို ဟိုကောင်မလေးက အတင်းအဓမ္မ ခေါ်လာတယ်''

''ဘယ်ကောင်မလေးလဲ''

''ဟိုအထဲမှာ…''

လှမ်းကြည့်၍လည်း မမြင်ရပါ။ သတ္တိနှင့် သူက ဝတ်စုံဆင်တူ ဝတ်ထားလျက်သား ဖြစ်နေ၍ ရဲရင့် အတော်ဝမ်းသာသွားသည်၊ သတ္တိကို

''မင်း ဘယ်သွားမလို့လဲ''

''ဟ…သကြံန်လျှောက်လည်တာပဲကွ။ ဘယ်သွားရမှာလဲ''

''လုပ်ပါဦးကွာ''

''အာ…မင်းဘာသာ ဘာတွေရှုပ်ထားမှန်း မသိဘဲနဲ့ ငါက ဘာလုပ်ရမှာလဲ။ မင်းကလည်းကွာ…ပြဿနာပဲ။ ဖေဖေသိရင် ခက်ဦး မယ်နော်။ မသိစရာလည်း အကြောင်းမရှိဘူး။ ဖေဖေ့နားကို ပြန်ရောက် မှာပဲ၊ မင်းတင် မဟုတ်ဘူး။ ငါပါ အနေကြပ်မယ်။ တော်ကြာ လျှောက် မလည်ရတော့ဘူးဆို ပြဿနာပဲ''

''အေးပါ…။ ငါလည်း မင်းကို အဲဒါ တိုင်ပင်မလို့''

''ဘာလဲ…ပြော''

''ငါ ခု အိမ်သာ အရမ်းတက်ချင်နေတယ်''

''မင်းဘာသာ သွားပါလား။ ရုံးနောက်တက်မှာ အိမ်သာရှိတာပါ။ ငါက အိမ်သာ ကူတက်ပေးရဦးမှာလား''

''မဟုတ်ဘူးလေ…။ လောလောဆယ်မှာ ငါက တရားခံ ဘယ်သူက ငါ့ကို ယုံမှာလဲ။ ငါက အိမ်သာသွားချင်ဟန်ဆောင်ပြီး ဘွက်ပြေးတယ် ထင်မှာပေါ့''

''အဲဒါဆို ငါက ဘယ်လိုလုပ်ပေးရမှာလဲ''

''ငါ့နေရာမှာ မင်း ခဏ အစားဝင်ပေးစမ်းပါ။ ဒါဆို သူတို့ ယုံမှာပေါ့''

''အာကွာ''

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က ဗိုက်နိုင်ပြီး ရှုံ့မဲ့ပြော၏။

"လုပ်ပါကွာ...။ ထွက်ကျတော့မယ်ကွာ"

သတ္တိက ဘေးဘီဝဲယာကို အကဲခတ်ပြီး...

"မင်းကို စောင့်ကြည့်နေတဲ့လူလည်း မရှိပါလား"

"အထဲကနေ ထွက်လာပြီး ကြည့်တော့ ကြည့်တယ်၊ မျက်နှာနာနေတဲ့ သူတွေမို့ တင်းတင်းကြပ်ကြပ်တော့ မလုပ်ဘူး"

"ကဲ...ကဲ အဲဒါဆိုလည်း သွားကွာ။ ဝင့်ရှိတော့လည်း ခံရမှာပေါ့။ မြန်မြန်တော့လုပ်။ ငါ့ကို ဝင်းထွက်တဲ့ ကျော်ထွေးတို့က စောင့်နေတာ"

"အေးပါကွာ..."

ရဲရင့် ဗိုက်နိုင်လျက် အိမ်သာဘက် ထွက်သွား၏။ အမှန်တကယ်ပင် အိမ်သာတက်ခြင်း ဖြစ်ပါသည်။ ဗိုက်ကလည်း အငြိုးတကြီးနိုင်လှသဖြင့် ကိစ္စက အတော်နှင့်မပြီး။ ဖြစ်ချင်တော့ ရဲရင့် ထွက်သွားပြီးပြီးချင်းမှာပဲ...

"လာ..."

ရပ်ကွက်လူကြီးတစ်ယောက်က သတ္တိကို လာခေါ်၏။

"မင်းကို စစ်တော့မယ်။ ဥက္ကဋ္ဌက ခေါ်ခိုင်းလိုက်တယ်"

"အာ...ဒုက္ခပါပဲ"

သတ္တိ စိတ်ညစ်ညူးစွာ လိုက်သွားရသည်။

ဥက္ကဋ္ဌရှေ့ကို ရောက်တော့ ဥက္ကဋ္ဌက ဟန်ပါပါမော့ကြည့်သည်။

"ဟင်...မင်း ဒီနေ့ လာရပြန်ပြီလား"

"အဟီး...ဟုတ်ကဲ့။ ဥက္ကဋ္ဌ နေကောင်းရဲ့လားလို့ လာမေးတာပါ"

ပွင့်ဦးက ဒေါသတကြီး ထအော်သည်။

"ဘာ...ရှင့်"

ထိုအချိန်မှာမှ ပွင့်ဦး၏ မျက်နှာက သတ္တိဘက်သို့ လှည့်လာခြင်းဖြစ်သည်။ အစကတော့ ကျောပေးရက်သားဖြစ်နေ၍ သတ္တိ မမြင်ရ။ မြင်ရတော့လည်း ပွင့်ဦး၏အလှမှာ သတ္တိ ခေတ္တ မင်သက်သွားသည်။



ပွင့်ဦးက...

"ရှင်...အရှက်မရှိဘူးလား"

"ဗျာ...။ အရှက်လား ရှိပါတယ်"

"အဲဒါဆို ကိုယ့်တာဝန် ကိုယ်မယူရဲဘူးလား"

"ဗျာ..."

အဓိပ္ပါယ်တစ်မျိုးကောက်လိုက်မိပြီး သတ္တိ အကြီးအကျယ် တုန်လှုပ်သွား၏။ ပွင့်ဦးကလည်း သူ့စကားက တစ်မျိုးကြီးဖြစ်သွားမှန်း ရိပ်မိပြီး ရှက်သွား၏။ ပြင်ပြောသည်။

"ရှင် ကျွန်မကို ရည်းစားစာပေးတဲ့ ကိစ္စကို ဝန်မခံဘူးလားလို့ ပြောတာ"

သတ္တိ စိတ်သက်သာရာ ရသွား၏။ ဒီလောက်ဆိုရင် တော်ပါသေးသည်။

"အဲဒီစာအောက်မှာ ကျွန်တော့်လက်မှတ်များ ပါလို့လားဗျာ"

"လက်မှတ်လိုသေးလား။ ရှေ့တည့်တည့်မှာ ရှင်ကိုယ်တိုင် လာပေးတဲ့ကိစ္စ"

"အဲဒီစာကရော ကျွန်တော့်လက်ရေး ဟုတ်ရဲ့လားဗျာ"

ပွင့်ဦး အဖြေရ ကြပ်သွားသည်။

"ဒါကတော့..."

ဥက္ကဋ္ဌက ဘာမှ ဝင်မပြောသေးဘဲ သူတို့နှစ်ယောက်ကို အကဲခတ်နေ၏။

အတွင်းရေးမှူးက ခုမှ ရောက်လာသည်။ သတ္တိတို့ကို အံ့သြသလို တစ်ချက်ကြည့်ပြီး သူ့ခုံမှာ သူ ဝင်ထိုင်၏။ ဥက္ကဋ္ဌက ပွင့်ဦးကို...

"ကဲ...သမီး၊ သမီးပြောတာကိုလည်း နားထောင်ပြီးပြီ။ အဲဒီစာကို ပြပါဦး"

ပွင့်ဦး ရှိုးတိုးရှန့်တန့် ဖြစ်နေ၏။ ဥက္ကဋ္ဌက အကဲခတ်မှု

"သမီးရယ်...ရှက်စရာ မဟုတ်ပါဘူး"

သတ္တိဘက်ကိုလည်း လှည့်ပြီး မျက်နှာထားနှင့်

'သတိထား' ဟူသော သဘောဖြင့် လက်ညှိုးထောင်ပြ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးဘက် ပြန်လှည့်သည်။

''ကဲ…သမီး။ အဲဒီစာကို ပြလေ''

မလွှဲသာတော့သဖြင့် ပွင့်ဦးက စာကို ထုတ်ပေးလိုက်ရ၏။ ဦးကဥ္စက ဖတ်ပြီး မျက်မှောင်ကြုတ်နေသည်။ ပွင့်ဦးရော သတ္တိပါ စိတ်လှုပ်ရှားနေမိ၏။

စာဖတ်၍ ဆုံးတော့မှ ဦးကဥ္စက…

''ဒါ ဘောလ်ပင်နဲ့ ရေးထားတာပဲ''

''ဟုတ်ပါတယ်ရှင်''

ဦးကဥ္စ၏ မျက်လုံးအစုံက သတ္တိ၏ မျက်နှာပေါ် မြားနှင့်ပစ်သလို ရောက်လာ၏။

''ဟိုကောင်လေး''

''ခင်ဗျာ…''

''မနက်က မင်းကို ငါ မေးတော့ မင်းမှာ ဘောလ်ပင်မရှိဘူးဆို''

''ဟုတ်ပါတယ်ခင်ဗျ''

''ခုကျတော့ မင်းက ရည်းစားစာကို ဘောလ်ပင်နဲ့ ရေးထားပါလား''

''ဟို…ဟို ကျွန်တော်''

သတ္တိ ဦးကဥ္စကို မျက်နှာချိုသွေးရတော့၏။

''ဟိုလေ…။ ကျွန်တော့်ကို အဲဒီစာလေး ခဏပေးဖတ်ပါလား''

ဦးကဥ္စက ဒေါပွသွားသည်။

''မင်း ကိုယ့်ဘာသာ ဘာရေးလို့ ရေးထားမှန်း မသိဘူးလား''

''ဟင်…ရည်းစားစာဆို''

''ဟုတ်တယ်လေ…။ မင်းက ဘာကိစ္စ တောင်းဖတ်ချင်ရတာလဲ''

''ကျွန်တော့်လက်ရေး မဟုတ်ဘူး ထင်လို့ပါ''

''လက်ရေးကတော့ မိန်းကလေးလက်ရေးမျိုးပဲ။ မင်း ဖျက်ရေးထားတာ ဖြစ်မှာပေါ့။ နေပါဦး…။ မနက်က ငါ ဘောလ်ပင်ငှားတော့ မင်းက ဘာလို့ မရှိဘူးလို့ ပြောရတာလဲ''



''မဟုတ် မဟုတ်ပါဘူး။ တကယ်ကို မရှိပါဘူး။ သင်္ကြန်ရေထွက်ဘောတာကို ဘာကိစ္စ ဘောလ်ပင်တွေ၊ စာရွက်တွေ ထည့်ပြီး ကစားရမှာလဲ ဦးကဥ္စရဲ့။ အရှုးမှ မဟုတ်တာ''

''ဘာ…ရှင့်''

ပွင့်ဦး ဒေါပွသွား၏။ သူမက ဘယ်ကိုသွားသွား စာရွက်၊ ဘောလ်ပင်၊ ဖုန်းစာအုပ်ငယ် စသည်တို့ကို ယူသွားတတ်၏။ သတ္တိ သက်သက်ယုတ်ပတ်ပြီး ပြောသောစကားဟု သူမက ထင်လိုက်၏။ သတ္တိမှာလည်း ရဲရင့်ကိုပဲ စိတ်ထဲမှာ ဒုတိယမ္ဘိ ကျိန်ဆဲမိ၏။

''မင်းကို ငါ ပုဆာထုတ်နေတယ်။ ဖြေလေ…''

''ပွစ္စာပါ ဦးကဥ္စရဲ့''

''အေး…အေး။ အတွင်းရေးမှူးပြောတဲ့ အတိုင်းပဲ၊ ဖြေလေ…''

သတ္တိ လေပူမှုတ်ထုတ်လိုက်မိ၏။

''ကျွန်တော်တော့ ဘာကိုမှ မပြောတတ်တော့ပါဘူးဗျာ''

''ဒီဘောလ်ပင်လေးတစ်ချောင်းဟာ ဘယ်လောက်မှ တန်ဖိုးကြီးတာ မဟုတ်ဘဲနဲ့ မင်းက…''

ပွင့်ဦးက ဖြတ်ပြီး စောဒက တက်၏။

''ဘဘ သူ သမီးကို ရည်းစားစာပေးတဲ့ကိစ္စ ဖြေရှင်းပေးပါဦး''

ဦးကဥ္စက ခုမှ သတိပြန်ဝင်ဟန်နှင့်…

''အေး…အေး ဟုတ်တယ်။ ကဲ…မင်းကို ငါ ဘယ်လို အပြစ်ပေးရမလဲ။ ပြော…''

သတ္တိက မျက်နှာသေကလေးနှင့် ပြောရသည်။

''ဘယ်လိုမှ အပြစ်မပေးပါနှင့် ဦးကဥ္စရယ်…။ သင်္ကြန်ကာလ ပျော်ကြ၊ နောက်ကြ၊ ကစားကြ၊ လူငယ်ချင်း ကိစ္စလေးပါ''

''ဘောလ်ပင်ကို ငါ့ကို ဘာလို့ မငှားချင်တာလဲ''

''မဟုတ်ပါဘူး…။ ဘာလို့ မငှားချင်ရမှာလဲ''

''မင်းက ဒီလောက်တောင် မသဒ္ဓါဘူးလား။ ဟုတ်လား…''

''အာ…မဟုတ်ပါဘူး ဦးရယ်''

www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုလျှင် ဒီဘောလ်ပင်ကို...''

ပွင့်ဦးက ကြားမှဝင်ပြီး စောဒက တက်ရပြန်သည်။

''ဘာဘ ဟိုလေ...။ သမီးလည်း ရေတွေစိုပြီး ချမ်းနေပြီ။ သမီးရဲ့ကိစ္စကို ဖြေရှင်းပါဦး''

''အေးပါကွယ်...အေးပါ။ ကဲ...သမီးက ဘယ်လိုဖြစ်ချင်သလဲ''

''သူ့ကို အရေးယူပေးပါ''

''အေးလေ...။ ဘယ်လို အရေးယူစေချင်တာလဲ''

''ထိပ်တုံးခတ်ပေးပါ''

''အာ...သမီးကလည်း ထိပ်တုံး ဘယ်လိုခတ်မှာတုန်း။ ရှိမှ မရှိတာ''

''ဒါဖြင့်... ကြိမ်ဒဏ်''

''အာ...မလုပ်နဲ့လေ။ စကာပူမှာဆိုရင်...''

''စင်ကာပူပါ ဥက္ကဋ္ဌရဲ့''

ဥက္ကဋ္ဌ စိတ်ဆိုးပြီး အတွင်းရေးမှူးကို လှည့်ကြည့်၏။ အတွင်းရေးမှူး ငြိမ်သွားသည်။

''စကာပူမှာ သြော်...တော်ပါပြီ သမီးရယ်။ ဖြစ်နိုင်တာ ပြောပါ။ ဒါ...သမီးကို ကာအိမ်ဒိရေဖျက်ဆီးမှု မြောက်တယ်''

ဒီတစ်ကြိမ်တွင်တော့ ''ကာကွန်မြေ့ပါ ဥက္ကဋ္ဌရဲ့''ဟု အတွင်းရေးမှူးကလည်း မပြောရဲတော့ချေ။

''ကဲ...သမီး ဖြစ်ချင်တာသာကို ပြောလေ။ ဖြစ်သင့်တာ ဖြစ်နိုင်တာကိုပေါ့''

ပွင့်ဦးက နားထင်စပ်မှ ဆံနွယ်စကလေးများကို သပ်ကာ စိတ်ရှုပ်ထွေးဟန် ပြ၏။

''သမီးလည်း မပြောတတ်ဘူး။ သမီးမှ အမှုမဖြစ်ဖူးဘဲ''

''သြော်...သမီးရယ်။ ဘယ်သူကမှ အမှုဖြစ်နေကျဆိုတာ မရှိပါဘူး။ အခုကိစ္စကို သမီးလိုအပ်သလို ပြော၊ သူက တောင်းပန်ရင် လက်ခံမလား''

ထိုအချိန်မှာ ဆူညံပူညံအသံများကြားပြီး ဖြူပြာနှင့် မူယာတို့ညီအစ်မ ရောက်လာသည်။

ဖြူပြာက...

''ဟယ်...ပွင့်ဦးရယ် ရှာလိုက်ရတာ။ နင်ထိုင်သွားတဲ့ဆိုင်က ပြောလို့ လိုက်လာရတာ။ နင့်ကို ရည်းစားစာပေးတယ်ဆိုတာ သူလား''

သတ္တိကို ပြူးတူးပြဲတဲ ကြည့်ရင်း ပြောခြင်းဖြစ်၏။ ဘာလုပ်ရ ...ည့်မှန်း မသိ၍ သတ္တိက လက်ကလေးနောက်ပစ်လျက် ခါးကလေး ...ကိုင်းကာ ပြုံးပြ နှုတ်ဆက်လိုက်သည်။ ပွင့်ဦးက...

''အေး...ဟုတ်တယ်''

မူယာက...

''မဆိုးပါဘူး။ နင့်လူက ချောသားပဲ''

''ဘာ...''

ပွင့်ဦးက ထိုသို့ ထအော်လိုက်သလောက် သတ္တိက ကော်လံတွေ ...ဘာတွေ ပြင်ထောင်ရမလို ဖြစ်သွားသည်။ လောကကြီးမှာ အမြင်မှန်သူ ...တွေလည်း ရှိပါသေးလားဟု မဆီမဆိုင် တွေးမိသည်။ ပွင့်ဦးကပဲ...

''ဘာ...ငါ့လူလဲ''

သတ္တိက ဝင်ပြောသည်။

''အေးဗျာ...။ ခင်ဗျားတို့ သူငယ်ချင်းကိုလည်း ပြောပြကြပါဦး။ ...ည်းစားစာလေး ပေးမိတာ အပြစ်ကြီးမဟုတ်ပါဘူး။ အချစ်ကြီးပါ။ ...ူကလည်း လှတာကိုးဗျ''

ပွင့်ဦးက...

''လှတာ အပြစ်မဟုတ်ဘူး''

''အေးဗျာ...။ ချစ်မိတာလည်း အပြစ်မဟုတ်ပါဘူး''

အတွင်းရေးမှူးက ရှုပ်ထွေးနေသော အခြေအနေကို ဝင်ထိန်း...

''ကဲ...ကဲ...သားတို့ သမီးတို့ရေ။ အခါကြီးရက်ကြီးမှာ ဘာ ...ပြစ်မှုလည်း မပေးချင်ပါဘူး။ အခု သမီးတို့ ကျေနပ်အောင် ဦးတို့က ...သူ့ကို ခံဝန်မှာ လက်မှတ်ထိုးခိုင်းမယ်။ ပြီး ရုံးအိမ်သာကို သန့်ရှင်းရေး ...လုပ်ခိုင်းမယ်။ ရမလား...''

www.burmeseclassic.com



ပွင့်ဦးက အင်တင်တင်ဖြင့်…

“အင်း…ရပါတယ်”

“ကဲ…ကဲ…သမီးတို့လည်း ရေတွေစိုထားတော့ ချမ်းရော့မယ်။ ပြန်ကြ…ပြန်ကြ”

“ဟုတ်ကဲ့။ ကျေးဇူးပါပဲ”

သတ္တိကလည်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို…

“ဟုတ်ကဲ့။ ကျွန်တော်ကလည်း ကျေးဇူးပါပဲ”

ထိုသို့ပြောပြီး သူက ရှေ့ဆုံးမှ ပြန်မည့်ဟန် ပြု၏။ ဥက္ကဋ္ဌက

“ဟေ့ကောင် ဘာလဲ။ ညာတာပါတေးနဲ့ မင်း ပြန်လို့ မရဘူး။ နေခဲ့။ အိမ်သာဆေးရမယ်”

သတ္တိမျက်နှာ မအီမသာနှင့် ကျန်ရစ်ခဲ့သည်။ ပွင့်ဦးတို့ကတော့ သူ့ကို လှည့်တောင်မကြည့်ဘဲ ပြန်ထွက်သွားကြ၏။ သတ္တိခမျာ ဘယ်လိုမှ ရင်ခုန်စရာမကောင်းသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကိုသာ မျက်နှာငယ်လေးနှင့် ကြည့်ရင်း ကျန်ရစ်ခဲ့၏။

ဥက္ကဋ္ဌက…

“အပြင်မှာ သန့်ရှင်းရေးပစ္စည်းတွေ ရှိတယ်။ သွားယူ”

သတ္တိ ကုတ်ကုတ်ကလေး ထွက်လာရ၏။ ကံကောင်းချင်တော့ အစာဟောင်းတွေကို လတ်လတ်ဆတ်ဆတ်စွန့်ပစ်လာပြီးသော ရဲရင့်က သူ့ကို ချောင်ကွယ်မှ တိတ်တိတ် လက်ယပ်ခေါ်သည်။

“ဟေ့ကောင် အခြေအနေက ဘယ်လိုလဲ”

သတ္တိ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး…

“ပြဿနာတစ်ပိုင်းကို ငါ ရှင်းပြီးသွားပြီ။ ကျန်တာ မင်းဘာသာဆက်ရှင်း”

ထိုသို့ပြောပြီး သတ္တိ လစ်ထွက်လာခဲ့၏။ မည်သူကမှ သတိမထားမိလိုက်။ ရဲရင့် အူကြောင်ကြောင်ဖြစ်ပြီး ကျန်ရစ်သည်။ အတွင်းရေးမှူးက ထွက်လာပြီး…

“မင်း ဘာယောင်လည်လည် လုပ်နေတာလဲ။ အိမ်သာကို သွားလေ”





“ကျွန်တော် အခုမှ ပြန်လာတာ”

“မင်း…ပြောင်ညာနေတယ်။ သွား…ဟိုက သန့်ရှင်းရေးပစ္စည်းတွေကို ယူ။ အိမ်သာသွား”

“ဟောဗျာ…”

ရဲရင့် နှီးလိုးခုလု ဖြစ်နေမိသည်။ “ဟိုကောင် သတ္တိ ဘာလုပ်သွားလဲ မသိဘူး”ဟုလည်း တွေးမိ၏။ ခုပဲ အိမ်သာထဲက ထွက်လာပြီး ခုပဲ အိမ်သာထဲသို့ ပြန်ဝင်ရဦးတော့မည်။

“ကျွန်တော် ဘာလုပ်ရမလဲ”

“စင်အောင်ဆေး”

◆

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အေးငြိမ်း၏ အခန်းတွင်းသို့ သတ္တိ မယောင်မလည် ဝင်ရသည်မှာ ဤတစ်ကြိမ်နှင့်ဆိုလျှင် လေးကြိမ်ရှိပြီ။ ပထမအကြိမ် ဝင်ကတည်းက အေးငြိမ်းက သမထ ထိုင်နေ၏။ ဂမ္ဘီရသဘောဖြင့် ထိုင်သလား အိုက်ကီဒိုပညာသဘောဖြင့် ထိုင်သလားတော့ မသိ။ အေးငြိမ်း သမထ ထိုင်လျှင် အလွန်ကြာသည်။ လူကလည်း ကျောက်ဆစ်ရုပ်တစ်ရုပ်ပမာ ဖြစ်နေပြီး တုတ်တုတ်မလှုပ်၊ ငြိမ်သက်လှသည်။

သတ္တိပြန်ထွက်မည့်အလုပ်မှာ အေးငြိမ်းက မျက်လုံးဖွင့်လာသည်။ သတ္တိက အကြောင်းမဲ့ ရယ်ပြလိုက်၏။ အေးငြိမ်း ထိုင်ရာမှထပုံကိုကြည့်ပြီး

''အစ်ကိုကြီး ဒီလောက် အကြာကြီးထိုင်တာ ခြေထောက် မကျဉ်ဘူးလား''

''ကျင့်သားရသွားပါပြီကွာ၊ မကျဉ်တော့ပါဘူး။ ထိုင်ပုံထိုင်နည်းလည်း လိုတာပေါ့''

''ခုဆိုရင် အစ်ကိုကြီးမှာ အတွင်းအားတွေ အရမ်းကောင်းနေရောပေါ့နော်''

အေးငြိမ်းက ယောင်ယောင်လေး ပြုံးသည်။

''မင်း လေပေါမနေနဲ့။ ဘာပြောချင်လို့လဲ။ ပြော...''

''ဟိုလေ...အစ်ကိုကြီး ပြောလိုက်တာ အရမ်းမှန်တာပဲဆိုတာကို ပြောချင်လို့''

''ဘာလဲ''





''ကျွန်တော် ချစ်ရမယ့်လူကို တွေ့ပြီ အစ်ကိုကြီးရဲ့''

''ဟုတ်လား''

''ဟုတ်တယ်။ ပြီးတော့...အစ်ကိုကြီးပြောသလိုပဲ အရမ်းလှတာပဲ''

''အင်း...''

''ပြီးတော့''

သတ္တိ ဘာဆက်ပြောရမည်မှန်းမသိ၊ အေးငြိမ်းက အကျီလက်ကို ပြန်ခေါက်နေရင်း...

''ဘယ်လိုလုပ် တွေ့တာလဲ''

''ရဲရင့် ခေါ်လာပေးတာ။ အဟီး...''

''ငါ့ကို စကားပြောရင် ရှင်းအောင်ပြောကွာ''

သတ္တိက အဖြစ်အပျက်အလုံးစုံကို ပြန်ပြောပြ၏။

''အဲဒါပဲ အစ်ကိုကြီး''

''ရဲရင့်က အရင်တွေ့ပြီး ရဲရင့်က ရည်းစားစာ အရင်ပေးခဲ့တဲ့ ကောင်မလေးပဲ။ မင်း စဉ်းစားဦး''

''ဒါပေမဲ့ ရပ်ကွက်လူကြီးတွေရှေ့မှာ ကျွန်တော်က တရားဝင် ရည်းစားစာပေးသူ ဖြစ်သွားပြီလေ...အစ်ကိုကြီးရဲ့''

''ပြီးမှ ညီအစ်ကိုချင်း ရန်မဖြစ်ကြနဲ့''

''ဟုတ်ကဲ့ပါ''

''သွားတော့...သွားတော့''

''ဟုတ်ကဲ့ အစ်ကိုကြီး။ ကျွန်တော်လည်း အိပ်မက်သွားမက်လိုက်ဦးမယ်''

သတ္တိ ထွက်သွားသည်။ ခဏစောင့်ပြီးမှ အခန်းပြင်တံခါးအကွယ်မှ ခိုးနားထောင်နေသော ရဲရင့်ကလည်း ကိုယ်ဖော့ပညာသုံးပြီး လှည့်ထွက်သွားခဲ့၏။ သတ္တိတစ်ယောက် အေးငြိမ်းအခန်းရှေ့မှာ မယောင်မလည် လုပ်နေတာကို မသင်္ကာသဖြင့် ချောင်းနားထောင်ခြင်းဖြစ်သည်။ ခေါင်းစဉ်းစားစရာတွေ ဖြစ်လာပြီ။

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၈]

ဘယ်လိုဖြစ်သည် မသိ။ သတ္တိ သေသွားလေသည်။ အလောင်း တစ်လောင်းအဖြစ် ခုတင်ပေါ်မှာ ပိတ်ဖြူလွှမ်းခြုံကာ သူ လှဲလျောင်း နေရ၏။

ခက်သည်က သူ့နံဘေးရောက်လာပြီး အသုဘရှုကြသူများသည် သူ့မိသားစုလည်းမဟုတ်၊ သူ့မိတ်ဆွေသူငယ်ချင်းများလည်းမဟုတ်၊ တစ်ခါမှ မမြင်ဖူးသော သူစိမ်းများဖြစ်၏။

သတ္တိ၏ အလောင်းကောင် စဉ်းစားနေမိသည်။

''ဘယ်လိုဖြစ်တာလဲ...။ ငါ ဘာကြောင့် သေသွားရတာလဲ၊ အကောင်းကြီးကနေပြီး''

''နောက်ပြီး...ဒီလူတွေက ဘယ်သူတွေလဲ၊ သူတို့ကို ငါလည်း မသိပါလား''

''ဒီအိမ်ကလည်း ငါ့အိမ် မဟုတ်ဘူး''

''ငါ သေပြီဆိုတော့ ဟိုကောင် ရဲရင့်ကော လိုက်သေပြီလား မသိဘူး''

''ဒါမှမဟုတ်... သူသေသွားလို့ပဲ ငါက အော်တိုမစ်တစ် လိုက် သေသွားတာလား''

ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာတော့ သူက အလောင်းကောင်



ကြီး ဖြစ်နေ၏။ လှုပ်၍လည်း မရသလို ဘာမှပြော၍လည်း မရ။ အကြားထဲမှာ အသုဘရှုလာသူများက ပါးစပ်အငြိမ်မနေကြ။ လျှာလည်း ဆတ်ဆော့ကြသည်။

''ဟယ်...ကောင်လေးက ငယ်ငယ်ချောချောလေးဟယ်။ နှမြော စရာလေး''

''အေး...ဘယ်လိုဖြစ်ပြီး သေတာလဲ''

''စအိုထဲ ရေဝင်လို့လို့ ပြောတယ်''

နောက်အသံတစ်သံက ပေါ်လာသည်။

''မဟုတ်ဘူးဗျ။ အေအိုင်ဒီအက်စ်တဲ့...''

''ဟာ...ဒါဆို ကောင်လေးက မိန်းမရှုပ်လို့ နေမှာပေါ့နော်''

''မဟုတ်ဘူးဗျ။ သူများကို ကူညီရင်း ဖြစ်သွားတာ''

''ဘယ်လို ကူညီတာလဲ''

''ဝေဒနာလူးလိမ့်ခံစားနေရတဲ့ မိန်းမလျာတစ်ယောက်ရဲ့ ဆန္ဒကို ...သားချင်းစာနာပြီး ဖြည့်ဆည်းပေးလိုက်တာမှာ သူ့ကို အဲဒီရောဂါ ကူးကပ်သွားတာတဲ့''

''ကျွတ်...ကျွတ်...။ ဖြစ်မှဖြစ်ရလေ''

သတ္တိ စိတ်ညစ်နေရလေသည်။ ဟုတ်မဟုတ် သူလည်း မသိ။ မဟုတ်ဘူးဟုတော့ ထင်သည်။ သို့သော်လည်း ဖြေရှင်းရခက်သော ...စွ ဖြစ်နေသည်။

ထိုသူများက ထိုသို့ သူ့နံဘေးလာကာ မည်ကာမတ္တ ပြောကြ သည်။ ထို့နောက် ကွာစေ့လှော် စားကြသည်။ နောက်တော့လည်း ...တွေဖွဲ့ပြီး ဖဲရိုက်ကြတော့သည်။ သတ္တိ၏ အလောင်းကတော့ ခုတင် ပေါ်မှာ ငေါင်စင်းစင်း။ နောက်တော့ ရှေးရုပ်ရှင်ကားများထဲက လူသေလှူ ...နေကျ အသုဘတီးလုံးကြီး ပေါ်လာသည်။ မည်သူက ဖွင့်လိုက်သည် ...သိ။

သတ္တိ၏ အလောင်းမျက်နှာက ရှုံ့မဲ့သွားသည်။ အကြော... ...ထားရသော သိုင်းသမားက အကြောတွေ ပြန်ပွင့်သွားသလို ... ...ထိုင်လိုက်နိုင်၏။ အော်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတီးလုံးကြီးကို ပိတ်ပစ်လိုက်စမ်းပါဗျာ...။ စိတ်ညစ်တယ် နားညည်းတယ်။ သေတာတောင် ကောင်းကောင်းမသေရဘူး"

တီးလုံးရပ်သွား၏။ အားလုံးက အလောင်းကောင်ကို တအံ့တဩ ကြည့်နေကြ၏။

"ခုမှပဲ အေးအေးဆေးဆေး သေရတော့မယ်။ လုပ်...လုပ် ခင်ဗျားတို့ဘာသာ ဖဲဆက်ရိုက်လို့ ရတယ်"

ပိတ်ဖြူကို ပြန်ဆွဲခြုံပြီး သတ္တိ ခုတင်ပေါ် ပြန်လှဲနေလိုက်၏။ ထိုသို့ဖြင့် ပြန်သေသွားသည်။

နိုးလာမှ အိပ်မက်မှန်း သိပြီး 'ဟင်း' ခနဲ သက်ပြင်းချလိုက်မိ၏။ နာရီကိုကြည့်တော့ နံနက်လေးနာရီခွဲ။ ပြန်အိပ်လို့လည်း ရတော့မည် မထင်။ ခဏကြာလျှင် ဒေါ်ဖူးက မီးဖိုခန်းထဲ ရောက်တော့မည်။ နောက် အနည်းငယ်ကြာလျှင် မေမေက ဘုရားခန်းထဲ ရောက်တော့မည်။ နောက် ထပ် အနည်းငယ်ကြာလျှင် အေးငြိမ်းက ခြံထဲဆင်းပြီး အိုက်ကီဒိုလေ့ကျင့် ခန်းတွေ လုပ်တော့မည်။

"မအိပ်တော့ပါဘူးလေ"

အားနေသဖြင့် ပွင့်ဦးအကြောင်း စဉ်းစားနေလိုက်သည်။

အများကြီး...

အကြာကြီး...။

အချိန်ကုန်သွားမှန်းပင် သတိမထားမိလိုက်။ မျက်နှာသစ်ရန် ထွက်တော့ ဧည့်ခန်းထဲမှာ အေးငြိမ်းက ဖုန်းပြောနေပြီ။ တစ်အိမ်လုံး လည်း နိုးနေကြပြီ။ မျက်နှာသစ်ပြီး ပြန်ထွက်လာတော့လည်း အေးငြိမ်း က ဖုန်းပြောဆဲ။ မေမေက ဖေဖေ့အား ကုမ္ပဏီသွားရန် အဝတ်အစား ထုတ်ပေးနေသည်။ ရဲရင့်ကိုတော့ လှစ်ခနဲ လှစ်ခနဲပဲ တွေ့ရသည်။ သကောင့်သား ဘာတွေ အလုပ်ရှုပ်နေသည် မသိ။

အေးငြိမ်း ဖုန်းပြောတာကို အကြာကြီး ထိုင်စောင့်နေရသည်။ မပြီး မပြီးနိုင်။ ထပ်စောင့်လျှင်လည်း စောင့်သည်ပဲရှိမည်။ ပြီးနိုင်ဦးမည် မထင်။ အလုပ်ကိစ္စတွေ ပြောနေကြခြင်းဖြစ်သည်။

တိုးတိုးကပ် မေးလိုက်သည်။



"အစ်ကိုကြီး ကြာဦးမှာလား"

အေးငြိမ်းက ဖုန်းပြောနေရင်း ခေါင်းညိတ်ပြ၏။

ထို့ကြောင့် သတ္တိက သူ့အိပ်မက်ကို စာနှင့်ရေးပြီး အေးငြိမ်းကို သွားပြလိုက်သည်။

"အစ်ကိုကြီး...။ ဒီအိပ်မက်ရဲ့ နိမိတ်အဓိပ္ပာယ်ကို ပြောပါဦး"

အေးငြိမ်းက လက်ကာပြ၏။ စာရွက်ကိုပင် အတော်နှင့် မဖတ် နိုင်။ နောက်မှ ကောက်ကိုင်ဖတ်၏။ ဖုန်းပြောနေရင်း ဖတ်သည်ဖြစ်၍ ဘောက်လျှောက် မဖတ်နိုင်။ ဟိုဘက်ကို လှည့်ပြောလိုက်၊ ဒီဘက်ကို လှည့်ဖတ်လိုက် ဖြစ်နေ၏။ ပြီးမှ လက်ဟန်ခြေဟန်ဖြင့် သတ္တိကို ဘောလ် ပင်တောင်း၏။

သတ္တိ ကပျာကယာ ယူပေးလိုက်သည်။ ထိုစာရွက်ပေါ်မှာပဲ အေးငြိမ်းက ပြန်ရေးပေးသည်။ သူ့ထုံးစံအတိုင်း လိုရင်းပါပဲ။

"အစားမျိုးစုံ စားရမယ်"

သတ္တိ စပ်ဖြဲဖြဲနဲ့ ပြန်လှည့်လာခဲ့လိုက်၏။ အားရစရာကောင်းလှ သော နိမိတ်တော့ မဟုတ်ပါ။ သို့သော် ဘာပဲပြောပြော ပျော်စရာတော့ ကောင်းနိုင်သည်။ သတ္တိလည်း ထွက်သွားရော တစ်ချိန်လုံး အောင့်အည်း ချောင်းကြည့်နေရသည့် ရဲရင့်က ရောက်လာသည်။

သတ္တိက စာရွက်ကို မယူဘဲ လှည့်ထွက်လာခဲ့တာ မှားသွား သည်လေ။ ရဲရင့်က ထိုစာရွက်ကို ယူဖတ်၏။ အေးငြိမ်းက တစ်ချက် လှည့်ကြည့်သော်လည်း ဘာမှမပြော။ ရဲရင့်က စာရွက်ကို ဖတ်အပြီး

"အစ်ကိုကြီး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်စားရမှာလား"

အေးငြိမ်းက "ဒါတော့ မသိဘူး"ဟူသော ပုံစံမျိုးဖြင့် လက်ခါ ပြသ၏။

"မသေချာရင်တော့ လိုရမယ်ရပေါ့ အစ်ကိုကြီးရယ်"

အေးငြိမ်း၏ အင်္ကျီအိတ်ထဲမှ ငွေအချို့ကို အတင်းနှိုက်ယူပြီး ရဲရင့် စပ်ဖြဲဖြဲနှင့် ပြန်ထွက်လာခဲ့လေသည်။

◆

www.burmeseclassic.com



## အခန်း [၁၉]

သကြၤန်၏ မြေသင်းရနံ့သည် အုပ်အုပ်ပျံ့ပျံ့ လွင့်စီးနေသည်။ သကြၤန်ဒိုးသံကို နေရာအနှံ့မှာ ခြေရာဆန့်စရာမလိုဘဲ ကြားနေရ၏။ လူငယ်တွေ ပျော်ကြရွှင်ကြ။ ဘုန်းကြီးကျောင်းမှာ ဥပုသ်စောင့်လာသူများနှင့် စည်ကားနေကြ။ သကြၤန်ကတော့ သကြၤန်ပဲ ဖြစ်ပြနေသည်။

သတ္တိတို့ သူငယ်ချင်းအုပ်စု ရေပက်မဏ္ဍပ်တစ်ခုရှေ့သို့ ရောက်လာသည်။ မဏ္ဍပ်ပေါ်မှ ရေပိုက်ကိုင် ကောင်မလေးများကလည်း လှသည်။ မဏ္ဍပ်အောက်မှ ရေပက်ခံ ကောင်မလေးများကလည်း လှသည်။ သတ္တိတို့လို လူပျိုကာလသားလေးများကလည်း မိမိတို့ အားသန်သော ဝတ်စားဆင်ယင်မှုများဖြင့် သကြၤန်ကို တောက်စားစေသည်။

သတ္တိက...

"ဟာ...ဟော့ကောင်တွေ"

ခုန်ပေါက်ရေပက်ခံရင်း အပျော်ကြီးပျော်နေကြသော ကျော်ထွေးနှင့် ဝင်းထွတ်က သူ ခေါ်သည်ကိုပင် ကောင်းကောင်းနှင့် မကြားကြ။

"ဟော့ကောင်တွေ၊ ဟော့ကောင်တွေ"

ထပ်ကာထပ်ကာ ခေါ်မှ ကြားသည်။ မကြည်ဖြူသောမျက်နှာများနှင့် ပြန်လှည့်ကြည့်ကြသည်။ သတ္တိက ရှေ့မျက်နှာကို ရှေ့မှာထားပြီး သူတို့ကို လမ်းဘေးသို့ ဆွဲခေါ်ချလာလိုက်သည်။





"ဘာလဲကွ၊ မင်းက..."

ပျော်မြူးနေတုန်း အတင်းခေါ်ထုတ်လာသဖြင့် သတ္တိကို မကျေမနပ်ကြ။

"ပြစရာရှိလို့ကွ"

"ဘာပြမှာလဲ...။ နောက်မှပြ"

"အခုပြမှ ဖြစ်မှာ"

"ဘာလဲကွာ..."

"ဟိုကောင်မလေးကို ကြည့်စမ်း၊ ဘယ်လိုနေလဲ"

ကျော်ထွေးက...

"ရေဆော့နေတာလေ...။ မတ်တပ်ကြီး။ ဘာဖြစ်လို့လဲ"

ဝင်းထွတ်က ကျော်ထွေးကို ဝင်ဘုတောသည်။

"မင်းဟာလေ...ဉာဏ်ကိုနည်းတယ်။ သတ္တိက လှသလားလို့ မေးတာ"

"အဲဒါ ငါ့မေးစရာ လိုသလားကွ။ သူ့မျက်လုံး ပါတာပဲ"

"မင်း အဲဒါကြောင့် ခုထိ ရည်းစားမရသေးတာ။ နှလုံးသားနဲ့မှ မကြည့်တတ်ဘဲ"

"ဘာ...ကွ"

သတ္တိက ဝင်ထိန်းရသည်။

"တော်ကြပါတော့ကွာ...။ မင်းတို့ကလည်း တမျော့၊ ငါ့မေးခွန်းကို ရှင်းအောင် မေးပေးပါ့မယ်။ အဲဒီကောင်မလေး လှသလား။ ငါ့ချစ်သူအဖြစ် တော်ကောက်သင့်သလား"

ကျော်ထွေးက...

"ဟင်...ရပ်ကွက်ရုံးမှာ ရဲရင့်ကိုယ်စား ဝင်ဖြေရှင်းပေးခဲ့ရတဲ့ ကောင်မလေးကို သဘောကျတယ်ဆို။ ခု...ဘယ်လိုဖြစ်ရတာလဲ"

"အဲဒါ သူကလေးပဲ"

"အတော်လှတဲ့ ကောင်မလေးပဲ။ ငါ့မှာသာ ရည်းစား[illegible] ပါလည်း ကြိုက်မိမှာပါပဲ"

ဝင်းထွတ်က ထိုသို့ပြောလျှင် ကျော်ထွေးက အလှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြင်းကပ်သည်။

''မင်းကလည်း အရေးအကြောင်းဆို မင်း ရည်းစားရှိတာကိုပဲ ထည့်ကည့်ကြွားနေတာပဲ''

''ကိုယ့်ပစ္စည်းနဲ့ကိုယ် လူမုန်းခံရတယ်ဆိုတာ ဒါမျိုးဖြစ်မှာပေါ့ကွာ''

''ဘာ...ကွ''

သတ္တိက ဝင်ထိန်းရပြန်သည်။

''နေပါဦးကွာ...။ ငါ လေ့လာခံစားပါရစေဦး။ ရပ်ကွက်ရုံးမှာ ဇေ့ ရတဲ့ အနေအထားက နည်းနည်းကြမ်းတမ်းတယ်လေ။ အခုလို ဒူ ရောက်စားနေတဲ့ အလုကို ငါ ခဏကြည့်ပါရစေဦး။ မင်းတို့ကလည်း အမြဲရန်ဖြစ်နေတာပဲ။ ရပ်ကွက်ရုံးထဲကို ရဲရင့်ရောက်နေတာ တွေ့လို့ ငါ ဝင်ပြီးပြီ။ မင်းတို့ရောက်နေလို့ ငါ ထပ်မဝင်ပါရစေနဲ့တော့။ ခု... ငါမေးမယ်၊ ဒီကောင်မလေးကို ငါ ပူးစာရှင်အဖြစ် ရွေးလိုက်ရမလား''

နှစ်ယောက်လုံးက ပြိုင်တူ အော်ကြသည်။

''သင့်တော်ပါတယ်၊ သင့်တော်ပါတယ်''

''အေး...မင်းတို့ကတော့ ထောက်ခံပြီ။ ငါကလည်း ချစ်မိပြီ။ ခက်တာက ဘယ်လိုကြိုးစားရမလဲ မသိဘူး။ ငါတို့က ရပ်ကွက်ရုံးမှာ တွေ့ခဲ့တဲ့ ရန်ဘက်တွေကွ။ တောက်...ရဲရင့်ကလည်း ဘာလုပ်ထားမှန်းကို မသိဘူး''

''ဟင်...မင်းတို့ ညီအစ်ကို အိမ်ပြန်ရောက်တော့ မဆွေးနွေးဘူးလား''

''ဟင့်အင်း...။ သူ့ဟာသူ ကိုယ့်ဟာကိုယ်ပါပဲကွာ''

''ကဲ...ထားပါတော့။ မင်းနဲ့ ရဲရင့်နဲ့ လွဲချော်ကြတာကို လောလောဆယ် လုပ်ရမှာက ဒီကောင်မလေး မင်းကို စိတ်ပြေသွားအောင် ဘယ်လို လုပ်ပြမလဲ''

ခင်ဇော်၏စကားကို ကျော်ထွေးက ဝင်ထောက်သည်။

''တကယ် အရမ်းကြီး စိတ်ဆိုးသွားတာ ဟုတ်ရဲ့လား။ ရည်းစားစာ အပေးခံရလို့ သိက္ခာအရ လူကြီးကို တိုင်တာမျိုးရော မဖြစ်နိုင်ဘူးလား''

သတ္တိက ချက်ချင်း ခေါင်းခါပြလိုက်သည်။

''မှုတာမျိုး မဟုတ်ဘူးကွ။ တကယ်စိတ်ဆိုးတာ''

ကျော်ထွေးက...

''စကားဖြတ်ပြောလိုက်ဦးမယ်။ မင်းပြောတော့ ဒီနေ့ မင်း အစားမျိုးစုံ စားရမယ်ဆို...။ ငါတို့က မင်းနဲ့များ လိုက်ကပ်စားရမလားလို့၊ ခု ဒီကောင်မလေးကိစ္စက ဝင်လာပြန်ပြီ''

သတ္တိ၏ မျက်နှာက ပြုံးစေ့စေ့ဖြစ်သွားသည်။

''ဒီကောင်မလေး လိုက်ကျွေးတာ ဖြစ်ရင် ဖြစ်မှာပေါ့''

''လဲသေလိုက်''

''မင်းတို့ မယုံဘူးလား''

''ယုံစရာလား''

''အေး...လာ။ အဲဒီကောင်မလေးဆီ သွားကြမယ်''

''မလိုက်ပါဘူး။ မင်းဘာသာ မင်းသွား။ ငါတို့ဘာသာ လျှောက်လည်တော့မယ်''

''ဩော်...မင်းတို့နှစ်ယောက်က ခုတော့ တည့်နေတယ်ပေါ့လေ၊ တစ်သံတည်း ထွက်လို့''

''ဟုတ်တယ်။ ဒါပေမဲ့ တစ်ခုပြောခဲ့မယ်နော်''

''ဘာလဲ...''

''ဒီကောင်မလေးနဲ့ပတ်သက်ပြီး နောက်တစ်ခါ ရပ်ကွက်ရုံးရောက်ရင် မကောင်းတော့ဘူး ဖြစ်သွားမယ်နော်''

သတ္တိ ထိုစကားကြောင့် မအီမသာ ဖြစ်သွားသည်။

''မင်းတို့ကလည်းကွာ...။ မဦးမချွတ်''

သူတို့၏ သတိပေးစကားက မှန်တော့လည်း မှန်ပါသည်။ သတ္တိ စိတ်လေးသွားသည်ကို သတိပြုမိသည့်အတွက် ဝင်[illegible] ပြောသည့်အနေနှင့်...

''သတ္တိ မင်း အဲဒီလိုမပြောနဲ့၊ ငါ လက်မခံဘူး။ [illegible] ကို ချွတ်ခဲ့တယ်။ မဦးမချွတ်လို့ မင်း မပြောနဲ့''





www.burmeseclassic.com

www.burmeseclassic.com



''ဘာ...ကွ''

ရန်ဖြစ်ကြမည်ပြု၍ သတ္တိက ဝင်ထိန်းရပြန်သည်။

''ကဲ...ကဲ...တော်ကြပါတော့ကွာ။ ငါ ဟိုကောင်မလေးဆီ သွားရဦးမယ်။ နို့မို့ တခြားကောင်တွေက ငါ့ထက် ဦးအောင် ကပ်လိမ့်မယ်''

ကျော်ထွေးနှင့် ဝင်းထွတ်က အချင်းချင်း မေးငေါ့ပြကြသည်။ သတ္တိ၏ အရည်အချင်းကို ယုံကြည်ဟန် နည်းနည်းမှ မရှိ။ မရှိ နေပေ။

''ကဲ...မင်းတို့ လျှောက်လည်ဦးမှာ မဟုတ်လား။ သွားကြတော့ ညကျမှ ငါ ဖုန်းဆက်လိုက်မယ်''

''အိုကေ''

နှစ်ယောက်လုံးက တရုတ်သိုင်းကားများထဲကလို လက်သီးဆုပ်လျက် ဦးညွှတ်နှုတ်ဆက်ပြီး တချိုးတည်း လှည့်ထွက်သွားကြသည်။

သတ္တိတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ သက်ပြင်းတစ်ချက်ချပြီး ပွင့်ဦး ရေကစားနေရာဘက်ဆီသို့ ဦးတည်လှမ်းလျှောက်သွားလိုက်သည်။ ပွင့်ဦးကို ရေလောင်းချင်သည်။ ဟုတ်သည်။ ဒီနှစ်သင်္ကြန်၏ အလှတရား အပျော်တရားတို့သည် ထိုအချက်ကလေး ပါဝင်လာမှသာ ပြီးပြည့်စုံတော့မည်။

ခက်သည်က သူ့မှာ ပွင့်ဦးကို ရေလောင်းစရာ ဘာမှမရှိ။ သူ့အနားမှာတော့ ကလေးတစ်ယောက်က ပြွတ်တံဖြင့် ရေကစားနေသည်။ ခထားငှား၍ ရနိုင်သည်။ သို့သော် ပွင့်ဦးကို ကလေးကစားသော ပြွတ်တံဖြင့် ရွက်ခနဲ ရွက်ခနဲ ရေထိုးပက်ရမှာက ကဗျာမဆန်လှ။ ပွင့်ဦးက သူ့ကို လာလှောင်သူအဖြစ် ထင်ပြီး ပိုတောင် မုန်းသွားနိုင်သည်။

''ဟာ...အတော်ပဲ''

သတ္တိနှင့် သိသော အစ်ကိုကြီးတစ်ယောက်ဖြစ်သည်။ ခပ်လှမ်းလှမ်းမှာ ရေတိုင်ကီနှင့် ရေခွက်နှင့်။ ပြေးမလွတ်အောင် ကောင်မလေးများကို အားမနာပါးမနာ ရေလိုက်လောင်းနေသည်။ ပြုံးနေသော သူ့မျက်နှာကြီးမှာ ရွှေသွားတွေက ဝင်းဝင်းလက်လက်။

သတ္တိ သူ့ကို မနည်းလိုက်ဆွဲရသည်။





''ကိုတင်မောင်ဝင်း။ ကိုတင်မောင်ဝင်း''

''ဘာလဲကွ ရဲရင့်ရ''

''မဟုတ်ပါဘူးဗျ။ သတ္တိပါ''

''အေး...အေး ဘာတုန်း''

''ကျွန်တော့်ကို ရေခွက် ခဏပေးစမ်းပါ''

''တိုင်ကီထဲမှာ တစ်ခွက်မြုပ်နေတယ်။ ကိုယ့်ဘာသာကိုယ် ဆယ်ယူလိုက်''

''ပြီးရော...''

သူ့တိုင်ကီက ရေအပြည့်။ ရေခွက်ကို တော်တော်နှင့် ဆယ်မရ။ ခေါင်းဘူးထောင် ထောင်သည်အထိ ဆယ်ယူရသည်။ ရေခပ်ပြီး ပွင့်ဦးတို့ဆီအသွား...

''ဟင်...''

ပွင့်ဦးတို့က မရှိတော့။

''ကိုတင်မောင်ဝင်း''

''ဟေ...''

မေးမည်လုပ်ပြီးမှ မမေးတော့။ သူ့အာရုံနှင့်သူဆိုတော့ သိမည်လည်းမထင်။

''ဟော့ကောင် ပေးစမ်း၊ ပေးစမ်း''

ကိုတင်မောင်ဝင်းက သူ့လက်ထဲမှ ခွက်ကို ဆွဲယူသည်။ လက်တစ်ဖက်မှာ ခွက်တစ်ခွက်စီနှင့် ကောင်မလေးတစ်အုပ်နောက်သို့ သေခါမှလျှောလျှော ယောက်ျားတို့လုံ့လဖြင့် ပြေးလိုက်သွားသည်။ သတ္တိ စိတ်တိုတိုဖြင့် လှည့်ထွက်လာခဲ့သည်။ ပွင့်ဦးတို့ ဘယ်ရောက်သွားသည် မသိ။ ကိုယ့်မှာ ခွက်ကို ဆယ်ပေးလိုက်ရတာပဲ အဖတ်တင်သည်။

ထိုအချိန်မှာ ရဲရင့်ကလည်း ပြဿနာဖြစ်နေရပြန်သည်။

သတ္တိနှင့် တစ်လမ်းစီ ထွက်ကြခြင်းဖြစ်၍ သတ္တိက ပွင့်ဦး[illegible] ကြိုသော်လည်း သူက မကြို။ ကြိုမယ့်ကြိုတော့ ဥက္ကဋ္ဌနှင့်၊ ကိုယ်[illegible] ကို ကျော်ပြီး ဝေးဝေးလံလံမှာ ဘုန်းကြီးဆွမ်းချိုင့် လာပို့ခြင်း[illegible] ထိုဘုန်းကြီးကျောင်းမှ ပြန်အထွက် ရဲရင့်နှင့် တိုးခြင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ရဲရင့်ကို ဥက္ကဋ္ဌက မမြင်ပါ။ ရေကစားနေသူတွေကို ရှောင်ကာရှားကာနှင့် လမ်းကို မနည်းသွားနေရသည်။ ကလေးတွေကတော့ သူ့ကို ရေပက်ကြပါသည်။ ရဲရင့် ခေါင်းထဲမှာ အကြံတစ်ခု ပေါ်လာသည်။

''ဟေ့ကောင်တွေ ခင်ဇော်၊ အောင်မိုး''

''ဟေ...''

''မင်းတို့ ဒီမှာ ခဏစောင့်ကွာ။ ငါ ချက်ချင်းပြန်လာမယ်''

ထိုသို့ပြောပြီး ဥက္ကဋ္ဌနောက်သို့ ပြေးလိုက်သွား၏။

''ဦး...ဦး''

ဥက္ကဋ္ဌက လှည့်ကြည့်၏။ ကြောင်ကြောင်ကျားကျား ပြင်ဆင်ထားသော ရဲရင့်ကို သူ မမှတ်မိ၊ မျက်နှာလွှဲပြီး သူ့လမ်းသူ ဆက်လျှောက်သည်။ ဥက္ကဋ္ဌက သူ့ကို မမှတ်မိကြောင်း ရဲရင့်က မရိပ်မိ။ သူ့ကိစ္စကိုသာ သူ စိတ်စောနေသည်။ ဥက္ကဋ္ဌနောက်သို့ ဆက်လိုက်သွားသည်။

ဘာအသံမှ ဆက်မပြုရသေးသော်လည်း ဥက္ကဋ္ဌက သိပြီး လှည့်ကြည့်သည်၊ ရဲရင့် ဘာမှ မပြောရသေးခင်မှာ မျက်နှာထားတင်းကင်းဖြင့် ကြည့်ပြီး ပြန်လှည့်သွားသည်။

ရဲရင့် ကြောင်အမ်းအမ်း ဖြစ်သွားသေးသည်။ သို့သော် စိတ်မလျှော့ဘဲ ဆက်လိုက်သွား၏။ ပခုံးချင်း ယှဉ်မိသောအခါကျမှ...

''ဟို...ဟို...သူ့နာမည် ဘယ်လိုခေါ်လဲဟင်''

''ဘာ...ကွ''

''သူ့နာမည် ဘယ်လိုခေါ်လဲလို့''

''ဘာ...ယောက်ျားချင်း ငါ့အရွယ်ကြီးကို လမ်းမှာ နာမည်လိုက်မေးရလား။ ငါ့ကိုများ 'သူ'...တဲ့၊ ဘာလဲ မင်းက အခြောက်လား ဘယ်ကလဲ''

''အာ...မဟုတ်ဘူး၊ မဟုတ်ဘူး''

ဥက္ကဋ္ဌ၏ စကားကြောင့် ရဲရင့် တော်တော်ကြီး တုန်လှုပ်သွားရသည်။ သူ့ကို မမှတ်မိကြောင်းလည်း သိသွားသည်။ ကမန်းကတန်း ခေါင်းပေါင်းကို ချွတ်၊ မျက်မှန်နက်ကြီးကို ချွတ်၊ မျက်နှာကို ပွတ်ပြီး





''ကျွန်တော်ပါ ဦးရဲ့''

ဥက္ကဋ္ဌ မှတ်မိသွားသည်။

''ဪ...သတ္တိကိုး''

''သတ္တိမဟုတ်ဘူး ဦး။ ကျွန်တော် ရဲရင့်''

''အေး...ဘာကိစ္စတုန်း''

''ဟိုကောင်မလေး နာမည်ကို သိချင်လို့''

''ဘယ်ကောင်မလေး နာမည်လဲ''

''သတ္တိ ရည်းစားစာပေးလို့ ရုံးရောက်လာတဲ့ ကောင်မလေး နာမည်လေ...''

''သတ္တိက မင်းကို ပြန်မပြောဘူးလား''

''မပြောဘူး ဦးရဲ့။ ကျွန်တော် အဲဒါ ဒီကောင့်ကို စချင်လို့''

''ပွင့်ဦးတဲ့''

''ပွင့်ဦး...။ ဟုတ်လား''

''အေး...။ ဒါပဲ မဟုတ်လား။ ငါ သွားတော့မယ်''

''ဟုတ်ကဲ့...ဟုတ်ကဲ့''

''ပွင့်ဦး၊ ပွင့်ဦး''ဟု ရေရွတ်ရင်း ရဲရင့် ကျန်ရစ်ခဲ့သည်။ ပြီးမှ ခင်ဇော်နှင့် အောင်မိုးဆီ ကဆုန်ပြန်ပြေးသွားလိုက်၏။

''ဟေ့ကောင်၊ ဘယ်လိုဖြစ်လာတာလဲ''

''ပျော်လာတာ''

''ခုနကဟာ မင်းတို့ရပ်ကွက် ဥက္ကဋ္ဌမို့လား''

''အေးလေ...''

''ဘာသွားပြောတာလဲ''

''ဟိုနေ့က ကောင်မလေးနာမည် သွားမေးတာ''

''ပြောသွားလား''

''အေး...''

''ဆိုပါဦး''

''ပွင့်ဦး...တဲ့''

''ပွင့်ဦး...။ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''အေး''

အောင်မိုးက...

''ဟာ...ပွင့်ဦးဆိုရင် ငါသိတာပေါ့''

''ဟေ...။ ဟုတ်လား''

''အေး...။ ဦးပွင့်ရဲ့ သမီးလေ''

''ဟာကွာ...''

ရဲရင့်ကို သူတို့ ဝိုင်းဟားကြ၏။

''မင်းတို့ ဘယ်လိုပဲဟားဟား သူက ပွင့်ဦးပဲဖြစ်ဖြစ်၊ ဦးပွင့်ရဲ့ သမီးပဲဖြစ်ဖြစ်၊ ငါကတော့ သူ့ကို တွေ့အောင် လိုက်ရှာရမှာပဲ။ အဲဒီ ကောင်မလေးကလည်းကွာ...၊ ကိုးကျိုးကိုးကျင်း ဘယ်တွေလျှောက်သွား မနေလဲ မသိဘူး''

သူက အတည်ကြီးပြောနေတာဖြစ်သဖြင့် အောင်မိုးနှင့် ခင်ဇော် မှာ ရယ်ရခက် ငိုရခက် ဖြစ်နေသည်။ နောက်မှ အောင်မိုးက...

''ကဲပါကွာ...၊ ဒီလိုပဲ လျှောက်သွားရင်း လိုက်ရှာကြတာပေါ့။ ဒါပေမဲ့ သိပ်မျှော်လင့်မထားနဲ့နော်။ အင်မတန်ကံကောင်းမှ တွေ့မှာ။ ရန်ကုန်မြို့ကြီးက အင်မတန်ကျယ်တာ။ ဒါတောင် သူက ဒီနေ့ထွက်လည် ဦးမှ''

ရဲရင့်၏ နာမူတ်သံကြီး ထွက်ပေါ်လာသည်။

''အေးပါကွာ...ငါသိပါတယ်။ အရမ်းကြီး စိတ်ဓာတ်ကျအောင် ပြောမနေကြပါနဲ့။ ကဲ...ကဲ လာ သွားကြမယ်။ ငါ အဆုံးစွန်တွေထိ သွားပါ။ ခု ငါတို့တွေ ကောက်ရိုးပုံထဲက အပ်ကို ရှာတာပဲ၊ မလွယ်ဘူး တွေ့ကာမှ ပိုင်ရှင်ရှိပြီးသား အပ်ဖြစ်နေရင်လည်း မောရုံပဲ''

ခင်ဇော်က...

''နေဦးကွ။ ငါ စဉ်းစားမိတာ တစ်ခုရှိတယ်''

''ဘာလဲ''

''သေချာတာကတော့ သင်္ကြန်နောက်ဆုံးနေ့မှာ သူ ထွက်လည် မှာပဲ။ ဒီကြားရက်ကို နားရင်တောင်...''

''အင်း...။ အဲဒီတော့...''





''သူလာတတ်တဲ့ မဏ္ဍပ်တစ်ခုခုမှာ တို့ တစ်နေကုန်ထိုင်စောင့် နေလိုက်။ အဲဒါဆို တွေ့နိုင်တယ်။ လိုက်ရှာတာကမှ ခက်ဦးမယ်။ သူတို့ အတွက် ကိုယ်တို့ အဝင်နဲ့ တေ့လွဲတွေ လွဲနေကြဦးမယ်''

အောင်မိုးကလည်း ထောက်ခံ၏။

''အေး...အဲဒါတော့ ဟုတ်တယ်ကွ''

ရဲရင့်လည်း ရင်ပေါ့သွားသည်။

''အင်း...မင်းအကြံ မဆိုးဘူး''

''ကဲ...ဒါဖြင့်ရင်လည်း ငါတို့ ပျော်ပျော်ပါးပါး လျှောက်သွား ကြမယ်။ ဆုံရင်လည်း ဆုံကြမှာပေါ့။ ကဲပေါ့''

သူတို့တွေ ရေကစားထွက်လာကြသော လူငယ်များ၊ ရေတွေ ကြား ရောက်သွားကြတော့၏။

သတ္တိခမျာလည်း ယောင်ရာရာနှင့် ပွင့်ဦးတို့အုပ်စုကို လိုက်ရှာ သည်။ သူ့မှာ ကားမပါသလို ပွင့်ဦးတို့မှာလည်း ကားမပါပါ။ ဘယ်ဘက် ထွက်သွားနိုင်သလဲဆိုတာကိုသာ ချိန်ဆနေရသည်။ တစ်ဆိုင်ဆိုင်မှာ သွားထိုင်ကြခြင်းလည်း ဖြစ်နိုင်သည်။ ဒါဆိုရင်...

စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေရှိတဲ့ လမ်းကို ရွေးချယ်ရမည်။ ဆိုင်ကြီးဆိုင်ကောင်းတွေလည်း ဖြစ်ရဦးမည်။ သို့မှသာ အပေါ့အလေးကိစ္စတွေကို သူတို့ ဖြေရှင်း၍ ရမည်။ မိန်းကလေးတွေ ဆိုတာက ဤကိစ္စမျိုးကို ဖြေရှင်းရာမှ ယောက်ျားလေးလောက် မလွယ်ကူ။

''အင်း...ဒီဘက်လမ်းကို လိုက်မယ်''

အထပ်ထပ်ချိန်ဆပြီးနောက် သူ ရွေးချယ်ရာလမ်းကိုပဲ သတ္တိ ...ပြီး လိုက်သွားလိုက်၏။

စွန့်စားရကျိုး နပ်ပါသည်။ အအေးဆိုင်တစ်ဆိုင်မှာ ထိုင်နေသည့် ...ဦးတို့အုပ်စုကို လှမ်းမြင်လိုက်သည်။ သတ္တိ အလွန်ဝမ်းသာသွားသည်။

''ဖူးစာရှင်မှန်လို့ ပြန်တွေ့ပြီ''

သူလည်း ဆိုင်ထဲသို့ဝင်ပြီး ပွင့်ဦးတို့ အနီးမှ စားပွဲတွင် ဝင်ထိုင် ...ိုက်၏။

သူ ဝင်လာသည်ကို ပွင့်ဦးတို့ သုံးယောက်လုံးက မြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူပြာက...

''ဟဲ့...ပွင့်ဦး''

''အေးပါ...ငါ မြင်ပါတယ်။ မသိချင်ယောင်သာ ဆောင်နေလိုက်''

သတ္တိက သစ်သီးဖျော်ရည်တစ်ခွက် မှာ၏။ ပွင့်ဦးတို့ ဝိုင်းကို မသိမသာ ငဲ့ကြည့်သည်။ မျက်ခြေမပြတ် စောင့်အကဲခတ်နေသော မှုယာက...

''ဟဲ့...ပွင့်ဦး''

''ဘာလဲ''

''နင့်လူက တကယ့်လူချောဟ။ ပြီးတော့... လူရည်သန့်''

''အဲဒါ ဘာဖြစ်လဲ။ ငါ့လူလို့ မပြောနဲ့၊ မကြိုက်ဘူး''

''ငါသာဆိုရင် ပြန်ကြိုက်လိုက်မှာနော်''

''ကြိုက်ပေါ့''

''ဟဲ့...သူကြိုက်တာက ငါ့ကိုမှ မဟုတ်ဘဲ။ နင့်ကို''

''တိုးတိုးပြောစမ်းပါဟယ်...။ တော်ကြာ ဟိုက ကြားသွားပါဦးမယ်''

''မကြားဘူးဟဲ့။ သူ တစ်ခုခုကို တွေးနေတယ်''

ထိုစကားကို ဝင်ပြောသူက ဖြူပြာဖြစ်၏။ သူမက မိတ်ကပ်ဘူးကို ဖွင့်၍ ကိုယ့်မျက်နှာကိုယ် ကြည့်ဟန်ဆောင်ပြီး မှန်ထဲမှတစ်ဆင့် သတ္တိကို အကဲခတ်နေခြင်းဖြစ်သည်။

''ဘာတွေ တွေးနေတာလဲ''

''ဟဲ့...အဲဒါကိုတော့ ငါက ဘယ်သိမှာလဲ''

အမှန်တော့ သတ္တိ တွေးနေသည့်ကိစ္စက မခက်ခဲလှပါ။ သူတို့ စဉ်းစားရန် မခက်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သတ္တိစဉ်းစားနေသည်က ပွင့်ဦးကို ဘယ်လိုချူလျှင် ကောင်းမည်နည်း ဆိုသည့်ကိစ္စ။

ဖြူပြာက...

''ဟဲ့...ငါတို့ စားသောက်သမျှတွေကိုများ ဗီဒီယိုထဲကလို သူက ရှင်းပေးသွားမလား''



ထိုစကားကြောင့် သူမတို့ ရယ်ကြရသေးသည်။ ပွင့်ဦးက...

''သူ့ရုပ်ကတော့ အဲဒီလိုလုပ်ရကောင်းမှန်း သိတဲ့ရုပ်မျိုးလည်း မဟုတ်ပါဘူးဟယ်''

ထို့ကြောင့် ရယ်ဖြစ်ကြပြန်သည်။ ခဏကြာတော့ သူမတို့ ပြန်ရန် ပြင်သည်။ ခိုးခိုးကြည့်နေသည်မှအပ သတ္တိက တုတ်တုတ်မလှုပ်။ ထို့ကြောင့် မှုယာက အစီအစဉ်တစ်ခုကို တင်ပြသည်။

''ဟဲ့...ပွင့်ဦး''

''ဘာတုန်းဟ။ နင်ကလည်း အလန့်တကြား''

''ငါ တစ်ခု စဉ်းစားမိလို့ပါ''

''ပြော...''

''သူ နင့်ကို အပျော်လား၊ အလေးအနက်လားဆိုတာကို ငါ သိချင်လို့''

''ငါလည်း ဘယ်ပြောတတ်မလဲ''

''မဟုတ်ဘူးလေ...။ အဲဒါကို ငါ စမ်းသပ်ချင်တယ်''

''ဘယ်လိုစမ်းသပ်မှာလဲ''

''ငါတို့ ရေကစားရင်းကပဲ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်စားမယ်ဟယ်၊ သူ ဘယ်လောက် လိုက်နိုင်မလဲဆိုတာ ကြည့်မယ်''

ဖြူပြာက ဝင်ထောက်သည်။

''ဟဲ့...သူက ပိုက်ဆံမရှိလို့ မလိုက်နိုင်တော့ရင် ဘယ့်နှယ်လုပ်မလဲ''

''အဲဒါဆိုရင်တော့ သွားပေါ့''

''အာ...နင့်ဟာက မဟုတ်သေးပါဘူး။ ဆင်းရဲတာက အပြစ်မှ မဟုတ်တာ''

''သူ့ပုံစံက ဆင်းရဲသားပုံစံ မဟုတ်ပါဘူး။ သူဌေးသားပုံစံပါ''

''ကဲ...သူဌေးသားလို့ပဲ ထားပါတော့။ ပိုက်ဆံ အခန့်မသင့်တဲ့ အချိန်တွေ ရှိမှာပဲ''

''ဘာပဲဖြစ်ဖြစ်လေ...။ သူဟာ ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ ငါတို့ လျှောက်လည် ရေကစားရင်းကနေ တစ်ဆိုင်ပြီး

www.burmeseclassic.com



တစ်ဆိုင် လျှောက်ထိုင်ကြည့်မယ်။ သူ့မှာ ဘယ်လိုအခက်အခဲရှိရှိ ငါတို့နောက်ကို လိုက်နိုင်မလား၊ အခက်အခဲကို ဘယ်လိုကျော်လွှားမလဲ ဂုဏ်သိက္ခာရှိရှိ ကျော်လွှားမှာလား၊ ဂုဏ်သိက္ခာမဲ့မဲ့ ကျော်လွှားမှာလား အဲဒါကို စောင့်ကြည့်ချင်တယ်''

''စောင့်ကြည့်ပြီး ဘာလုပ်မှာလဲ။ ပွင့်ဦးက ယူရတော့မှာလား နင် ယူမလို့လား''

ပွင့်ဦးက ဝင်တားရတော့၏။

''ဩော်...တော်ကြပါတော့ဟာ''

တားရခြင်းကတော့ ရှင်းပါသည်။ သတ္တိ ကြားသွားမည်က စိုးသည်ကတစ်ကြောင်း၊ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်စားနေလျှင် (သတ္တိက လိုက်လာဦးတော့) သောက်စားပုတ်မလေးဟု ကိုယ့်ကို ထင်သွားမည်က တစ်ကြောင်းကြောင့် ဖြစ်သည်။

သို့သော် မူယာ ဖွင့်ပြောသော စကားတစ်ခွန်းက စဉ်းစားဖွယ်ရာ ဖြစ်လာသည်။

''ငါတို့အစီအစဉ်နဲ့ ငါတို့နောက်ကို သူလိုက်လာတာ ကြိုက်သလား၊ သူ့အစီအစဉ်နဲ့သူ လိုက်လာတာကို ကြိုက်သလား''

ပွင့်ဦးနှင့် ဖြူပြာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

နောက်တော့ ပွင့်ဦးကပဲ...

''အေးပါဟာ...။ ငါတို့အစီအစဉ်နဲ့ဆိုရင် ငါတို့ အောက်ကို သူရောက်သွားတာပေါ့။ သူ့အစီအစဉ်နဲ့ သူဆိုရင် ငါတို့က ကျောလုံး မဟုတ်ဘူး။ နင်ပြောသလိုသာ လုပ်ပါတော့''

မူယာက ကျေနပ်စွာ ပြုံးသည်။

''အေး...ဒါမှပေါ့''

ဖြူပြာက မဲ့သည်။ သို့သော် ဘာမှ မပြောသာ။ မူယာ၏ အစီအစဉ်အတိုင်း သူတို့တွေ တစ်ဆိုင်ပြီးတစ်ဆိုင် လျှောက်ထိုင်ကြသည်။ တစ်ဆိုင်မှ တစ်ဆိုင်သို့အသွား လမ်းမှာ ကာလသားတွေကတော့ ရေလိုလောင်းကြသည်ပေါ့။ အထူးသဖြင့် ပွင့်ဦးကို...။





နောက်မှလိုက်ပြီး ထိုမြင်ကွင်းတိုင်းကို ကြည့်ရှုနေရသည့် သတ္တိအတွက် အတော်ပင် ခံပြင်းစရာ ဖြစ်နေသည်။ သူ့ကို မသိမသာ ဝေ့ဝဲ အကဲခတ်နေသည့် ဖြူပြာ၊ မူယာတို့အတွက်မူ ထိုအချက်ကပင်လျှင် သတ္တိကို အမှတ်ပေးစရာတွေ ဖြစ်နေသည်။ သတ္တိက ပွင့်ဦးကို အမှန်တကယ် စွဲလမ်းနေပုံ ရသည်။

သူတို့ ထိုင်ခဲ့ကြသည့် လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ ရှမ်းခေါက်ဆွဲဆိုင်၊ တရုတ်စားသောက်ဆိုင်တွေကလည်း စုံလှသည်။ သတ္တိကလည်း လိုက်လာပြီး မနီးမဝေးစားပွဲမှာ ဟိုဟာဒီဟာ ဝင်စားသည်။ သူမတို့က တစ်ပွဲထဲမှာပြီး တစ်ယောက်တည်းက စားသည့်မှုကို တစ်လှည့်စီ လုပ်လာခဲ့ခြင်းဖြစ်၏။ သတ္တိကတော့ တစ်ယောက်တည်း အစာမျိုးစုံကို စားလိုက်သောက်လိုက် လုပ်နေသဖြင့် ကြာတော့ မခံနိုင်။

တစ်မှုခံသာသည်က ငွေကို လိုရမယ်ရသဘောဖြင့် ပိုပိုလိုလို ထည့်လာခဲ့ခြင်းဖြစ်သည်။ ဦးလင်းခေါင်က သူတို့ကို သကြန်ထွက်လည်ဖို့ ပေးသော်လည်း အလွန်အကျွံကဲမည်စိုးသဖြင့် ငွေကို တောက်ဖြတ်တန့်သတ်ပေးလိုက်၏။ ထို့ကြောင့် အစ်ကိုကြီး အေးငြိမ်း အကျီအိတ်ထဲမှာ ငွေများကို သူနှိုက်လာခဲ့သည်။

အသားလွတ်ကြီး နှိုက်သည်တော့ မဟုတ်ချေ။ အေးငြိမ်း၏ ဘဏ်ထုပ်ငွေကို ကြားထဲမှာ ထီလက်မှတ်များ အစားထိုး၍ ဟန်ပြပြန်ထည့်ခဲ့ပြီး၊ အထဲမှာ ငွေစက္ကူတွေကို ယူလာခဲ့ခြင်းဖြစ်သည်။

မခံသာသည့်တစ်ချက်ကတော့ ဝမ်းဗိုက်ပြဿနာဖြစ်၏။ အစားမျိုးစုံရောပြီး သူတို့ဘာသာ မည်သို့မည်ပုံ ဓာတ်ပြုကြသည်မသိ။ အူလမ်းကြောင်းကို ကလိထိုးတာ သေချာသည်။ နောက်ဆုံးစားသောက်ဆိုင်မှာ သတ္တိ မခံသာတော့။

''ဟေ့ ညီလေး''

စားပွဲထိုးကို လှမ်းခေါ်ရသည်။

''ဗျာ...။ ဘာအလိုရှိပါသလဲ ဆရာ''

''တွိုင်းလက် ရှိလား''

''ရှိပါတယ် ဆရာ''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ"

စားပွဲထိုးလေးက တို့ရှင်းလက်ရှိရာသို့ လိုက်ပြ၏။ (ရေဆွဲအိမ်သာကို တို့ရှင်းလက်ဟု ခေါ်ပါသည်။ လက်ထရိန်ဆိုသည်က တွင်းအိမ်သာကို ခေါ်ပါသည်။) ထိုမြင်ကွင်းကို ကြည့်ပြီး ပွင့်ဦးတို့ ကြိတ်ရယ်ကြရသေး၏။ သတ္တိ ဝင်ဝင်သွားချင်း...

"ကဲ...တော်လောက်ပြီ၊ တို့ လစ်ကြမယ်၊ စတုဒီသာက ရှိသေးတယ်"

"အေး...ဟုတ်တယ်"

သူမတို့ သစ်ထွက်ခဲ့ကြ၏။ သတ္တိအဖို့တော့ ပြန်ထွက်လာလျှင်း ရင်ကွဲနာကျစရာပဲ ရှိတော့မည်၊ မတတ်နိုင်၊ ဤလောက်တော့ ခံကြပြန်ပေးရလိမ့်မည်။

ထိုအချိန်မှာ ရဲရင့်ကလည်း အတော်ခွကျနေပြန်သည်။ ပွင့်ဦးကိုရှာမတွေ့ရသည့်ကြားထဲ အေးငြိမ်းအိတ်ထဲမှ နှိုက်လာသော ငွေစက္ကူ အုပ်ကလည်း ကြားထဲမှာ ထီလက်မှတ်တွေ ဖြစ်နေသည်။

"တောက်...။ ဒါ...သတ္တိလက်ချက်ပဲ ဖြစ်ရမယ်"

မခံချိမခံသာဖြစ်ရုံမှလွဲပြီး ဘာမှလည်း လုပ်မရ။ ခင်ဇော်နှင့် အောင်မိုးကတော့ သူတို့အိတ်ကပ်တွေကို မရဲတရဲပြန်စမ်းပြီး သူ့ကို ဖျောင်းဖျကြပါသည်၊ သို့သော်လည်း ကိုယ်ပိုင်ငွေနည်းနေသဖြင့် ရောကစား ရတာကိုပင် ရဲရင့် စိတ်မလုံ။ အိမ်သို့သာ လှည့်ပြန်ချင်နေတော့သည်။

"လာစမ်းပါကွာ...မင်းကလည်း။ ကိုယ့်ကားပေါ် ကိုယ်နေတဲ့ဟာ"

သူတို့ သင်္ကြန်တွင်း လည်ရန် ငှားထားသည့် ကားပေါ်မှာ ဖြစ်သည်။ ထို့ကြောင့်သာ တော်ပါသေးရော့သည်၊ တစ်နေကုန် လျှောက်လည်ပြီး၊ တစ်နည်းအားဖြင့် ပြောရသော် တစ်နေကုန် ပွင့်ဦးကို လှည့်ပတ်ရှာပြီး မတွေ့တော့သည့်အဆုံး...

"ဟေ့ကောင်တွေ...ဟိုရှေ့မှာ စတုဒီသာ မထွာပ်ကွ။ မုန့်လုံးရေပေါ် ကျွေးနေတယ်။ ဝင်စားမယ်"

"အေး...ကောင်းတယ်"



ရှေ့ကြ၊ နောက်ကြ ပျော်ရွှင်ကြသည့် အချိန်ဖြစ်၍ ကလေးတွေကြားထဲမှာပင် တစ်ဝိုင်း ဝင်ထိုင်လိုက်ကြသည်။ အောင်မိုးက အလန့်တကြား

"ဟာ...ဟေ့ကောင် ရဲရင့်"

"ဟင်"

"ဟိုမှာကြည့်စမ်း"

ဧည့်ခံကျွေးမွေးနေသူများထဲတွင် ပွင့်ဦးကို တွေ့လိုက်ရ၍ ဖြစ်သည်။

သူ တွေ့လိုက်ချိန်မှာပဲ ပွင့်ဦးတို့ အုပ်စုကလည်း သူ့ကို တွေ့သွားသည်။ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း အချက်ပြလိုက်ကြ၏။ ဖြူပြာက...

"ဟဲ့...။ နင့်လူက တယ်ဖွဲ့ကောင်းပါလား"

မှူယာက ဖြည့်ပြောသည်။

"ဖွဲ့ကောင်းရုံတင် မဟုတ်ဘူး၊ အရည်အချင်းလည်းရှိတယ်။ အထိ လိုက်လာနိုင်ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး"

"အေး...ပညာပြရင် ကောင်းမယ်။ ဒီအိမ်ကို ငါ့အိမ်လို့ သူထင်သွားအောင် မျက်လှည့်ပြပစ်ခဲ့မယ်"

ရန်ကုန်ရောက် မိုးကုတ်မြို့သားတစ်ဦး၏ စတုဒီသာအလှူမှာ ပွင့်ဦးတို့က ဝင်ကူပေးခြင်းဖြစ်သည်။ အိမ်ရှင်နှင့် လူပုဂ္ဂိုလ်အချင်းချင်း ရင်းနှီးမှု မရှိပါ။ တစ်ယောက်နှင့်တစ်ယောက် နာမည်ပင်မသိ။ သို့သော် တစ်မြို့တည်းသားတွေဖြစ်၍ ခင်မင်ရင်းနှီးပြီးသားဖြစ်နေသည်၊ တစ်ဆင့်တစ်ဆင့် အဆက်အသွယ်နှင့် လာရောက်ကူညီပေးခြင်းဖြစ်သည်။

သင်္ကြန်ဆိုတော့လည်း ရောသောဘောသောဖြစ်နေသည်ပေါ့။

"နင့်အိမ်လို့ ထင်အောင် ဘယ်လိုလုပ်မလဲ"

ထိုအချိန်တွင် ရဲရင့်တို့ ဝိုင်းကို မည်သူကမှ မုန့်လုံးရေပေါ်ချပေး၍ ပုဂ္ဂိုလ်တွေ ရှက်အမ်းအမ်းဖြစ်နေကြသည်ကိုလည်း တွေ့ရ၏။

"ငါ သွားချပေးလိုက်မယ်"

ပွင့်ဦးက ရဲတင်းစွာပင် ရဲရင့်တို့ ဝိုင်းသို့ မုန့်လုံးရေပေါ် သွား၍

www.burmeseclassic.com



ပေးလိုက်သည်။

"ဒါက သာကူပါရှင်။ ဒါကတော့ မုန့်လုံးရေပေါ်ပါ။ မုန့်နှစ်ရော ထန်းလျက်ရော၊ အုန်းသီးရော ပါတယ်။ အဆင်ပြေရင် ရေတ်သီးစိမ်းပါ စားရဦးမယ်။ အစုံပါပဲရှင်...။ စားကြပါ"

ရဲရင့်တို့အုပ်စု ကျေနပ်သွားကြ၏။ ရဲရင့်က ပျော်ရွှင်မှုကို မထိန်း နိုင်ဘဲ...

"ရေတ်သီးစိမ်းပါလည်း ရပါတယ်ရှင်။ သဒ္ဓါလို့ကျွေးမှတော့ သေသေဆေးပဲ ဖြစ်ဖြစ်ပေါ့"

ပွင့်ဦး လှည့်ထွက်လာခဲ့သည်။ ဖြူပြာက ပြောသည်။

"ဟဲ့...နင့်လူက တစ်နေ့လုံး တစွတ်စွတ်စားလာတာကိုတောင် ခုလည်း စားနိုင်သေးတယ်နော်။ ကြည့်လုပ်ဦး...။ ဖုတ်များ ဝင်နေတာလား မသိဘူး"

ရဲရင့်တို့ကလည်း အားရပါးရ စားနေကြခြင်းဖြစ်၏။

"စားကြ ဟောကောင်တွေ စားကြ။ ရပ်ကွက်ရုံး မဟုတ်ဘူး ရဲရဲသာ စားကြ"

တိုက်တိုက်ဆိုင်ဆိုင် ရဲရင့်ကိုမှ ရေတ်သီးစိမ်း ထိသည်။ ရဲရင့် တရှုံ့ရှုံ့ တရှဲ့ရှဲ့ ဖြစ်သွားတာကို ကြည့်ပြီး ပွင့်ဦးတို့ မသိမသာ ကျိတ်ရယ် မိကြသည်။

အောင်မိုးက ဒဿနဆန်သော စကားကို မုန့်လုံးရေပေါ်နှင့် နှိုင်း၍ ဆိုသည်။

"အဲဒါ... အချစ်ပဲ ရဲရင့်ရ"

"ဘာဆိုင်လို့လဲ"

"အမြိတ်နံးတော့ ဘယ်ချိုမလဲ။ တစ်ခါတလေတော့ အထဲ ကလေး ဘာလေး ကြုံဦးမှာပေါ့"

"ဒါဆို ငါက အခု အချစ်ကို ကြုံနေရပြီ ဆိုပါတော့"

"ဒါပေါ့..."

"ရင်ခုန်ပါပေ့ကွာ"

ပြန်ခါနီး နှုတ်ဆက်ရန်ပြင်တော့ ပွင့်ဦးတို့အုပ်စုကို မတွေ့



သော့၊ ပေကပ်ထိုင်စောင့်နေလျှင်လည်း နောက်ထပ်လာသော ညသည် အား အခက်အခဲဖြစ်နိုင်၍ အင်တင်တင်နှင့် ပြန်ခဲ့ကြရသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂

ညာ။

လရောင်က လဲ့လဲ့ကလေး လင်းနေသည်။ ကြယ်တွေကလည်း ပွင့်ပွင့်ဝေဝေ။ ရေစိုထားသည့် မြေသားကလည်း သင်းရနံ့ကလေး ဆွတ်ပျံ့မွှေးလျက်ရှိ၏။

ခြံထဲမှာ ပွင့်ဦးနှင့် ဖြူပြာ၊ မူယာတို့ စကားထိုင်ပြောနေကြ၏။ ပြောကြသည်ကတော့ ဟိုအကြောင်း သည်အကြောင်း ထွေရာလေးပါး အကြောင်းတွေပါ။ ဒါပေမဲ့ နောက်ဆုံးမှာ ဟိုလူ့အကြောင်း ပါလာသည်။ ဖြူပြာက အမှတ်တရ မေးလာခြင်းဖြစ်သည်။

''ပွင့်ဦး...။ နင် ဟိုလူ့ကို ဘယ်လိုမြင်လဲ။ နင့်ကို စာပေးလို့ ရပ်ကွက်ရုံး ရောက်တဲ့လူကိုလေ''

ပွင့်ဦးက တွေးတွေးဆဆဖြင့်...

''မဆိုးပါဘူး။ ရမ်းရမ်းကားကားကြီးတော့ မဟုတ်ပါဘူး။ ယဉ်တတ်ပုံ ရတယ်''

''နင့်ကို သူ တကယ်ချစ်တယ်လို့ ထင်လား''

''ဘာဖြစ်လို့လဲ''

''မေးကြည့်တာ''

''အင်း...ထင်တော့ ထင်တယ်။ သူ့မျက်လုံးတွေက သက်သေပြ



နေတယ်''

''နင့်သဘောထားကရော...''

''မပြောတတ်ဘူး''

''အရင်လူတွေလိုလောက်တော့ ခါးခါးသီးသီး မဖြစ်တော့ဘူး မို့လား''

ပွင့်ဦး တွေဝေသွားသည်။

''မပြောနိုင်သေးဘူး''

''အချစ်ကို မခံစားတတ်ဘူး ဆိုပါတော့''

ပွင့်ဦး ခေတ္တငြိမ်သက်သွားပြန်သည်။ ပြီးမှ...

''ခံစားတတ်ပါတယ်ဟာ''

ထိုစဉ် အဝေးမှ နီးရာ နီးရာလာသော တယောသံသဲ့သဲ့ကို ကြားရ၏။ ပွင့်ဦးတို့ဘက်တွင် ထိုအလေ့အထကလေး ရှိသေးသည်။ ညဘက်မှာ မယ်ဒလင်တီး၊ တယောထိုး၍ လမ်းလျှောက်ရင်း သီချင်းဆိုသွားသူတွေ ရှိသည်။

ယခုပုဂ္ဂိုလ်ကတော့ သီချင်းမဆို။ တယောပဲ ထိုးလာသည်။ လရောင်မပိတ်ဝါးအောက်မှာ အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်ကို တွေ့ရ၏။ တဖြည်းဖြည်း ဝေးသွားသည်။

ပွင့်ဦးက...

''အချစ်ဆိုတာ အဲဒီ တယောတေးသွားလိုပဲ။ တယောကြိုးနဲ့ ဘိုးတံနဲ့ ပေါင်းစပ်ပြီး သာယာတဲ့တေးသွား ဖြစ်လာတာပေါ့''

''နင့် အတွေးလေးက ကောင်းပါတယ်။ ဒါပေမဲ့ တစ်ခု လိုနေတယ်''

မူယာက ထိုသို့ပြောတော့ ပွင့်ဦး၏ မျက်ခုံးကလေးတွေ အတွန့်ချိုးသွားသည်။

''ဘာလိုတာလဲ''

''တယောဆရာလေ...။ အဲဒီ အချစ်ဆိုတာကို ပွင့်ထွက်အောင် တယောကြိုးနဲ့ ဘိုးတံကိုပါ တီးခပ်ပေးမှာက ဘယ်သူလဲ''

ပွင့်ဦးက ခပ်ထေ့ထေ့ပြုံးရင်း...

www.burmeseclassic.com

www.burmeseclassic.com



''ကံဇာတ်ဆရာပေါ့ဟာ''

အားလုံး ငြိမ်သက်သွားကြ၏။ တယောသံသဲ့သဲ့ကို ကြားနေရဆဲဖြစ်လေသည်။

◆



အခန်း [၂၁]

ဧည့်ခန်းထဲမှာ လူစုံတက်စုံရှိကြသော်လည်း အနေအထားကတော့ ထုံးစံအတိုင်းပင် ဖြစ်နေသည်။ အေးငြိမ်းက စာဖတ်နေသည်။ ဒေါ်ဝါဝါဦးက ပုတီးစိပ်နေသည်။ ဦးလင်းခေါင်က ဖိုင်တွဲများ စာရင်းဇယားများဖြင့် အလုပ်ရှုပ်နေသည်။ သတ္တိနှင့် ရဲရင့် တီဗွီရှေ့မှာ။

ကပ်လျက်ထိုင်နေသော်လည်း သတ္တိကသာ တီဗွီကို အာရုံစိုက်ကြည့်ပြီး ရဲရင့်က အိပ်ငိုက်နေသည်။

သူ့ခန္ဓာကိုယ်က တစ်ချက်တစ်ချက်မှာ ငိုက်ငိုက်ကျပြီး သတ္တိကိုယ်ပေါ်သို့ လဲသည်။ သတ္တိက တွန်းတွန်းထုတ်နေရသည်။ တီဗွီကို ကောင်းကောင်းကြည့်ရသည် မရှိ၊ လေးငါးကြိမ်တွန်းထုတ်ပြီးရသည့်နောက်မှာ သတ္တိ သည်းမခံနိုင်တော့။

''ဟေ့ကောင်၊ မင်းဘာသာ အိပ်ချင်ရင်လည်း အခန်းထဲ သွားခင်းအိပ်။ သူများတကာ တီဗွီကြည့်နေတာကို မနှောင့်ယှက်နဲ့''

''ဘာဖြစ်လဲကွ၊ ငါဘာသာ ငိုက်တာ။ တစ်နေကုန် ရေကစားသားတာ ဒီလောက်တော့ ငိုက်မှာပေါ့''

''မင်းမှ မဟုတ်ဘူး၊ ငါလည်း ရေကစားတာပဲ။ မင်းကမှ ငါ့အပေါ်ကို ဆန်အိတ်ကြီးလို လာလာလဲနေတယ်''

''ငါ့ဘာသာ ဆန်အိတ်ဖြစ်တော့ ဘာဖြစ်သလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွိ...ကျွိ...လို့ ငါထအော်လိုက်ရင် ကြွက်ကြွက်ဆိုပြီး မင်းလို ဆန်အိတ်က ထအော်ခုန်ရဦးမယ်"

"ငါက ညောင်...ညောင်လို့ ပြန်အော်လိုက်ရင် ကြောင်လာပြီ ဆိုပြီး မင်း တချိုးတည်း ပြေးရမယ်"

"ငါကလည်း ငါကလည်း"

"ပြောလေ၊ ဝုတ်...ဝုတ်လို့"

"အေး...အဲဒီလို အော်လိုက်လို့ရှိရင် ငါ ခွေးဖြစ်သွားမှာစိုးလို့၊ ငါသာ ခွေးဖြစ်ရင် ဟွန်း...မပြောလိုက်ချင်ဘူး"

စာရင်းဇယားတွေ လုပ်နေသော ဦးလင်းခေါင် လက်ထဲမှ ဘောလ်ပင် လွတ်ကျမတတ်ပင် ဖြစ်သွားသည်။ အမြွှာနှစ်ကောင်ကို မျက်လုံးပြူးကြီးဖြင့် လှမ်းကြည့်၏။ အတော်ကလေးလည်း စိတ်အနှောင့် အယှက်ဖြစ်သွားသည်။ သို့သော်လည်း သူ ဘာမှ မပြောရပါ။ အေးငြိမ်း စားပွဲပေါ်မှ ပန်းသီးဖြင့် ကောက်ပေါက်လိုက်သည်။

မည်သို့မည်ပုံ ပေါက်လိုက်သည်မသိ။ ပန်းသီးက သတ္တိကို ထိပြီး ရဲရင့်ကိုပါ ဆက်ထိသည်။ နဖူးတွေကိုချည်း ထိခြင်းဖြစ်သည်။ အတော်လည်း နာသည်။

အေးငြိမ်းက မျက်နှာတည်တည်ဖြင့် ပြောသည်။

"ဆူညံဆူညံနဲ့ အရေမရ အဖတ်မရတွေ ပြောနေကြတယ်၊ ဖေဖေအလုပ်လုပ်နေတာ မမြင်ဘူးလား"

အမြွှာနှစ်ကောင် ကိုယ့်နဖူး ကိုယ်ပွတ်ပြီး ငြိမ်သွားကြသည်။ ဦးလင်းခေါင်က...

"ဒေါ်ဖူး၊ ဒေါ်ဖူး"

"ရှင်...ဆရာ"

အိမ်ဖော်ဒေါ်ဖူး ပြေးထွက်လာသည်။

"ခင်ဗျားကို တစ်ခါ ကျွန်တော် ကပ်ခိုင်းထားတဲ့ စာရွက်ကို နံရံမှာ မကပ်ရသေးဘူးလား"

"ဟုတ်ပါရဲ့၊ မေ့...မေ့နေလို့ပါ ဆရာ"

"ခု...ကပ်လိုက်"





"ဟုတ်...ဟုတ်ကဲ့"

ဒေါ်ဖူးက တိပ်ဖြင့် နံရံမှာ စာရွက်တစ်ရွက်ကပ်သည်။ တွေ့မြင်နေကျ ရိုးရိုးစာသားပါပဲ။ သို့သော် အမြွှာနှစ်ကောင် ကုပ်သွားသည်။

"မကျူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့"

ဦးလင်းခေါင်က စားပွဲပေါ်မှ သူ့စာရွက်စာတမ်းများကို ကောက်ယူပြီး သူ့အခန်းထဲ သူဝင်သွားသည်။

အေးငြိမ်းက...

"မင်းတို့နှစ်ယောက် နက်ဖြန်လည်း ထွက်ကဲကြဦးမှာမို့လား။ ဝင်အိပ်ကြတော့။ သွား"

ရဲရင့်က မချိမချဉ်မျက်နှာနှင့်...

"ဟိုလေ...ကျွန်တော် အစ်ကိုကြီးကို တစ်ခုမေးချင်လို့"

သတ္တိက ဝင်ကလော်သည်။

"အောင်မာ...မင်းကများ ရာရာစစ"

"ငါမေးတာ ဘာဖြစ်လဲ၊ မင်းကချည်းပဲ မေးချင်နေလို့ ရမလား"

သတ္တိ မျက်လုံးပြူးသွားသည်။

"ဟင်...မင်းကရော အိပ်မက် မက်သလား"

"အိပ်မက် မဟုတ်ဘူး ဟောကောင်၊ လက်တွေ့ လက်တွေ့"

သတ္တိက မျက်နှာကို မဲ့ပြ၏။

အေးငြိမ်းက ရဲရင့်ကို ဘာခံစားချက်မှ မရှိသော မျ[illegible] ကြည့်ပြီး...

"မင်းက ဘာမေးချင်တာလဲ"

"အဟဲ...အစ်ကိုကြီးရယ်။ နေ့ဝင်ချိန်မှာလေ [illegible] နေတယ်"

သတ္တိက မဲ့နေသော မျက်နှာနှင့်ပင်...

"ကောင်းလိုက်တဲ့ မေးခွန်း"

ရဲရင့် စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

"ဟောကောင် မင်း ဝင်မရှုပ်နဲ့ကွာ၊ ငါ့မေးခွန်း မဆုံး[illegible]"

အေးငြိမ်းက ဝင်ဟန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



''သတ္တိ အသာနေစမ်း။ ရဲရင့်က မေးစရာရှိတာကို ဆက်မေး''

ရဲရင့်က...

''ဒီလိုလေ အစ်ကိုကြီးရဲ့...။ နေဝင်ချိန်တိုင်းမှာ အဲဒီလိုနေလုံး နီနီရဲရဲကို မြင်ရတာ မဟုတ်ဘူး။ တစ်ခါတစ်ခါမှ မြင်ရတာ။ အဲဒါ ဘာသဘောလဲ၊ ဘာဖြစ်လို့လဲ''

''မြူတိမ်တွေ ကင်းရှင်းမှ နေလုံးကို နီနီရဲရဲမြင်ရတယ်။ အဲဒီလို နေဝင်ချိန်မှာ နေလုံးကို နီနီရဲရဲမြင်ရတာ ရာသီဥတုသာယာမယ့် သဘောပဲ။ ဘာဖြစ်လို့ မေးတာလဲ''

''ဟဲ...ဟဲ...ညနေက နီလျှမ်းလှပနေတဲ့ ကောင်းကင်ပြင်လေးကို နေဝင်ချိန်မှာ တွေ့လိုက်ရလို့ အစ်ကိုကြီးရဲ့။ ကျွန်တော့်ဘဝတော့ ရာသီဥတု သာယာတော့မယ် ထင်ပါတယ်''

သတ္တိ နေမထိ ထိုင်မထိ ဖြစ်သွားသည်။ ဘာနဲ့မထိတာလဲတော့ မသိ။ နေမထိထိုင်မထိဖြစ်သွားတာကတော့ သေချာသည်။ အေးငြိမ်းက စာအုပ်ကို ပြန်ဖတ်ရင်း...

''ကဲ...နှစ်ယောက်လုံး သွားအိပ်တော့''

အမြွာနှစ်ကောင်က ထိုင်ရာမှ ပြိုင်တူထရပ်သည်။ တစ်ယောက်ကိုတစ်ယောက် ဘုကြည့်ကြည့်ပြီး ပြန်ထိုင်သည်။ ပြိုင်တူပြန်ရပ်မိမလို ...းမှ ပြန်ထိုင်ပြန်သည်။ အေးငြိမ်းက စိတ်မရှည်တော့ဟန်ဖြင့် ဖတ် ...စာအုပ်ကို ချပြီး ထိုင်ရာမှ ထရပ်သည်။ သူတို့နှစ်ယောက်ကို ...။

ဦးလင်းခေါ်...အခါကျမှ အမြွာနှစ်ကောင် သူ့ထက်ငါ ဦးအောင် ဝင်ပြေး...

''...ကြီးပတ်ရှေ့ပြည့်သွားပုံရသော ဒေါ်ဝါဝါဦးကလည်း ဘုရား...

''ရှ...သည်။ ညှော်ခန်းမှာ အေးငြိမ်းတစ်ယောက်တည်း ကျန်ခဲ့ ...အိမ်၊

''ခင်...ကောင် ရဲရင့်၊ ပွင့်ဦးနဲ့ ညနေက ဆုံခဲ့ပုံရတယ်။ ဒါမှမဟုတ် နံရံမှာ မ...ယောက်များလား''

နဖူးလက်တင်ရင်း သတ္တိ အတော်နှင့် အိပ်မပျော်ချေ။ အတွေး ...ဝနေသည်။





''နောက်တစ်ယောက်ဆိုရင်လည်း ကောင်းတာပဲ။ ဒါမှ ပွင့်ဦးကို ငါပဲ လွတ်လွတ်လပ်လပ် ချဉ်းကပ်လို့ ရမှာ။ အင်း...ဒါပေမဲ့ ပွင့်ဦးပဲ ဖြစ်ဖို့များပါတယ်။ ဒီကောင်နဲ့ ငါက တူတတ်တယ်။ နောက်ပြီး ညနေခင်းဆိုတော့ ဖြစ်နိုင်တယ်။ ပွင့်ဦးနဲ့ ငါက ညနေမတိုင်ခင်မှာ လူချင်းကွဲသွားတာကိုး''

ထိုသို့ဖြင့် မျက်လုံးအစုံ မှေးစင်းပြီး အိပ်ပျော်သွားသည်။

အိပ်ပျော်ပြီးကာမှ အရိပ်မည်းကြီးတစ်ခုကို ဝိုးတဝါး စမြင်ရ၏။ ထိုအရိပ်မည်းကြီးသည် သတ္တိကို ခုတင်နံဘေးမှ ဆီးမိုးကြည့်နေ၏။ သူ့ကိုယ်မှ ထွက်သည့် အအေးငွေ့တချို့ကြောင့် သတ္တိ ဝုန်းခနဲထထိုင်သည်။

ဝတ်ရုံအနက်ကြီးကို ခြုံထားသည့်လူ၊ ရှည်လျားသော အရပ်၊ ရှည်လျားသောလက်သည်းများ ရှိကာ မျက်နှာက လူသေဆန်သည်။ မျက်မှောင်ကြုတ်လျက် သတ္တိက မေးလိုက်သည်။

''နေပါဦး။ ခင်ဗျားက ဘာလဲ၊ သေမင်းပဲလား''

ဝတ်ရုံနက်ကြီးက ဘာမှမပြော။ သတ္တိက ထပ်ပြောလိုက်သည်။

''အရင်တစ်ခါ ကျွန်တော့်ဆီကို သေမင်းတစ်ယောက် လာသွားပြီးပြီ။ ခင်ဗျားနဲ့ မတူဘူး။ ခင်ဗျားနဲ့ ဘာတော်လဲ။ သားအဖလား။ သေမင်းကရော ဘယ်နှယောက် ရှိတာလဲ''

ဝတ်ရုံနက်ကြီးက အသံသြသြနှင့် ဖြန်ဖြေသည်။

''သေမင်းဆိုတာ တစ်ယောက်တည်းရှိတယ်''

''ခင်ဗျားလား''

''မဟုတ်ဘူး။ ငါက စုန်း''

ထူးဆန်းသည်က သတ္တိ နည်းနည်းမှ မကြောက်ရွံ့မိခြင်းပဲ ဖြစ်သည်။ စိတ်ဝင်တစားတောင် ဖြစ်သွားသည်။

''ဟာ...ဒါဆို လုပ်စမ်းပါဦးဗျာ။ လင်းတဖြစ်အောင် ထ...ပြစမ်းပါဗျာ...။ ကြည့်ချင်လို့''

''ဘာ...''

စုန်းအနက်ကြီးက အံ့သြစိတ်ပျက်သွားသလို သတ္တိကို ကြည့်...

www.burmeseclassic.com



''ငါက စုန်းအထီးကွ၊ ထဘီမဝတ်ဘူး''

''ဒါဆိုလည်း တံမြက်စည်း ခွစီးပြီး ပျံပြ''

''ကျွတ်''

စုန်းအနက်ကြီးက အလိုမကျသလို စုတ်သပ်ပြီး ခေါင်းခါသည်။

''ဘာခေါင်းခါတာလဲ''

''မင်းက တယ်စိတ်ကူးယဉ်တာကိုး...။ ဟယ်ရီပေါ်တာ ကြည့်ပြီး လာပြောနေတာပဲ''

''ဟယ်ရီပေါ်တာ မဟုတ်ဘူးဗျ၊ မလေးရှားစုန်းကား''

''တော်စမ်းပါကွာ''

''ဒါဖြင့် ခင်ဗျားမှာ ဘာအစွမ်းမှ မရှိဘူးပေါ့''

''အစွမ်းမရှိဘဲ မင်းအခန်းထဲကို ဒီလိုရောက်လာမလားကွ''

''အင်း...ဟုတ်သားပဲ၊ ခင်ဗျား ဘယ်လိုလုပ် ဝင်လာတာလဲ''

''သော့တူနဲ့ ဖွင့်ဝင်လာတာ''

''ဘာ''

ထိုအချိန်မှာပဲ အိပ်မက်က ပြီးဆုံးသွားတော့၏။

◆





အခန်း [၂၂]

အမှန်တော့ သတ္တိ၏ အမှားဖြစ်ပါသည်။ အခန်းထဲမှာ ဤ အတိုင်း ထွက်လာလျှင်လည်း ရလျက်နှင့် ဟိုကြည့်သည်ကြည့် နှံကြောင် ... လုပ်ပြီး ထွက်လာမိခြင်းဖြစ်သည်။ ဂျမ်းဘုံတို့ စာဥတို့နှင့် ကောက်ရိုး ... မှာ ချိန်းထား၍လည်း မဟုတ်ပါ။ သူ သွားလိုသည်က အေးငြိမ်း၏ အခန်းကိုသာ ဖြစ်သည်။

သူ့လှုပ်ရှားမှုက ရဲရင့်ကို ခေါ်သလို ဖြစ်သွား၏။ ရဲရင့်က သတ္တိ၏ အနေအထားကို မှုမမှန်ကြောင်း ရိပ်မိကာ မချိမချဉ်ပြုံးပြီး နောက်မှ လိုက်သွားလိုက်၏။ သတ္တိကလည်း ပါးနပ်သော လူငယ် တစ်ယောက်ပီပီ သူ့နောက်မှ တစ်စုံတစ်ယောက် လိုက်လာသည်ကို ချက်ချင်းပင် သတိထားမိ၏။ လှည့်ကြည့်တော့ ရဲရင့်ကို တွေ့၏။

မကြည်ဖြူသော မျက်နှာထားနှင့် သတ္တိက မေး၏။

''မင်းက ငါ့နောက်က ဘာလိုက်လုပ်တာလဲ''

''မင်းကို နောက်ယောင်ခံလိုက်လာတာလေ''

''အာ...ဒါ နောက်ယောင်ခံလိုက်တာ ဟုတ်လား''

''ဟုတ်တယ်လေ...။ တရုတ်ကားထဲကလို နောက်ယောင်ခံ လိုက်တာ''

''ဘာကိစ္စ လိုက်တာတုန်း''

''မင်း အစ်ကိုကြီးဆီ သွားမလို့ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…။ ဘယ်သွားမှန်းသိရက်နဲ့များ နောက်ယောင်ခံလိုက်သေးတယ်။ ကြောင်ပါ့ကွာ"

"မင်း ဘယ်လိုပြောပြော ငါကတော့ နောက်ယောင်ခံလိုက်ရမှာပဲ"

သတ္တိ အတော်စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

"မင်းနဲ့ ညီအစ်ကိုတော်ရတာ ငါတောင် အလိုလို ပေါကြောင်ကြောင် ဖြစ်လာသလိုပဲ။ မင်း ပါမလာဘဲ ငါ့တစ်ယောက်တည်းကို မွှေးလိုက်ရင် အရမ်းကောင်းမှာပဲ"

ရဲရင့်က ငါးချူပြီး ပြုံးသည်။ (သတ္တိက ငါးဆိမ်းသည်မဟုတ်သောကြောင့် ပြုံးရဲခြင်းလည်း ဖြစ်နိုင်သည်)

"အဲဒါဆို မင်းတစ်ယောက်တည်းမှာ ခေါင်းနှစ်လုံး ဖြစ်နေမှာပေါ့"

သတ္တိက သူပြောသည့် စကားကို ကြားဟန်မတူပါ။ သူ့ဘာသာ အေးငြိမ်း၏ အခန်းတွင်းသို့ တန်းဝင်သွားသည်။

ရဲရင့်ကလည်း တရုတ်ကားထဲမှ နောက်ယောင်ခံလိုက်သည့်ပုံနှင့်ပင် လိုက်ဝင်သွားသည်။

အေးငြိမ်းက ခုတင်ပေါ်မှာ တင်ပါးလွှဲ ထိုင်လျက်ရှိ၏။ သူတို့နှစ်ယောက်၏ ပုံစံတွေကို တွေ့တော့ သူ့ဆံပင်ကို သိမ်းသပ်တင်ရင်း

"ဘာဖြစ်လာကြပြန်တာတုန်း"

"ကျွန်တော်က အစ်ကိုကြီးကို ပြောစရာရှိလို့ လာတာပါ။ အဲဒါကို ဒီကောင်က နောက်ယောင်ခံလိုက်လာတာ"

အေးငြိမ်းက တစ်ချက်ပြုံးရင်း…

"သူ့ဘာသာ ပြောစရာရှိရင်လည်း မနှောင့်ယှက်ရဘူးလေ ရဲရင့်ရ"

ရဲရင့်က အေးငြိမ်း၏ ခုတင်ပေါ် သူ့ဂျာကင်အင်္ကျီကို ပစ်ချလျက် ထိုင်ရန်ပြုနေချိန်ဖြစ်၏။ အေးငြိမ်း၏ စကားကြောင့် တွန့်သွားပြီး ထိုင်လုထိုင်ခင်မှာ မတ်တပ်ပြန်ရပ်သည်။

"အစ်ကိုကြီးတို့ကလည်းဗျာ…"





"ဘာလဲ"

"ကျွန်တော်က အငယ်ဆုံးဆိုတော့ နှိမ်ကြတယ်"

ထိုစကားကို သတ္တိက မခံမရပ်နိုင် ဖြစ်သွားသည်။

"ဘာမှ မဆိုင်ဘူး ဟောကောင်။ မင်းလွတ်လပ်ခွင့်ကို ထိပါးဘူး။ ငါ့ လွတ်လပ်ခွင့်ကိုလည်း မင်း မထိပါးနဲ့"

ရဲရင့် ဘာမှပြန်မပြောဘဲ ထထွက်သွားတော့၏။ ထိုအခါကျမှ သတ္တိက အေးငြိမ်းကို သူမက်ခဲ့သည့် အိပ်မက်အကြောင်း ပြောပြ၏။ အေးငြိမ်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း…

"အဲဒါ ဆန့်ကျင်ဖက်က မေတ္တာသက်ဝင်မယ်ဆိုတဲ့ သဘောပဲ"

"ကျွန်တော်နဲ့ မတည့်တဲ့ကောင်တွေက ကျွန်တော့်ကို သဘောထားပြောင်းမယ်ဆိုတဲ့ သဘောလား"

"မဟုတ်ဘူးလေ။ မင်းက ယောက်ျားလေးဆိုတော့ မိန်းကလေးက မေတ္တာသက်ဝင်မယ်ပေါ့ကွာ"

"အဟား…ဟား"

သတ္တိ စိတ်ထဲမှာ ကလိကလိဖြစ်ပြီး ထရယ်သည်။ ပြီးမှ သတိတရဖြင့်…

"အဲဒီကောင်မလေးက ဟိုကောင်မလေးပဲ ဖြစ်မလား အစ်ကိုကြီး"

"ဘယ်ကောင်မလေးလဲ"

"ပွင့်ဦးလေ…။ ကျွန်တော် အိပ်မက်အရ တွေ့ခဲ့တဲ့ ကောင်မလေး"

"ဒါတော့ မပြောတတ်ဘူးလေကွာ"

"အို…သူပဲ ဖြစ်မှာပါ။ လောလောဆယ် ကျွန်တော်နဲ့ ကံကြမ္မာချင်း ဆက်နွယ်နေတာ သူပဲရှိတယ်။ ဟေ…ဟေ့။ သတ္တိတို့ကတော့ ပွဲရချည်သေးရဲ့"

"ရူးလည်း ရူးတဲ့ကောင်။ သွားတော့ သွားတော့။ ငါ အလုပ်ရှိသေးတယ်"

"ဟုတ်ကဲ့…။ သွားပါပြီ အစ်ကိုကြီးရဲ့။ သကြန်နှင့် ပွင့်ဦးသည်"



www.burmeseclassic.com

www.burmeseclassic.com



မစောင့်တဲ့ အချိန်မီ လစ်လိုက်ဦးမယ်''

သေးတ...တွေ့ ထွက်သွားသည်။ အေးငြိမ်းက အခန်းထဲမှ ဂမ္ဘီရပစ္စည်း ...လုပ်ရှုပ်ပြီး ကျန်ရစ်ခဲ့၏။ ဂျပန်လူမျိုးတွေ အဆောင်အ... ပဲ'' ...တ အရုပ်တချို့ကို ထုတ်လေ့လာနေသည်။ ထိုအချိန်မှာပဲ ရဲရင့် ဝင်လာပြန်သည်။ အေးငြိမ်းက မော့မကြည့်ဘဲ...

''မင်း ဘာလာစပ်စုဦးမလို့လဲ ရဲရင့်''

ရဲရင့်က မကျေမနပ်နှင့် နှုတ်ခမ်းကြီးစူလျက်...

''ဘာမှ စပ်စုမလို့ မဟုတ်ဘူး၊ အင်္ကျီကျန်ခဲ့လို့ လာယူတာ''

အေးငြိမ်း၏ ခုတင်ပေါ်မှ သူ့ဂျာကင်အင်္ကျီကို ကောက်ယူကာ ဆောင့်ဆောင့်အောင့်အောင့် ပြန်ထွက်သွားသည်။ သူ့အခန်းထဲ သူ ပြန်ရောက်မှ ဂျာကင်အင်္ကျီအိတ်ထဲတွင် ဝှက်ထည့်ထားသော အသံဖမ်း ကက်ဆက်ငယ်ကလေးကို ထုတ်ယူပြီး ပြန်ရစ်ကာ အစမှ ဖွင့်နားထောင်၏။ သဘောကျစွာ ပြုံးသည်။

ကမန်းကတန်း အင်္ကျီအဝတ်အစားလဲပြီး အပြင်ထွက်ရန် ပြင်သည်။ သူက အမြန်ပြင်ဆင်ခြင်းဖြစ်၍ ပိတ်ကြီးတစ်ခွဲသားနှင့် ဖိမ်ပြေနပြေ ပြင်ဆင်နေသော သတ္တိထက် အရင်ပြီးသည်။

''အမှတ်တရ ရင်ထဲရှိရာ ××××× သူနဲ့ ဆုံတွေ့ခဲ့ရာ ××× ကိုယ်လာရင် ကြိုမှာလားလို့ အတည်×××''

သီချင်းတကြော်ကြော်နှင့် သူထွက်တော့ အခန်းထဲမှာ ခေါင်းဖြီး နေတုန်းဖြစ်သည့် သတ္တိက အူကြောင်ကြောင်ဖြစ်သွားသည်။ အခန်းဝမှ ခေါင်းပြူပြီး ချောင်းကြည့်တော့ ရဲရင့်က ထွက်သွားပြီ။

''ဟာ...ဒီကောင် ဦးလို့ မဖြစ်ဘူး''

သတ္တိလည်း ကမန်းကတန်းပြင်ဆင်ပြီး လိုက်ထွက်ရတော့သည်။ အပြင်မှာ ရဲရင့်ကို အရိပ်အယောင်မျှပင် မတွေ့ရတော့။ ကိစ္စမရှိပါ။ လမ်းပေါ်ရောက်ရောက်ချင်း ကောင်မလေးတစ်စုက ရေလာလောင်းမည်။ ပြန်ကြည့်မိလျှင် သူ့ကို မေတ္တာသက်ဝင်ကြမည်စိုး၍ သတ္တိ ခေါင်းငုံ့ ထားလိုက်သည်။

◆





အခန်း [၂၃]

ပွင့်ဦးနှင့် ဖြူပြာ၊ မှုယာတို့ ပျော်ပျော်ရွှင်ရွှင် ရေဆော့ကစား နေကြ၏။ ပွင့်ဦး၏အလှက နေ့တက်မှာပင် လင်းသောကြယ်လို တောက်ပ နေသည်။ အားလုံးက သူ့ကို ငေးငေးကြည့်မိကြ၏။ ပွင့်ဦးအတွက်က တော့ ထူးဆန်းလှသည် မဟုတ်သောကြောင့် ဘယ်လိုမှ မခံစားရ၊ ကိုယ့်တာသာ ရေကစားရင်း ကလေးငယ်တစ်ယောက်လို အပြစ်ကင်းနေ သည်။

ရန်ကုန်မြို့အနှံ့ လျှောက်ကစားရသည်မျိုးတော့ မဟုတ်။ သွား မည့်မဏ္ဍပ်များနှင့် ဦးတည်သည့် လမ်းကြောင်းများကို အိမ်မှာ အသိပေးခဲ့ရ သည်ဖြစ်၏။ မှန်တာပြောရလျှင် အလွန်အကျွံလည်း မသွားရဲ၊ ကိုယ် ရောက်ဖူးသည့် ရေပက်မဏ္ဍပ်များကိုပဲ လှည့်လှည့်ဝင်နေမိသည်။

''ဟေ့...ကလေးလေး''

အစကတော့ ပွင့်ဦးက သူ့ကို ခေါ်သည်ဟု မထင်။

''ကလေးလေး...။ ဟေ့...ကလေးလေး''

လှည့်ကြည့်တော့ သူမ မသိသော လူငယ်တစ်စု ... မျက်နှာထားများနှင့် သူမကို ခေါ်နေကြခြင်းဖြစ်သည်။ ပွင့်ဦးက ... တင်းပစ်လိုက်ပြီး...

''ရှင်တို့ကို ကျွန်မ မသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာကိုယ် ရေဆက်သောက်နေလိုက်သည်။ သို့သော် ဤမဏ္ဍပ်မှ ခွာရန် စိတ်ကူးလိုက်၏။ သို့သော် သူမတို့ သွားရာနောက်သို့ ဤလူရမ်းကားတွေက လျှောက်လိုက်ပြီး ဒုက္ခပေးနေလျှင် ခက်ဦးမည်။ အရက်မူးနေကြပုံလည်း ရသည်။

"ကလေးလေးကလည်းကွာ..."

တစ်ယောက်က ပွင့်ဦးကို နောက်မှ ပခုံးလာတို့၏။

"ဖျန်း"

ပွင့်ဦး ဒေါသတကြီးဖြင့် ထိုလက်ကို လှည့်ပုတ်ထုတ်လိုက်သည်။

"ကလေးလေးကလည်း ဒေါသတကြီးပဲ။ ကိုယ်တို့က ကလေးလေးနဲ့ အတူ တွဲကချင်လို့ပါ"

သူတို့ ဖြစ်နေကြသည်ကို ချက်ချင်းမှာ ဘယ်သူကမှ သတိမထားမိကြ။ အသိအကျွမ်းတွေ စနောက်နေကြသည်ဟု ထင်နေသည်။ မဏ္ဍပ်မှ ဖွင့်ထားသည့် မြူးကြွသော အနောက်တိုင်းတီးလုံးတစ်ခုတွင် အားလုံး အော်ဟစ်ခုန်ပေါက်နေကြသည်။ ဖြူပြာ၊ မူယာတို့ကလည်း ထိုအထဲမှာ အပါအဝင်ဖြစ်၏။

ပခုံးတို့သူက လက်ကိုပါ ဖမ်းဆွဲလာသည်။

"ပျော်ကြမယ်...ကကြမယ်လေကွာ"

ပွင့်ဦးက လက်ကို ဆောင့်ရုန်းပြီး...

"ရှင် ပါးကွဲသွားမယ်နော်"

ဖြူပြာ၊ မူယာက ထိုအခါကျမှ သိသွားသည်။

"ဘာဖြစ်တာလဲ"

ထိုလူရမ်းကားက...

"ကိုယ်က မင်းတို့သူငယ်ချင်းနဲ့ တွဲကချင်လို့ပါ"

"အိုး...ဘယ်ဖြစ်မလဲရှင့်"

"ဖြစ်ပါတယ်။ မင်းတို့ နှစ်ယောက်ကလည်း ကိုယ့်သူငယ်ချင်းတွေနဲ့ တွဲကပေါ့"

"ထွီ...ရွံဖို့ကောင်းလိုက်တဲ့ လူတွေ"

"ကဲ...လာပါကွာ"



ထိုလူက ပြောပြောဆိုဆို ပွင့်ဦးကို လှမ်းဆွဲပြန်သည်။

သို့သော် သူ့လက်က ပွင့်ဦးဆီသို့ မရောက်နိုင်ပါ။ အခြားလက်တစ်ဖက်က သူ့လက်ကို လာဖမ်းဆုပ်လိုက်သောကြောင့် ဖြစ်သည်။ လှည့်ကြည့်တော့ ယုန်မျက်နှာဖုံးစွပ်ထားသည့် လူငယ်တစ်ယောက်။

"မင်းက ဘာဝင်ရှုပ်တာလဲ"

"ခွပ်"

ယုန်မျက်နှာဖုံးနှင့် လူငယ်က ထွေထွေထူးထူး ဘာမှ မပြောမနေဘဲ ထိုလူ့မျက်နှာကို ထိုးထည့်လိုက်၏။ လက်သီးက အတော်ပြင်းသဖြင့် ထိုလူ ယိုင်ထွက်သွားပြီး ချက်ချင်းပင် နှာခေါင်းမှ သွေးများ ယိုကျလာသည်။

"ဟောကောင်၊ မင်း အတော်လူပါးဝပါလား"

ထိုသို့ပြောပြီး နောက်မှ လူရမ်းကားအုပ်စုက ယုန်မျက်နှာဖုံးနှင့် လူငယ်ကို ခုန်ဝင် ထိုးသတ်ကြ၏။ သို့သော် မလွယ်ကူချေ။ ယုန်မျက်နှာဖုံးနှင့် လူငယ်က လက်နက်မဲ့ တိုက်ခိုက်ရေး ပညာတစ်ရပ်ရပ်ကို နှစ်တကျ တတ်ကျွမ်းထားပုံ ရသည်။ လေးယောက်နှင့်တစ်ယောက် ဖြစ်သော်လည်း မနိုင်လှ။

လူငယ့်ခမျာလည်း မသက်သာ။ တစ်ယောက်တည်း ဝုန်းဒိုင်းကြဲ ပြန်တိုက်နေရသည်။ ပတ်ဝန်းကျင်မှာတော့ ရုတ်ရုတ်သဲသဲဖြစ်သွားပြီ။ အားလုံး ရေကစားတာကို ရပ်ပြီး ရန်ပွဲကို ငေးကြည့်နေကြသည်။ ဝင်ဖူခြင်း၊ ဖျန်ဖြေခြင်းတော့ ဘာမှမရှိ။

ပွင့်ဦးက ယုန်မျက်နှာဖုံးနှင့် လူငယ်အတွက် စိတ်ပူသွားသည်။

"နောက်မှာ နောက်မှာ"

ပွင့်ဦး ကြိုးအော်သတိပေးလိုက်သော်လည်း မမီ။ လူငယ်က ရှေ့မှာ ထိုးကြိတ်နေစဉ် နောက်မှတစ်ယောက်က အုတ်ခဲနှင့် လှမ်းပေါက်ခြင်းဖြစ်သည်။ လူငယ် ရှောင်ချိန်မရလိုက်။ သို့သော်လည်း အုတ်ခဲက လူငယ့်နောက်စေ့သို့ အရှိန်အဟုန်ဖြင့် ထိလုထိခင်မှာ ရပ်သွားသည်။

လက်တစ်ဖက်က ဆီးဖမ်းထားလိုက်ခြင်းဖြစ်သည်။

ဖမ်းထားသူက ကျားမျက်နှာဖုံးစွပ်ထားသောလူငယ်

www.burmeseclassic.com

www.burmeseclassic.com



ရန်ပွဲအတွင်းသို့ သူကပါ ဝင်ရောက်လာသည်။ သူကလည်း အသတ်အပုတ်တွင် ထူးချွန်ကျွမ်းကျင်သူတစ်ဦး ဖြစ်နေပြန်၏။ အရှုံးအနိုင် မသဲမကွဲဖြစ်နေသော ရန်ပွဲက အပြေပြတ်သားသွားသည်။ အမူးသမား လေးယောက် နာလံကို မထူတော့။

နောက်တော့လည်း တစ်ယောက်ကို တစ်ယောက် အချက်ပြပြီး လစ်ပြေးသွားကြသည်။ ထိုစဉ်မှာပဲ တာဝန်ရှိလူကြီးများကလည်း အပြေးအလွှား ရောက်ရှိလာသည်။ ရွှေယုန်နှင့် ရွှေကျားကပါ လစ်ပြေးသွားသည်။ ပွင့်ဦးနှင့် ဖြူဖြူ၊ မူယာတို့လည်း မသိမသာနှင့် လူကြားထဲဝင်ရောက်ကာ ထိုင်နေရာမှ ခွာလာခဲ့ကြသည်။

"တော်ပြီဟာ...။ ဘယ်မှ ဆက်မသွားချင်တော့ဘူး"

"အေးဟယ်...။ စိတ်ညစ်သွားပြီ၊ အိမ်ကိုပဲ ပြန်ရအောင်"

"နင်တို့ ရန်ကုန်သင်္ကြန်က ကြမ်းတယ်နော်"

"အေး...။ နင်တို့ အိမ်မှာ ပြန်မပြောနဲ့နော်၊ ဖေကြီး မေကြီး သိလို့ မဖြစ်ဘူး"

"အေးပါဟဲ့"

အိမ်ပြန်အလာ လမ်းတစ်လျှောက်မှာ ရန်ပွဲအကြောင်း စားမြုံ့ပြန်ဖြစ်ကြ၏။ မူယာက...

"ပွင့်ဦးရဲ့၊ နင့်လူက မခေဘူး"

"ငါ့လူတဲ့...။ လာပြန်ပြီလား နောက်တစ်ယောက်"

"မဟုတ်ဘူး၊ ဟိုတစ်ယောက်ပဲလေ"

"ဘယ်တစ်ယောက်လဲ"

"ဟိုတစ်နေ့ကပဲ ရည်းစားစာပေးလို့ နင် ရပ်ကွက်ရုံးပို့လိုက်တဲ့ လူလေ"

"သူက ဘယ်လို မခေတာလဲ"

"ဟဲ့...။ ဒီယုန်နဲ့ ကျား နှစ်ယောက်တည်းမှာ တစ်ယောက်က နင့် အဲဒီလူလေ"

"ဟုတ်လို့လား..."

"ဟုတ်ပါတယ်ဟဲ့"





ဖြူဖြူကလည်း ဝင်ပြောသည်။

"ဟုတ်တယ်ဟဲ့။ နင်ကသာ ရင်တုန်ပန်းတုန်ဖြစ်ပြီး ပြာနေလို့ မရိပ်မိတာ"

ပွင့်ဦး၏ မျက်နှာက တဖြည်းဖြည်း ပြုံးလာသည်။ တီဗွီထဲက ထက်ထက်မိုးဦးလို အော်လိုက်သည်။

"ဒါမှ ကျုပ်မောင်ကြီးတော့..."

ရယ်ဖြစ်ကြသည်။ အခုမှ ရင်ထဲမှာ ပေါ့သွားကြသည်။

"ရွှေယုန်နဲ့ ရွှေကျား ဘယ်ထွက်သွားကြပြီလဲ မသိဘူး"

"သက်ကယ်ရိတ် သွားကြတာ နေမှာပေါ့ဟာ"

◆

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

သကြံန်ရက်များ ကုန်ဆုံးသွားလေပြီ။ ဦးလင်းခေါင်လည်း ကမ္ဘာထိသွားဖို့ ပြင်ပြီ။ တိုက်ပုံအင်္ကျီကို တင်းတင်းရင်းရင်းဖြစ်အောင် ဆွဲစေ့ရင်းက...

''အင်း...သကြံန်ပြီးသွားမှပဲ နားအေးပါးအေး ရှိတော့တယ်''

''ဒါက ဖေဖေ့အမြင်ကိုး''

ဦးလင်းခေါင်က ရဲရင့်ကို မျက်လုံးပြူးနှင့် ပြန်ကြည့်၏။

''အောင်မာ...။ မင်းအမြင်က ဘယ်လိုရှိလို့တုန်း''

''သကြံန်ဆိုတာ နှစ်သစ်ကူးတာ မဟုတ်လား ဖေဖေရဲ့''

''အဲဒါ ဘာဖြစ်လဲ''

''ဩော်...အဲဒီတော့ နှစ်ဦးမှာ အချစ်ဖူးလေးတွေဝေပြီး နှစ်သစ်မှာ အချစ်စစ်ကလေးနဲ့ ပျော်ရမှာပေါ့ ဖေဖေရဲ့''

''လာ...လာချည်သေး။ မင်းလိုကောင်ကို ဘယ်သူက ကြိုက်မှာတုန်း''

သတ္တိကလည်း ဘေးမှဝင်၍ ဘုတောတ်။

''အေးလေ...။ ငါ့ကိုဆိုရင် တော်သေး''

ဦးလင်းခေါင်က...

''တော်ကြစမ်းပါကွာ...။ မင်းတို့နဲ့ အရေမရ အဖတ်မရတွေ



ပြောဖို့ ငါ့မှာ အချိန်မရှိဘူး။ ငါ့မှာ အလုပ်သွားစရာ ရှိသေးတယ်''

ဦးလင်းခေါင် ထွက်သွား၏။ ရဲရင့်က အလကားနေရင်း အူမြူးနေသဖြင့်...

''အစ်ကိုကြီး၊ ဗျို့...စာထိုင်ဖတ်နေတဲ့ အစ်ကိုကြီး''

အေးငြိမ်းကို လှမ်းခေါ်နေခြင်းဖြစ်သည်။ အေးငြိမ်းက စိတ်မဝင်စားဟန်ဖြင့်...

''ပြော...''

''ဟိုလေ...လူတစ်ယောက်ကတဲ့၊ သူ့အလုပ်ရှင်ကို ပြောတယ်တဲ့။ သူဟာ ညက အင်မတန်အဓိပ္ပာယ်ရှိတဲ့ အိပ်မက်တစ်ခုကို မက်ခဲ့တယ်တဲ့''

အေးငြိမ်းက စာအုပ်ကို ဘေးဖယ်လိုက်ပြီး ရဲရင့်ကို ခပ်စူးစူး ကြည့်လျက်...

''ဆက်ပြော''

''အိပ်မက်ထဲမှာ သူက ကောင်းကင်ဘုံကို ရောက်နေတယ်တဲ့။ ကောင်းကင်ဘုံမှာ သူ့အလုပ်ရှင် ဇနီးမောင်နှံရယ်၊ ရုံးဝန်ထမ်းတွေကိုရယ် တွေ့ရသတဲ့''

''အဲဒါ ဘာဖြစ်လဲ''

''အဲဒီမှာ အလုပ်ရှင်က ပြန်မေးတယ်လေ။ မိလ္လာကြီးတဲ့ သတ္တိကိုကော မင်း တွေ့ခဲ့သလားတဲ့''

''ဘာ...ကွ''

သတ္တိ ဝင်အော်သည်ကို ရဲရင့်က ဂရုမစိုက်ဟန်ဖြင့် ဆက်ပြောသည်။

''အဲဒီမှာ အဲဒီလူက သူ့နဖူး သူရိုက်တော့တာပဲ။ ချက်ချင်း ပြန်ဖြေရှင်းတယ်။ ဆရာရယ်...ကောင်းကင်ဘုံမှာ ကျွန်တော် အိမ်သာ ဘက်ဖို့ မေ့သွားတယ်။ သတ္တိ ရှိ မရှိ မသိလိုက်ဘူးတဲ့''

သတ္တိက ရဲရင့်ကို ခုန်အုပ်သည်။ နားပန်းလုံးနေကြ၏ [illegible] ပညာတတ်ကျွမ်းကြသော်လည်း နှစ်ယောက်လုံး သိုင်းကွက်နည်း[illegible] မအော်။ သိုင်းကွက်တွေလည်း မသုံးပါ။ အတွင်းအားလည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



…ပဲ ခက်လိုးနေကြသည်။ အေးငြိမ်းက သူတို့အနားသို့ လျှောက်သွားပြီး…

''အဟမ်း…အဟမ်း''

ညီအစ်ကိုနှစ်ယောက် နားပန်းသတ်တာ ရပ်သွား၏။

''ရဲရင့်က သတ္တိကို ဘာလို့ သွားစရတာတုန်း''

''ဒီကောင်ကချည်း အိပ်မက်တွေမက်ပြီး ကျွန်တော်က မမက်လို့ပေါ့''

''အဓိပ္ပာယ်မရှိတာတွေ''

''ကျွန်တော် ခံစားရတယ် အစ်ကိုကြီးရဲ့။ ကျွန်တော်လည်း သူ အိပ်သလို အိပ်တာပဲ''

''အိပ်မက်နိမိတ်ဆိုတာ ထူးခြားတယ်။ အိပ်မက်ကို အဓိပ္ပာယ်ဖတ်တဲ့ ပညာရပ်ကလည်း အရမ်းကျယ်ပြန့်တယ်။ မင်းရဲ့ အစာအိမ်က သတ္တိလောက် မကောင်းဘူး၊ အစာမကြေဘူး။ မင်း အိပ်မက် မက်ခဲ့ရင်လည်း မင်းဘာသာတောင် မှတ်မိမှာ မဟုတ်ဘူး။ အနာဂတ်ကို ကြိုပြောနိုင်တဲ့ အိပ်မက်မျိုးလည်း ဖြစ်မှာမဟုတ်ဘူး''

''ဟင်…ဟုတ်လား''

''မင်းအခန်းရဲ့ အပူချိန်၊ မင်းရဲ့ အိပ်ပုံ အနေအထားတွေပေါ်လည်း တည်သေးတယ်''

''ဒါဖြင့်… ကျွန်တော် ဘယ်လိုလုပ်ရမလဲ အစ်ကိုကြီး''

''အိပ်ကို မအိပ်ဘဲ မတ်တပ်ရပ်နေတာ အကောင်းဆုံးပေါ့ကွာ''

ရဲရင့်၏မျက်နှာ ရှုံ့မဲ့သွားသဖြင့် သတ္တိက ဝမ်းသာအားရ လက်မောင်းဆန့်တန်းသည်။ အေးငြိမ်းက ဆက်ပြောသည်။

''နိမိတ်ဖတ်နိုင်တဲ့ အိပ်မက်တွေဟာ မနက်သုံးနာရီနောက်ပိုင်းမှာ မက်တတ်တယ်။ မင်းအခန်းက မီးဖိုချောင်နဲ့ နီးတယ်။ ကြောင်တွေက အိုးလှန် ခွက်လှန်နဲ့။ အိပ်မက်က တည်လို့ ဘယ်ရမလဲ''

ရဲရင့်က အားမလို အားမရ ဖြစ်သွားသည်။

''အိပ်မက်တွေအကြောင်း ပြောပြမယ်ဆိုရင် ကုန်စရာအကြောင်းမရှိဘူး။ ငါလည်း လက်ကုန်နိုက်လို့ ရသေးတဲ့ ပညာရပ်မျိုး မဟုတ်ဘူး''



''အဲဒါဆိုရင် ဒီကောင့်အိပ်မက်တွေကို အစ်ကိုကြီး နိမိတ်ဖတ်တာက ဘာလို့ မှန်မှန်နေတာလဲ''

ထိုအမေးစကားကိုတော့ သတ္တိလည်း စိတ်ဝင်စားသွားသည်။ အေးငြိမ်းက ချက်ချင်းပြန်မဖြေ။ အမြွှာနှစ်ကောင်က အေးငြိမ်း၏ မျက်နှာကို ငေးကြည့်နေမိကြ၏။ အတန်ကြာမှ အေးငြိမ်းက…

''ပြောရမယ်ဆိုရင် ဖြစ်နိုင်ချေ နှစ်ချက်ရှိတယ်။ တစ်ချက်ကတော့ ခုအချိန်အထိ တိုက်ဆိုင်နေလို့ပဲ''

သတ္တိက ကပျာကယာ ဝင်မေးသည်။

''အဲဒါဆိုရင် နောက်တစ်ချက်ကရော အစ်ကိုကြီး''

''ငါက ညာပြောလေ့မရှိဘူး။ ရှုန်းရင်းကြမ်းတမ်းစကားကိုလည်း ပြောဘူး။ ကတိပေးပြီးရင်လည်း တည်တယ်။ အဲဒါကြောင့် အာစက်သွာစက်ရှိပြီး ပြောတာလေးတွေ မှန်နေတာလည်း ဖြစ်နိုင်တယ်''

သတ္တိနှင့် ရဲရင့်တို့ ခေါင်းတဆတ်ဆတ်ညိတ်နေမိကြသည်။ ''သြော်…သြော်'' ဆိုပြီး သတ္တိက…

''အစ်ကိုကြီးကော အိပ်မက်တွေ မက်သလား''

''အိပ်မက်မမက်တဲ့ လူရယ်လို့ ရှိမလား''

''ကိုယ့်အိပ်မက်ကို ကိုယ် အဓိပ္ပာယ်ပြန်ဖတ်တတ်တော့ ကောင်းတာပေါ့''

အေးငြိမ်းက ဘာမှ ပြန်မပြော။ သတ္တိကပဲ…

''ညကရော အစ်ကိုကြီး အိပ်မက် မက်သေးလား''

''အင်း…''

''ဘာအဓိပ္ပာယ်လဲ အစ်ကိုကြီး''

''မင်းတို့နှစ်ယောက် သိပ်စကားများတာပဲတဲ့''

အေးငြိမ်း သူ့အခန်းထဲသို့ လှည့်ဝင်သွားသည်။ အမြွှာနှစ်ကောင်မှာ ကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့ကြ၏။

ရဲရင့် မနာလိုဖြစ်မည်ဆိုလျှင်လည်း ဖြစ်စရာပင်။ ထိုညကလည်း သတ္တိက အိပ်မက်တစ်ခု ထပ်မက်သေးလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၅]

သကြန်ပြီးသွားတော့ ပျင်းကျန်ရစ်သည်။ ဘာအလုပ်မှလည်း မရှိဘဲ အားလပ်နေသဖြင့် ပွင့်ဦး ညည်ခန်းထဲမှာ ထိုင်ပြီး ကက်ဆက်မှ လာသော သီချင်းကို လိုက်ညည်းနေမိသည်။

ထုံးစံအတိုင်း ဦးမောင်မောင်တင် ရောက်လာလေသည်။

''အဟမ်း…အဟမ်း''

''အဟွတ်…အဟွတ်''ဟု ပြန်လုပ်လိုက်လျှင် မကောင်းရှေမည် သို့သော် လူမှုရေးအရ…

''သြော်…ဦးမောင်မောင်တင်ပါလား''

''ဟုတ်တယ်''

''လမ်းကြုံလို့ လှည့်ဝင်တာလား။ ထိုင်လေ…။ အေးရီ ရှိတယ်''

''ဗျာ…''

ပွင့်ဦးက အိမ်ခန်းထဲဆီလှည့်၍…

''အေးရီ…ရေ''

''ရှင်…''

''ဒီမှာ နင့်လူကြီး လာတယ်ဟေ့''

''ဘယ်သူလဲ မမလေး။ ကိုတင်လား…''

''အေးပေါ့…။ ဦးမောင်မောင်တင်''





''လာမယ် လာမယ် မမလေး။ ကိုတင်ကို ပြောပြပေးပါ။ ခဏလေး ထိုင်စောင့်ပါလို့''

''အေးပါ…။ ဒီမှာ ထိုင်စောင့်နေပါတယ်''

ဦးမောင်မောင်တင် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

''ကျွန်…ကျွန်တော် ပွင့်ဦးဆီ လာတာပါ''

''ကျွန်မကို အကြောင်းပြမနေပါနဲ့တော့ ဦးမောင်မောင်တင်ရယ်။ ဒီလောက်ဆိုရင် ကျွန်မ သဘောပေါက်ပါတယ်။ အေးရီရဲ့ သဘောထားကို တီးခေါက်ကြည့်ပြီးပါပြီ။ ဦးမောင်မောင်တင်အတွက် အလားအလာ ကောင်းပါတယ်''

ဦးမောင်မောင်တင် ဘာပြောရမည်မှန်းမသိ ဖြစ်နေ၏။ အေးရီ ထွက်လာသည်။ ဦးမောင်မောင်တင် မျက်လုံးပြူးရုပြန်၏။ အေးရီက အလွန်အကျွံ ခြယ်သပြင်ဆင်ထားသည်။ အရှုမကြီး မစာညနှင့်ပင် တူနေသေးတော့၏။

အေးရီက ဦးမောင်မောင်တင်၏ ရှေ့နံ့မှာ ဝင်ထိုင်ပြီး ဦးမောင်မောင်တင်ကို ရွှန်းရွှန်းစားစား ကြည့်သည်။ ဦးမောင်မောင်တင် မနေတတ် မထိုင်တတ် ဖြစ်နေရတော့၏။ အေးရီက…

''မနက်ကတောင် တွေးနေမိသေးတယ်။ ဒီနေ့များ ကိုတင် လာမလား မသိဘူးလို့''

ဦးမောင်မောင်တင်က အံ့သြခြင်းကြီးစွာနှင့် အေးရီကို ငေးကြည့်နေမိ၏။ ပွင့်ဦးက…

''ကဲ..အေးရီရေ။ နင်တို့ချင်း စကားပြောကြဦး…။ ငါ အလိုက်တသိ ရှောင်ပေးပါ့မယ်''

ပြောပြောဆိုဆို ပွင့်ဦးက အိမ်ခန်းထဲ ဝင်သွားသည်။ အေးရီက ဦးမောင်မောင်တင်ကို မြိန်ရေယှက်ရေ ပြုံးပြလိုက်၏။ ဦးမောင်မောင်တင် ကြွန့်သွားသည်။

''ကိုတင်ရယ်…အေးရီဆီ လာချင်လည်း ပွင့်ဦးကို အကြောင်းပြ မနေပါနဲ့။ ဒီယုန်မြင်လို့ ဒီချုံထွင်တာကို အားလုံးကလည်း ရိပ်မိနေကြ ပါပြီ။ အဟီး…ဟီး''



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ...''

''ကိုတင်က အချစ်ကို ဘယ်လိုမြင်လို့လဲဟင်''

''ဘယ်...ဘယ်လိုမှ မမြင်ပါဘူး''

အေးရီက မိန်းကလေးတစ်ယောက်၏ ရင်ခုန်စိတ်လှုပ်ရှားဟန် အပြည့်အဝဖြင့်...

''အချစ်ကိုလေ... ကမ္ဘာဦးမှာကတည်းက အာဒံနဲ့ ဧဝ စခဲ့ကြတာတဲ့။ သူတို့ စခဲ့တဲ့ အချစ်ဟာ ကိုတင်နဲ့ အေးရီဆီမှာလည်း ဆုံးမှာ မဟုတ်ဘူးနော်''

''ဗုဒ္ဓေါ...''

အမှန်တော့ ထိုစကားများ အေးရီက ပြောတတ်ခြင်းမဟုတ်ချေ။ ပွင့်ဦးက သင်ပေးထားခြင်းဖြစ်၏။

''အေးရီ မေးပါဦးမယ်။ ကိုတင်က အေးရီကို ဘယ်လောက် အထိများ မျှော်လင့်ထားချင်လဲဟင်''

''ဟာ...ဒုက္ခပါပဲ''

ထိုအချိန်မှာပဲ ပွင့်ဦးက ဧည့်ခန်းထဲ ပြန်ဝင်လာသည်။

''နှစ်ယောက်သား အေးအေးဆေးဆေး စကားပြောကြနော်။ ကက်ဆက်မှာ သီချင်းခွေတစ်ခွေ ဖွင့်ပေးခဲ့မယ်''

ပြီး... ပွင့်ဦး လှစ်ခနဲ ပြန်ထွက်လာခဲ့သည်။ ကက်ဆက်သီချင်းသံ ထွက်လာ၏။

''ပြန်ပေတော့ မစဉ်းစားနဲ့ ××× ပြန်ပေတော့ မစဉ်းစားနဲ့ ×××''

တစ်ခွေလုံး ထိုသီချင်းတစ်ပုဒ်တည်းဖြစ်သည်။ ဦးမောင်မောင်တင် အတွက် တမင်စီစဉ်ထားခြင်းဖြစ်၏။ ဦးမောင်မောင်တင်ကလည်း ပြန်ချင် နေတာ ကြာသောဟန်ဖြင့် သုတ်ခနဲ ထိုင်ရာမှ ထ၏။

''ပွင့်ဦးရေ...။ ပွင့်ကလေး...။ ကိုယ် ပြန်လိုက်ဦးမယ်''

''ဩော်...ဟုတ်ကဲ့...ဟုတ်ကဲ့''

အတွင်းခန်းထဲမှပဲ ပွင့်ဦး အော်ပြောလိုက်သည်။ ဦးမောင်မောင် တင် ပြန်သွားပြီးမှ ပွင့်ဦးနှင့် အေးရီတို့ အူနှိပ်ရယ်ကြရလေသည်။



အေးရီက...

''မမလေး ဦးမောင်မောင်တင်ကို ဘယ်လိုမှ မေတ္တာထားလို့ မရတာ ချစ်ရမယ့် လူတစ်ယောက်ယောက်များ ရှိနေလို့လားဟင်''

ပွင့်ဦး၏ အာရုံထဲမှာ မျက်နှာတစ်ခုကို ပြေးမြင်မိ၏။

''ဟုတ်ချင်လည်း ဟုတ်မှာပေါ့ဟာ''

''မမလေးရဲ့ စကားကို ကျွန်မ နားမလည်ဘူး''

''အေး...ငါကိုယ်ငါလည်း နားမလည်ပါဘူးဟာ''

စကားအဆုံးမှာ ပွင့်ဦးက ကက်ဆက်ကိုယူပြီး သူ့အခန်းထဲ ဝင်သွား၏။ အရှုံးမ မစာဥပုံစံ ပြင်ထားသော အေးရီမှာသာ အရှုံးမ မအေးရီပုံစံဖြင့် ကျန်ရစ်ခဲ့လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

''အဲဒါပါပဲ အစ်ကိုကြီးရယ်''ဟု သတ္တိက သူ့အိပ်မက်အကြောင်းကို အဆုံးသတ်၏။

''မိုးလင်းတော့ အစ်ကိုကြီးကို မေးမလို့။ အစ်ကိုကြီးက အရေးကြီးတဲ့ကိစ္စနဲ့ ပုပ္ပါးကို ထွက်သွားတယ်ဆိုလို့ ကျွန်တော့်မှာ စောင့်နေလိုက်ရတာ လေးငါးရက်''

''မင်း ပြောပုံအရဆို အိပ်မက်ထဲမှာ မင်းက သတို့သား ဖြစ်နေတယ်''

''ဟုတ်ကဲ့''

''ညှိသည်တွေလည်း စုံပြီ။ ဩဘာစာလည်း ဖတ်နေပြီ ဟုတ်လား''

''ဟုတ်ကဲ့''

''သတို့သမီး နာမည်က ဘယ်သူ…''

''ခါခါ''

ရဲရင့်က ဝင်ဟား၏။

''မင်းရဲ့ သတို့သမီးကလည်း ဣန္ဒြေမရှိလိုက်တာ။ နာမည်ကို ခါခါတဲ့''

''ချစ်စနိုးခေါ်တာကွ။ နာမည်အပြည့်အစုံက မပြောင်သလင်းခါ''





''မပြောင်သလင်းခါတဲ့…။ ဟား…ဟား…ဟား''

အေးငြိမ်းက ရဲရင့်ကို ဂရုမထားဘဲ ဆက်မေးသည်။

''ပြီးတော့ မင်္ဂလာသာဆောင်တယ်၊ မင်းတစ်ယောက်တည်း။ ဘေးကို လှည့်ကြည့်တော့ သတို့သမီးက မရှိဘူး။ ဟုတ်လား''

''ဟုတ်ကဲ့''

ရဲရင့်က ဝင်ဟားပြန်သည်။

''ဒါဆို မင်းနဲ့ မင်း ပြန်မင်္ဂလာဆောင်တာပေါ့။ ဟုတ်လား။ သတို့သမီးလည်း မရှိဘူး။ ဟား…ဟား''

''ဘယ်လိုလုပ် ရှိမလဲကွ ငပေါရဲ့။ နာမည်ကကို မပြောင်သလင်းခါပါဆို''

တည်တည်နေတတ်သော အေးငြိမ်းပင်လျှင် ပြုံးမိ၏။

''အဲဒီအိပ်မက်ရဲ့ အဓိပ္ပာယ်ကတော့ မင်း ပင်ပန်းမယ့် သဘောပဲ''

''ဘာတဲ့လဲ အစ်ကိုကြီး''

''လက်ရှိ မင်းကြိုးစားနေတဲ့ ကောင်မလေးနဲ့ပတ်သက်ပြီး မင်း စိမ်ကိန်းပြောင်းရမယ်…တဲ့''

''ဟင်…ဟုတ်လား''

''အေး ဒါပဲ…ဒါပဲ။ ငါ ရေသွားချိုးဦးမယ်''

သတ္တိနှင့် ရဲရင့်တို့ တွေဝေစဉ်းစားပြီး ကျန်ရစ်ခဲ့ကြ၏။ နောက်မှ တစ်ပြိုင်တည်း ထိုင်ရာမှ ရုတ်ချည်းထပြီး တစ်ယောက်ကိုတစ်ယောက် ငဲ့စောင်းကြည့်မိကြ၏။ ပြီး…ဦးလင်းခေါင်၏ စာဖတ်ခန်းထဲသို့ အလုအယက် ပြေးဝင်မိကြ၏။ ဘုရားခန်းထဲမှ ထွက်လာသော ဒေါ်ဝါဝါဦးက…

''ဟဲ့…ဟဲ့…။ အဲဒါ ဘာလုပ်နေကြတာလဲ''

''စာအုပ်ရှာတာ မေမေ''

''မင်းတို့အဖေ သိရင် ဆူဦးမယ်နော်။ သူ့စာအုပ်စင်ကို ယူ… ထားလို့''

''ဖေဖေက စာဖတ်တာကို မဆူပါဘူး မေမေရဲ့ …

ပေးသေးတယ်''

www.burmeseclassic.com

www.burmeseclassic.com



''နေပါဦး၊ မင်းတို့က ဘယ်လိုစိတ်ကူးပေါက်ကြတာတုန်း''

''အစ်ကိုကြီးကြောင့်ပေါ့''

''အေး...အေး...ပြီးတာပဲ''

ထိုညနေ ဦးလင်းခေါင် ကုမ္ပဏီမှ ပြန်လာသောအခါ ထူးဆန်းသော မြင်ကွင်းကို ကြုံတွေ့ရလေသည်။ ဧည့်ခန်းထဲမှာ အမြွှာနှစ်ကောင်က သဲကြီးမဲကြီး စာထိုင်ဖတ်နေကြခြင်းဖြစ်သည်။ လက်ထဲမှာ ဖိုင်တွဲများ၊ စာရွက်စာတမ်းများကို ဒေါ်ဖူးအား ကမ်းပေးလိုက်ပြီး သူတို့ဖတ်နေသော စာအုပ်များကို ငုံ့ကြည့်လိုက်၏။

တစ်ယောက်ဖတ်နေသော စာအုပ်က 'စီးပွားရေးနှင့် စစ်ရေးဗျူဟာ'၊ နောက်တစ်ယောက်ဖတ်နေသည်က 'လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ'။ နှစ်ယောက်လုံးက ဦးလင်းခေါင်ကို မော့၍ပင် မကြည့်၊ ဦးလင်းခေါင်ကပဲ ခြေဖျားထောက်ပြီး ပြန်ထွက်ရမည့် အနေအထား ဖြစ်နေသည်။

အိမ်ခန်းထဲရောက်မှ ဒေါ်ဝါဝါဦးကို မေးကြည့်သည်။

စာဖတ်နေသော လူကြီးမင်းများမှာ အနှောင့်အယှက်ဖြစ်မည်စိုး၍ တီးတိုးမေးရသည်။

''ဟိုကောင်တွေ ဘာဖြစ်နေတာလဲ''

''စာဖတ်နေတာလေ''

''အေးလေ...။ ဘာစိတ်ကူးပေါက်ကြတာလဲလို့''

''သားကြီးပြောလို့ ဆိုပဲ။ စာအုပ်တွေ အလုအယက် ဖတ်နေတယ်''

''ဒီကောင်တွေ စီးပွားရေးဘက်ကိုများ စိတ်ဝင်စားပြီးလား မသိဘူး''

''ထင်ရတာပဲ''

ဦးလင်းခေါင်က ထိုညနေကို အပြုံးကြီးဖြင့် အပြီးကြူးသွားတော့၏။

ဒေါ်ဝါဝါဦးက ဦးလင်းခေါင်ကို လုပ်ကိုင်ပေးစရာရှိသည်များကို လုပ်ကိုင်ပေးပြီး အခန်းပြင်သို့ ပြန်ထွက်လာရာ အေးငြိမ်းနှင့် တိုး၏။



''သားကြီး ဘာပြောလိုက်လို့တုန်း၊ ဟိုအမြွှာနှစ်ကောင် စာအုပ်တွေကို နင်းကန်ဖတ်နေတယ်''

''မင်းတို့ စီမံကိန်းပြောင်းရမယ်လို့ ပြောလိုက်တာ''

''စီမံကိန်းပြောင်းရမယ်...။ ဟုတ်လား''

''ဟုတ်ကဲ့''

ဒေါ်ဝါဝါဦးက အနည်းငယ် တွေဝေသွားပြီး...

''ဟုတ်တော့ ဟုတ်တယ် သားကြီးရဲ့''

''ဘာဟုတ်တာလဲ''

''မေမေလည်း စဥ်ဇဉ် ပုတီးစိပ်နေတာကနေ ဂုဏ်တော်ကွန်ချာကို ပြောင်းစိပ်ရင် ကောင်းမလားလို့ စဉ်းစားနေတာ''

အေးငြိမ်း ရယ်ချင်သွားလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



အခန်း [၂၇]

နေ့မှသည်ရက်၊ ရက်မှသည်လ၊ အချိန်ကာလတို့က တဖြည်းဖြည်း ကုန်လွန်သွားသည်။ သတ္တိနှင့် ရဲရင့်တို့ ပွင့်ဦးကို မည်သို့မှ ရှာမတွေ့နိုင်ခဲ့ကြချေ။ ရဲရင့်က စတုဒိသာမဏ္ဍပ်လုပ်သော အိမ်သို့ စောင်းပါးရိပ်ခြေ သွားမေးသေးသည်။ ရိုက်မလွှတ်တာကို ကံကောင်းသည်ဟု ဆိုရမည်။ အဆင်မချောခဲ့။ ဘာသဲလွန်စကိုမှလည်း မရခဲ့။

ကာလတို့ မည်သို့ပင် ကုန်လွန်စေကာမူ ပွင့်ဦးအပေါ် တည်ရှိသည့် သူတို့၏ စွဲလမ်းစိတ်ကမူ မပြောင်း။

"ဒီကောင်မလေး ရန်ကုန်ကမှ ဟုတ်ရဲ့လား။ နယ်ကနေပြီး ရန်ကုန်မှာ သကြန်လာကျတာလား"ဟုပင် သူတို့တွေ အထင်ရောက်ကြရသည်အထိ ဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထိုင်တိုင်း အောင်မိုးနဲ့ ခင်ဇော်ကိုပဲ ဖိဆူနေမိ၏။

"ဟ…ငါတို့လည်း ရှာတာပဲဟ။ ကောက်ရိုးပုံထဲက အပ်မဟုတ်ဘူး။ မြက်တောကြီးထဲမှာ မင်းက ရွေးပြီး သွေးစုပ်ခံချင်ပါတယ်ဆိုတဲ့ ကျွတ်ကို ရှာရတာ။ ဘယ်လွယ်မလဲဟ။ နောက်ပြီး မိန်းကလေးဘစ်ယောက်ကို တို့အရွယ် ယောက်ျားလေးတစ်ယောက်က လိုက်စုံစမ်းတာက ဆင်ခြင်ရသေးတယ်ဟ"

"မလွယ်လို့ မင်းတို့အကူအညီ တောင်းနေရတာပေါ့ဟ"

"မင်းကလည်း ခက်နေတာကွ"

"ငါက ဘာခက်လို့လဲ"

"မင်း အိပ်မက် ထပ်မက်လိုက်ပေါ့။ အဲဒီကောင်မလေး ဘယ်မှာရှိတယ်ဆိုတာကို မင်း သိပြီပေါ့"

"ဟ…အိပ်မက်ဆိုတာ မက်ချင်တိုင်း မက်လို့မှ မရတာကွ"

"အေး…အဲဒါကတော့ ဟုတ်တယ်။ ဒါပေမဲ့ မင်းလက်စွဲတော်အစ်ကိုကြီး ရှိတာပဲ။ သူ့ဗေဒင်ဆရာတွေဆီ မေးကြည့်ပေါ့"

"မရပါဘူးကွာ…။ သူတို့ကလည်း စမ်းတဝါးဝါးတွေပါ။ ကိုယ့်ဘက်က အပြစ်လည်း ပါတာပေါ့။ ကောင်မလေးရဲ့ ဓာတ်ပုံတို့၊ အဝတ်အစားတို့ ဘာမှမရှိ။ ဘာနေ့သမီးမှန်း မသိ။ ပွင့်ဦးဆိုတာကတောင် နာမည်ရင်း ဟုတ်မဟုတ် မသိ။ သူတို့က ဘယ်လိုလုပ် ဟောမလဲ"

အောင်မိုးနှင့် ခင်ဇော်တို့ ငြိမ်သွားကြသည်။

ထိုအချိန်မှာပဲ သူတို့၏ စားပွဲအနီးသို့ ရှိုးအပြည့်ဖြင့် လူကြီးတစ်ယောက် ရောက်လာသည်။ ထိုလူကြီးက သတ္တိကို ဦးတည်လျက်

"ဒီက ညီလေးက ဆရာအေးငြိမ်းရဲ့ ညီဆို"

သတ္တိက ထိုလူကြီးကို အကဲခတ်သလို ပြန်ကြည့်ရင်း…

"ဟုတ်ပါတယ်"

"ကိုယ့်ကိုကိုယ် မိတ်ဆက်ပေးပါရစေ။ ကိုယ့်နာမည်က ဦးမောင်မောင်တင်ပါ။ မီဒီယာလုပ်ငန်းတွေ လုပ်ပါတယ်"

သတ္တိတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ အောင်မိုးက သတ္တိကို တီးတိုးသံဖြင့်…

"ဟေ့ကောင် မင်းကိစ္စကို မီဒီယာတွေတောင် သိကုန်ကြပါဘား။ ဂျာနယ်ထဲလည်း ပါတော့မယ် ထင်တယ်"

ခင်ဇော်ကလည်း…

"မဟုတ်ဘူးကွ၊ ဒီကောင်မလေးကို မီဒီယာကတစ်ဆင့် ရှာပေးတော့မယ် ထင်တယ်"

သတ္တိက စိတ်ရှုပ်ထွေးသွားဟန်ဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကိုကြီး။ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"ဒီလိုပါ...။ ညီလေးအစ်ကို ဆရာအေးငြိမ်းကို အကူအညီတစ်ခု တောင်းချင်လို့ပါ။ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုနဲ့ ပတ်သက်လို့ပါ"

"အစ်ကိုကြီးက အဲဒါမျိုးတွေ လုပ်ပေးလေ့မရှိဘူးဗျ။ သူက ဗေဒင်အစီအရင်ဆရာ မဟုတ်ဘူး"

ဦးမောင်မောင်တင်က အားကုန်အင်ကုန် မျက်နှာချိုသွေးသည်။

"အဲဒါကိုလည်း အစ်ကိုကြီး သိပါတယ်။ အဲဒါကြောင့် ညီလေးဆီက တစ်ဆင့် အကူအညီတောင်းချင်တာပါ"

သတ္တိက သက်ပြင်းအူအူကြီးကို မှုတ်ထုတ်လိုက်မိ၏။

"ကဲလေ...အစ်ကိုကြီးရဲ့ကိစ္စကို ပြောကြည့်ပါဦး"

ဦးမောင်မောင်တင်က ဝမ်းသာအားရဖြင့် ခုံတစ်လုံးဆွဲယူပြီး ထိုင်သည်။

"ဒီလိုပါ ညီလေးရယ်"

ဦးမောင်မောင်တင်က သူနှင့် ပွင့်ဦးအကြောင်းကို အတိုချုံး ပြောပြ၏။ ချဉ်းကပ်၍ မရသော မိန်းကလေးတစ်ယောက်အကြောင်းသာဖြစ်ပြီး ပွင့်ဦးဟူသော အမည်ကိုမူ ထည့်မပြော။

သတ္တိက စိတ်မပါ လက်မပါနားထောင်နေပြီး...

"အဲဒီတော့ အဲဒီကောင်မလေးက လက်ခံတာကို အစ်ကိုကြီး မြင်ချင်တယ် ဆိုပါတော့"

"ဒါပေါ့...။ အစ်ကိုကြီး တကယ့်ကို အရူးအမူးဖြစ်နေလို့ပါ"

"ကျွန်တော် ကျွန်တော့်အစ်ကိုကို ပြောကြည့်ပေးမယ်လေ"

"အေး...အေး...လုပ်ပါဦး ညီလေးရယ်။ ကူညီပါ။ ကျေးဇူး မမေ့ပါဘူး"

"အစ်ကိုကြီးက လူပျိုကြီးပေါ့"

"ဟုတ်ပါတယ်ကွယ်"

"ဒီကောင်မလေးကိုလည်း တကယ် သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းမှာ သေချာလား"



"အိုး...လုံးဝ သေချာပါတယ်ကွယ်"

"ဒါဖြင့် အဲဒီကောင်မလေးအကြောင်းကို အစ်ကိုကြီး သိသလောက် စာရွက်တစ်ရွက်မှာ ရေးပေးသွား"

"ရေးပေးမယ်...ရေးပေးမယ်။ အစ်ကိုကြီးရဲ့ ကိုယ်ရေးအချက်အလက် တချို့ကိုပါ ရေးပေးခဲ့မယ်"

ဦးမောင်မောင်တင်က သူ့အိတ်ထဲမှာ ဆောင်ထားသော စာရွက်များကို ထုတ်ပြီး တချွတ်ချွတ် ရေးလေတော့၏။ သတ္တိတို့ [illegible] ယောက်က တွေရာ လေးပါး လျှောက်ပြောနေ၏။ ခဏကြာမှ...

"ညီလေး...ဒီမှာ"

"အင်း...အင်း...နောက်တစ်ပတ် ဒီဆိုင်မှာပဲ ထိုင်စောင့်နေပေါ့... အချိန်ပဲပေါ့"

"ကျေးဇူးပါပဲ ညီလေးရယ်။ ဒီဝိုင်းကို ကိုယ်ရှင်းပေးသွားမယ် ...ယ်"

"ရပါတယ် မလိုပါဘူး"

"အို...မဟုတ်တာ"

ဦးမောင်မောင်တင်က သူတို့အတွက် လက်ဖက်ရည်ဖိုးရှင်းပေးပြီး ...နှုတ်ဆက်ကာ ပြန်သွား၏။ သူပြန်သွားပြီးမှ သတ္တိက စိတ်မပါလက်မပါ ...ဖြင့် စာရွက်ကို ကောက်ဖတ်၏။

"ဟာ..."

သတ္တိ ထခုန်မိမတတ် ဖြစ်သွားသည်။

"ဘာလဲ...ဘာဖြစ်တာလဲ"

"ပွင့်ဦး ပွင့်ဦးကွ"

"ဟေ..."

အောင်မိုးနှင့် ခင်ဇော်ပါ ထခုန်မိမတတ် ဖြစ်သွားကြပြန်သည်။ ...စကား မှန်လေသည်။ ခုန်ချင်လျှင် ထပြီး ခုန်မှ ရမည်။ ထိုင်ပြီး ...၍ ရသည်မဟုတ်။ သို့သော် တကယ်တန်းတော့ သူတို့ ထမခုန်ကြ ...ပါ။

"ဖူးစာရှင်မှန်လို့ ပြန်တွေ့ပြီဟေ့"

www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို တို့ကို ဘီယာတိုက်''

''အေး...တိုက်မယ်။ ဒါပေမဲ့ ဘီယာပဲနော်။ အရက်တော့ မတိုက်ဘူး''

''ရတယ်။ ဘီယာပဲဆိုလည်း ရတယ်''

''ဒါဖြင့် လာ...ဆိုင်ပြောင်းမယ်၊ ချီတက်ကြမယ်''

သတ္တိနှင့်အတူ အောင်မိုးနှင့် ခင်ဇော်ကလည်း ဝမ်းမြောက် ဝမ်းသာ စိတ်လှုပ်ရှားနေကြလေသည်။

ထိုအချိန်မှာ ရဲရင့်ကလည်း မမျှော်လင့်သော အခြေအနေတစ်ရပ်ကို ရလိုက်သည်။

ရဲရင့်တို့အုပ်စု လက်ဖက်ရည်ဆိုင်ထဲ ထိုင်နေချိန်ပဲဖြစ်သည်။ ဆိုင်ထဲသို့ ရောင်ထုံး ထုံးထားသော လူတစ်ယောက် ဝင်လာသည်။ ရောင်ထုံး ထုံးထားခြင်းကို အထူးအဆန်းအဖြစ် မမြင်ပါ။ သို့သော် သူ့အသံကို နားမခံနိုင်ချေ။ ဇာတ်မင်းသားလေသံဖြင့် ပြောလာသောကြောင့် ဖြစ်၏။

''လက်ဖက်ရည်လေးတစ်ခွက်လောက်ပါပဲ၊ ရနိုင်မလား ခင်ဗျာ''

ဆိုင်ရှင်ကလည်း ဇာတ်မင်းသားလေသံဖြင့် ပြန်ပြောသည်။

''ရပါတယ်ခင်ဗျာ...ရပါတယ်ခင်ဗျာ၊ ချိုဆိမ့်လား၊ ကျဆိမ့်လား၊ ချိုပေါ့လား၊ အမိန့်ရှိပါခင်ဗျာ''

''ချိုကျလေးပေါ့ခင်ဗျာ...ချိုလေးပေါ့။ ကျွန်တော်တို့က သဘင်ပညာသည်တွေဆိုတော့ ည...ည အိပ်ရေးပျက်တတ်တယ်လေ။ ဒါကြောင့်ပါ...ဒါကြောင့်ပါ''

''သိပါပြီခင်ဗျာ...သိပါပြီခင်ဗျာ။ ထိုင်တော်မူပါ''

ထိုလူက ဇာတ်မင်းသားဟန်ပန်ဖြင့်ပဲ ဝင်ထိုင်သည်။ ရဲရင့်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ရဲရင့်က ဒါမျိုးကို နည်းနည်းမှ သည်းခံတတ်သူမဟုတ်။ စားပွဲထိုးကို ဇာတ်မင်းသားလေသံဖြင့် သူကလည်း လှမ်းခေါ်သည်။

''စားပွဲထိုးရေ...စားပွဲထိုးရေ၊ လာပါဦးကွာ...ခဏ လာပါဦး''

သူတို့ချင်းကျတော့ အဆင်ပြေလေသည်။ စားပွဲထိုးကလည်း ဇာတ်မင်းသားလေသံဖြင့်ပဲ...

''လာပါပြီ ခင်ဗျား၊ လာပါပြီ ခင်ဗျ''

စားပွဲထိုး အနားရောက်လာမှ ရဲရင့်က ပုံမှန်လေသံဖြင့် တိုးတိုးမေးသည်။

''ဟိုလူက ဘာတုန်းဟ''

စားပွဲထိုးကလည်း ပုံမှန်လေသံဖြင့် တိုးတိုးဖြေသည်။

''သူက ဇာတ်မင်းသား အစ်ကိုရဲ့''

''ဘယ်ဇာတ်အဖွဲ့ကလဲ''

''မယ်မယ်ရရ မရှိပါဘူး။ ပြောရရင် ဇာတ်မင်းသားရူးပေါ့ ဆရာရယ်''

''ဒီဆိုင်မှာ ငါ တစ်ခါမှ မတွေ့ဘူးပါဘူး''

''ဟုတ်တယ် လာခဲတယ်။ ရန်ကုန်မှာ အရပ်ဇာတ်လေးဘာလေးရှိပြီး သူ့ကိုလည်း ငှားမှ သူက ရောက်ရောက်လာတယ်''

''အေး...အေး၊ ဘာရယ်မဟုတ်ပါဘူးကွာ...၊ ထူးဆန်းနေလို့ မေးကြည့်တာပါ။ ကဲ...သွား...သွား မင်းလုပ်စရာရှိတာကို သွားလုပ်''

စားပွဲထိုး ထွက်သွားသည်။ ရဲရင့်တို့ စိတ်ဝင်စားခြင်း မရှိလှပါ။ သုံးယောက်သား စားပွဲမှာ ငြိမ်အတိုင်း ထိုင်နေကြသည်။ ခဏကြာမှ ရဲရင့်က ဇာတ်မင်းသားလေသံဖြင့် ညည်းသည်။

''ရာပုံတော်ခန်းမှာ ကဗျာကုန်အောင်ညည်းပေမဲ့ ဖျာပုံအဒေါ်ကြီးကတောင် လာမတွေ့ပါလား... နှမတော်ရယ်''

ဇာတ်မင်းသားရူးက စိတ်ဝင်စားဟန်ဖြင့် ရဲရင့်ကို လှည့်ကြည့်ကာ...

''ညီတော်ကလည်း သဘင်ပညာရှင်ပဲလားကွယ်''

''အဲဒီလိုတော့ မဟုတ်ပါဘူးခင်ဗျာ...။ ကျွန်တော်က အကသုခုမ ပညာရှင်တစ်ဦးရဲ့ ရင်သွေးပါ...ခင်ဗျ''

တစ်ဆိုင်လုံးက ရယ်ချင်နေကြသည်။

''ဘယ်လို ပညာရှင်များလဲကွယ်...။ နောင်တော် မသိရှာဘူးလား''






www.burmeseclassic.com

www.burmeseclassic.com



''သိရပါတယ် နောင်တော်ရယ်...။ ညီတော့်မိခင်က အကပညာရှင် တစ်ဦးပါ။ တပည့်တွေ အများကြီးကို မွေးထုတ်ဖူးပါတယ်။ အခုတော့ မဟုတ်ပါဘူး၊ တစ်ချိန်တုန်းကပေါ့လေ...။ ဒေါ်ဝါဝါဦးဆိုရင် အများက သိကြပါတယ်...သိကြပါတယ်''

''အို...ကြားဖူးတာပေါ့ ညီလေးရယ်၊ တကယ့်ကို ပညာသည်ပါကွယ်။ နောင်တော့်ကိုလည်း မှတ်ထားပါကွယ်...။ နောင်တော့်နာမည်က စိန်လင်းထိန်တဲ့ကွယ်''

''ဪ...နောင်တော် စိန်လင်းထိန်တဲ့လား။ အခု... ဘယ်ဇာတ်မှာ ကမှာတုန်းဗျာ''

''အရပ်ဇာတ်လေး တစ်ခုမှာပါကွယ်။ မင်းသမီးလက်သစ်လေး တစ်ယောက်ကို လက်တွဲခေါ်ပေးပါ...ဆိုလို့''

ထို့နောက် ရဲရင့်တို့ဝိုင်းသို့ လျှောက်လာကာ...

''ဒီမှာလေ...ကြည့်ပါဦး။ အဲဒီ မင်းသမီး လက်သစ်လေးရဲ့ ဓာတ်ပုံတွေ''

''ဟာ...''

ရိုးရိုးအဝတ်အစား၊ မင်းသမီးအဝတ်အစားများဖြင့် ပွင့်ဦး၏ ဓာတ်ပုံတွေဖြစ်နေသဖြင့် ရဲရင့် ထမအော်မိအောင် ပါးစပ်မှ မနည်းထိန်းနေရသည်။ အတင်းခေါင်းထိုးကြည့်သော ကျော်ထွေးနှင့် ဝင်းထွတ်ကလည်း မျက်လုံးအပြူးသား ဖြစ်သွား၏။ ရဲရင့်က စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ရင်း...

''နောင်တော်ရယ်...။ နောင်တော့်မင်းသမီးက ကျက်သရေရှိလိုက်တာ...။ ဘယ်အရပ်ဒေသမှာ နေပါသတုန်းဗျာ''

စိန်လင်းထိန်ကလည်း အလွန်ပြောချင်နေပုံ ရ၏။ ဖူးခနဲ ဖူးခနဲ စကားလုံးတွေက ဒလဟော ထွက်ကျလာသည်။ ရဲရင့်ကလည်း ခေါင်းချင်းဆိုင်ပြီး နားထောင်သည်။

''×××+-×÷ γ &××?××+-÷ γ&''

အတော်ကြီးကြာမှ သူတို့တွေ လူချင်းခွဲကြ၏။ စိန်လင်းထိန်၏ လက်ဖက်ရည်ဖိုးကို ရဲရင့်က ရှင်းပေးလိုက်သည်။ အပြန်လမ်းမှာ ရဲရင့်



အလွန်ပျော်နေသည်။ လက်ကလေး ခြေကလေးတွေ ချိုးကပြီး လျှောက်သွားချင်စိတ်ကို မနည်းထိန်းနေရတော့သည်။ အိမ်အပြန် လမ်းထိပ်မှာပဲ သတ္တိနှင့် တိုးသည်။

''သတ္တိ ပွင့်ဦးကိစ္စ ဘာထူးသေးလဲ''

''မထူးသေးပါဘူးကွာ''

ရဲရင့် တစ်ဖက်လှည့်ပြီး ပြုံးမိ၏။ သတ္တိက ပြန်မေးသည်။

''မင်းကော၊ မင်း ဘာထူးသေးလဲ''

''မင်းလိုပါပဲကွာ''

သတ္တိက တစ်ဖက်လှည့်ပြီး ပြုံးလေသည်။

အိမ်ရောက်၍ ရေမိုးချိုးကြပြီးနောက် သတ္တိက...

''ညောင်းတယ်ကွာ...၊ ခုတင်ပေါ် သွားလှဲတော့မယ်''

နဖူးပေါ် လက်တင်ပြီး စဉ်းစားမိ၏။

''အင်း...ရဲရင့်တော့ ပြတ်ကျန်ခဲ့ပြီ''

ရဲရင့်ကလည်း ခြံထဲမှာ ဒန်းစီးရင်း စဉ်းစားနေ၏။

''အင်း...သတ္တိတော့ ပြတ်ကျန်ခဲ့ပြီ''

အမှန်တကယ် ပြတ်ကျန်ခဲ့သည်က ဒန်းဆွဲကြိုးဖြစ်၏။ ရဲရင့် ဖင်ညောင်ရိုး အောင့်သွားသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၈]

ပွင့်ဦးတို့ ဒီည ဇာတ်ကကြမည်။ အရပ်ဇာတ်ကလေးဖြစ်သော်လည်း ပျော်ရွှင်တတ်သည်။ မြန်မာလူမျိုးတွေ၏ သဘာဝအရ ဇာတ်စင်ရှေ့မှာ ဖျာလာခင်းထားသူများ၊ မုန့်သည်များနှင့် ထွေလီကာလီရောင်းသည့်ဈေးသည်များ အစီအရီရောက်ရှိစပြုနေပြီလည်း ဖြစ်၏။ စင်နောက်မှာဆောက်ထားသည့် ယာယီဇာတ်ရုံအတွင်းသို့ သတ္တိ ခပ်တည်တည် ဝင်သွားသည်။

ဆိုင်းဆရာတစ်စု စကားထိုင်ပြောပြီး တဝါးဝါး တဟားဟား ဖြစ်နေကြ၏။ သူတို့ကို သတ္တိ ကျော်လာခဲ့သည်။ သူရှာနေသည်က ဇာတ်မင်းသား စိန်လင်းထိန်၏ အခန်းကို ဖြစ်သည်။

အရပ်ဇာတ်ဖြစ်သော်လည်း ရပ်ကွက်ထဲမှ လူတွေနှင့်ချည်း ကရ၍ မဖြစ်သဖြင့် ကျွမ်းကျင်သူ သဘင်သည်များ၊ ဆိုင်းသမားများ စသည်တို့ကိုလည်း ငှားထားရသည်။ အရပ်သမားတစ်ဝက်၊ ဇာတ်သမားတစ်ဝက် ဖြစ်နေသည်။ ထို့ကြောင့် သတ္တိ ခပ်တည်တည်ဝင်သွားခြင်းဖြစ်သည်။ သူ့လူလိုလို ကိုယ့်လူလိုလိုဖြစ်ပြီး မည်သူကမှ သတိမထားမိကြ။

နောက်ဆုံးမှာ စိန်လင်းထိန်၏ အခန်းကို သတ္တိ ရှာတွေ့သွားသည်။ အိပ်စင်၏ ခေါင်းအုံးနံဘေးတွင် ထားထားသော လွယ်အိတ်ကို တွေ့၏။ စိန်လင်းထိန်ကိုမူ မတွေ့။ လွယ်အိတ်ကို ဖွင့်ကြည့်တော့



မင်းသားဝတ်စုံကို တွေ့ရသည်။ ထိုဝတ်စုံကို ကပျာကယာဆွဲယူပြီး သူ့ကျောပိုးအိတ်ထဲသို့ သတ္တိ ထည့်လိုက်သည်။ မျက်လုံးက ဟိုဟိုသည်သည်ကြည့်ပြီး သတိကြီးစွာ လုပ်ရခြင်းဖြစ်၏။ ဒီည စိန်လင်းထိန် ကနိုင်မည် မဟုတ်။

ပွင့်ဦးနှင့် သူ တွဲကရန် ရဲရင့် ကြံရွယ်ထားသည်။ အားလုံး အံ့သြသွားစေရမည်။

''ရော့...သွား...ဝင်''

စိန်လင်းထိန်၏ လွယ်အိတ်ထဲသို့ နီးရာမြေကြီးခဲများ ထိုးထည့်ပြီး နေရာမှာ ပြန်ထားလိုက်သည်။ ပြီး... ထိုအခန်းထဲမှ လုစ်ခနဲ ပြန်ထွက်လာလိုက်၏။

ထိုအချိန်မှာ စိန်လင်းထိန်သည် ကြွကြွရွရွနှင့် မင်းသားဟန်ချီပြီး ဇာတ်ရုံဆီသို့ လာနေချိန်ဖြစ်၍ လက်ဆွဲရှုံ့အိတ်လေးတစ်လုံးကိုလည်း ဆွဲလာသည်။

''နောင်တော် နောင်တော် ဘယ်သွားမလို့လဲ၊ ညီတော့်ကိုကော မှတ်မိလား''

''မှတ်မိတာပေါ့ ညီတော်ရယ်...။ အခု နောင်တော် ပွဲခွင်ဝင်မလို့လေ...။ အဲဒါ ဇာတ်ရုံကို သွားမယ်ကွယ်''

ရဲရင့်က လက်မှ နာရီကို ဟန်ပါပါကြည့်လျက်...

''နောင်တော်ကလည်း ဝီရိယ တယ်ကောင်းတာကိုး။ တစ်ဆိုင်ဆိုင်မှာ ထိုင်ပြီး စကားပြောလို့ ရဦးမှာပါ''

''အဲ...အင်း...အင်းလေ၊ ညီတော် ဆန္ဒရှိရင်လည်း တစ်ဆိုင်ဆိုင်မှာ ခဏတော့ ထိုင်ကြတာပေါ့။ နို့...ဘယ်ဆိုင်မှာ ထိုင်မှာလဲကွယ်''

''နီးရာတစ်ဆိုင်ဆိုင်မှာပေါ့ နောင်တော်ရယ်။ ဟော...ဟို ဆိုင်မှာ ဆိုင်ကြတာပေါ့''

''ဟာ...ဘီယာဆိုင်ကြီးပဲ။ နောင်တော်ကတော့ သောက်[illegible] ရမှာ မဟုတ်ဘူး။ အင်းလေ...အအေးလောက်ကတော့ ရ[illegible] ဒါတောင် အသံကပ်မှာ စိုးရတယ်''

''လာပါ နောင်တော်ရယ်။ ဆိုင်ရောက်မှ ကြည့်[illegible]

www.burmeseclassic.com



ပေါ့''

သူတို့ ဘီယာဆိုင်ထဲသို့ ရောက်သွားကြ၏။

''ဟော့…ဘီယာတဂျားချဟော့''

''ညီတော်တစ်ယောက်တည်း အဲဒီလောက် သောက်နိုင်သလား''

''အို…မိတ်ဖြစ် ဒွေဖြစ်ပဲဟာ။ နောင်တော်လည်း နည်းနည်းပါဝင်ရမှာပေါ့။ နောက်ပိုင်း ဇာတ်ထုပ်တချို့မှာ သူရာရေသောက်တဲ့ အခန်းတွေ ဘာတွေ နောင်တော် သရုပ်ဆောင်ရတာ ရှိမှာပေါ့။ အဲဒီအခါ ပိုပြီး ပီပြင်တာပေါ့''

''အင်း…ဟုတ်ပါရဲ့ကွယ်။ ဟုတ်ပေသားပဲ။ ပညာသည်ရဲ့သားလို့ မပြောရဘူး၊ အနုပညာမျက်စိ ရှိပါပေတယ်''

ထိုသို့ဖြင့် စိန်လင်းထိန်ကပါ ဘီယာသောက်ဖြစ်သွား၏။ ရဲရင့်ကလည်း အကြံသမားပီပီ စိန်လင်းထိန်ကိုချည်း ဖိတိုက်၏။ အရှိန်းဖြစ်သော စိန်လင်းထိန် ကြာကြာမခံနိုင်၊ စကားကို ဖောင်းပွအောင် လျှောက်ပြောပြီး မျက်လုံးများ မေးစင်းလာကာ သုံးဂျားမြောက်တွင် အိပ်ပျော်သွားသည်။

ရဲရင့်က အောင်မြင်စွာ ပြုံးလိုက်ပြီး…

''ငါ့မိတ်ဆွေ အိပ်ပျော်သွားပြီ။ သူ့ဘာသာနိုးရင် နိုးလာလိမ့်မယ်။ ငါ အရင်သွားနှင့်ပြီလို့ ပြောလိုက်။ ဟုတ်လား''

စားပွဲပေါ်မှ စိန်လင်းထိန်အိတ်ကို ဆွဲယူပြီး ရဲရင့် ခပ်တည်တည် ထွက်လာခဲ့သည်။ ခပ်လှမ်းလှမ်းရောက်မှ အိတ်ကို ဖွင့်ကြည့်၏။ မင်းသားအဝတ်အစားကို တွေ့ရသဖြင့် ကျေနပ်စွာ ပြုံးလိုက်မိသည်။ စိန်လင်းထိန်ကို ဖယ်ထုတ်ပြီး ဤညပွင့်ဦးနှင့် သူ တွဲကမည်။ ကတတ်ပါသည်။ သူရော သတ္တိရော ဒေါ်ဝါဝါဦး၏ သင်ကြားချက်အရ ငယ်စဉ်ကတည်းက ကတတ်ကြပါသည်။

အမေဖြစ်သူဆီမှာပဲ အကသင်နေရသော သားများကို စိတ်ပျော့ညံ့သွားမည်စိုးသဖြင့် အဖေဖြစ်သူက ကိုယ်ခံပညာကျောင်းများဆီ ပို့အပ်ပေးလိုက်ခြင်းဖြစ်သည်။

ဇာတ်ရုံဆီသို့ ရဲရင့် ရောက်သွား၏။ ခပ်တည်တည်ပင် ဝင်သွားပြီး



အကွယ်တစ်နေရာတွင် အဝတ်အစားလဲသည်။ စိတ်ညစ်စရာက ထိုအချိန်မှာ စတင်လေတော့သည်။

''အာ…ပြဿနာပဲ''

စိန်လင်းထိန်၏ အိတ်ထဲမှ သူ ရလာသော အဝတ်အစားက အောက်ပိုင်းအဝတ်အစားမျှသာ ဖြစ်နေသည်။ ခါးတောင်းကျိုက်သည့်အခါ ခံထားရသည့် ဒူးဆစ်နီးပါး ဘောင်းဘီ၊ တောင်ရှည်ပုဆိုး၊ ခြေစွပ်နှင့် ဖိနပ်၊ ထို့ပြင် ခါးစည်းကြိုး၊ ဒါတွေပဲ ဖြစ်သည်။ အပေါ်ပိုင်းဝတ်စုံမပါချေ။

ဝတ်ပြီးမှ သိခြင်းဖြစ်သည်။ ဟောင်းလောင်းဖြစ်နေသည့် စိန်လင်းထိန်၏ အိတ်ကိုပဲ အကြိမ်ကြိမ် ထပ်မံ မွှေနှောက်ရှာမိသည်။ မတွေ့။

''ဒုက္ခတော့ ရောက်ပြီ''

အပေါ်ပိုင်းက တီရှပ်နှင့် ဂျာကင်နှင့် အောက်ပိုင်းက တောင်ရှည်ပုဆိုးကို ခါးတောင်းကျိုက်ထားသော မင်းသားပုံစံနှင့် ရဲရင့် ကိုယ်နိုက်ရားယားဖြစ်နေသည်။ ရဲရင့်နည်းတူ ဒုက္ခရောက်နေသူကလည်း အထူးအထွေပြောစရာမလိုတော့သည့် သတ္တိ။

အပေါ်ပိုင်းက အစထောင်ထားသော ခေါင်းပေါင်းနှင့် ကိုယ်ကျပ်အင်္ကျီ ဘော်ကြယ်၊ ရွှေစလွယ် ငွေစလွယ်တွေနှင့် အောက်ပိုင်းကကျတော့ သဝိုက်ဘောင်းဘီရှည်ပွပွကြီး။ ပြီးတော့… ရှူးဖိနပ်။

''ဒီပုံစံကြီးနဲ့တော့ ငါ မဖြစ်သေးပါဘူး''

ဣန္ဒြေမပျက်စေရဘဲ အောက်ပိုင်းဝတ်စုံကို ဇာတ်ရုံအနှံ့မှာ လှည့်ရှာနေမိသည်။ အားလုံးက သူ့ကို သတိထားမိကြပါသည်။ ဇာတ်သမားတွေဘက်ကကျတော့ အရပ်ဘက်က တင်မည့် မင်းသားငယ်ဟု ထင်သည်။ အရပ်သားတွေဘက်ကကျတော့ စိန်လင်းထိန်၏ ရှေ့ထွက်မင်းသားဟု ထင်သည်။ ပွဲစချိန်နီးကပ်ပြီး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြချိန်ဖြစ်၍ စကားလည်း မပလုယ်မိကြ။

ဆိုင်းသမားတစ်ယောက်ကို သတ္တိက မေးလိုက်သည်။

''ကျွန်တော့်ရဲ့ အောက်ပိုင်းဝတ်စုံကိုများ တွေ့မိသလား''

''ဟင်…ကိုယ့်ဘာသာ ဘယ်မှာထားမှန်း မသိဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာထားတာပဲ။ ခု အပေါ်ပိုင်းတွေ့လို့"

"ဟား…ဟား…ဟား ဒီလိုမျိုးတော့ ကျုပ် မကြုံဖူးပါဘူး မောင်ရင်လေးရယ်။ တစ်ယောက်ယောက် နောက်ထားတာ ဖြစ်မှာပေါ့။ ပွဲချိန်က နီးနေပြီ။ အချိန်မီရအောင် စုံစမ်းဦး"

သတ္တိ ထွက်သွား၏။ ဆိုင်းသမားက သူ့အလုပ်သူ လုပ်ရင်း ကျန်ရစ်ခဲ့သည်။ ထိုဆိုင်းသမားရှေ့သို့ပင် ခဏအကြာမှ ရဲရင့်က ရောက်သွားပြန်သည်။

"ဆရာကြီး…ကျွန်တော့်အပေါ်ပိုင်း မင်းသားပတ်စုံကိုများ တွေ့မိလား"

ဆိုင်းသမားကြီးက ရဲရင့်တစ်ကိုယ်လုံးကို အစုန်အဆန် ကြည့်ပြီး

"ဘယ်လိုဖြစ်ရပြန်တာတုန်း။ ခုနကတော့ အောက်ပိုင်းဝတ်စုံ မရှိလို့ လာမေးတယ်၊ ခုတော့ အပေါ်ပိုင်းဝတ်စုံမရှိလို့ လာမေးတယ်။ ဘယ့်နှာတုန်း"

ရဲရင့်က တစ်ချက်ကြောင်သွားသော်လည်း အခြေအနေကို ချက်ချင်းသဘောပေါက်သွားပြီး…

"အဟီး…ကျွန်တော်က ဆရာကြီးကို ချစ်လို့ နောက်တာ"

ရဲရင့် ထိုနေရာမှ အလျင်အမြန် ခွာလာခဲ့၏။ ထောင့်ချိုးတစ်ခု အရောက်…

"ဟော…"

"ဟာ…"

သတ္တိနှင့် ဘွားခနဲ တိုး၏။ တစ်ယောက်ပုံစံကို တစ်ယောက် ကြည့်ပြီး စိတ်တိုသွားသည်။ ပြီးမှ ရယ်ချင်လာ၏။ နောက်တော့ တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးပြီး ရယ်ဖြစ်ကြလေသည်။ အားရပါးရရယ်ပြီးမှ သတ္တိက အရယ်မျက်နှာကို မျက်နှာပိုးသပ်လျက်…

"ဟေ့ကောင်…တို့နှစ်ယောက်လုံးကို ဘယ်သူကမှ ပြိုင်မမြင်သွားခင် မင်း ဟိုဘက်မှောင်ရိပ်ကို အရင်သွား။ ငါ အခြေအနေကြည့်ပြီး လိုက်လာမယ်"

ရဲရင့်ကလည်း လက်ခံပါသည်။ အမှောင်ရိပ်ထဲသို့ ကိုယ်ဖော့



ပညာနှင့် ပြေးဝင်သွား၏။ သတ္တိက အခြေအနေကြည့်ပြီး လိုက်ဝင်လာသည်။ ရဲရင့်က ဆီးပြောသည်။

"မင်း တော်တော်ရှုပ်တဲ့ကောင်ပဲ သတ္တိရာ…။ ငါ့ကို အဲဒီအပေါ်ပိုင်းဝတ်စုံ ပေးစမ်းပါ"

"ပြောင်းပြန် လာမပြောနဲ့။ ငါ့ကို အဲဒီ အောက်ပိုင်းဝတ်စုံပေး"

"ဟေ့ကောင်…ငါက စိန်လင်းထိန်ကို ဘီယာအမူးတိုက်ပြီး ဒီဝတ်စုံကို ယူလာရတာ။ မင်းကသာ ငါ့ကို အဲဒီအပေါ်ပိုင်းဝတ်စုံကို ပေးသင့်တယ်"

"အပိုတွေ ပြောမနေနဲ့၊ စိန်လင်းထိန် နေ့လယ်က သောက်တဲ့ လက်ဖက်ရည်ခွက်ထဲမှာတင် ငါ ဝမ်းနှုတ်ဆေးတွေ အများကြီး ထည့်လိုက်တာ…။ ငါ့ကို အဲဒီ အောက်ပိုင်းဝတ်စုံပေး"

ရဲရင့် ဇဝေဇဝါဖြစ်သွား၏။ သူနှင့် သတ္တိက ချွတ်စွတ်တူသည် မဟုတ်လား။

"မဟုတ်ဘူး၊ လာမဖြီးနဲ့။ မင်းနဲ့ နေ့ခင်းမှာ တွေ့ခဲ့ရင် ငါနဲ့ ညနေမှာတွေ့တော့ သူပြောမှာပေါ့"

"ငါကိုယ်တိုင် ခတ်တာ ဘယ်ဟုတ်မလဲ တော့ရဲ့"

"ဘယ်သူ ခတ်ပေးတာလဲ"

"ဦးမောင်မောင်တင်"

"ဘယ်က ဦးမောင်မောင်တင်လဲ"

"မင်း မသိပါဘူးကွာ…။ ငါ့ကိုသာ အောက်ပိုင်းဝတ်စုံပေးပါ"

"မပေးပါဘူး။ မင်းကသာ ငါ့ကို အပေါ်ပိုင်းဝတ်စုံပေး"

"ဘာလို့ ပေးရမှာလဲ"

"အေး…ငါကကော ဘာလို့ ပေးရမှာလဲ"

ထိုအချိန်မှာပဲ ဗြုန်းခနဲ တီးလိုက်သော ဆိုင်းသံကြီးက ထွက်လာသည်။ ဇာတ်ပွဲ စတော့မည်။ နှစ်ယောက်လုံး လန့်သွားသည်။ သတ္တိက…

"ကဲ…မင်းနဲ့ငါ မြောက်ပန်းလှန်မယ်။ နိုင်တဲ့သူကို ဝတ်စုံပေး ကြေး"

www.burmeseclassic.com



"အာ...မလုပ်နိုင်ပါဘူး။ ဘာမဟုတ်တာလေးနဲ့တော့ မစွန့်လွှတ်နိုင်ဘူး။ ရှုံးသွားရင်ပေါ့လေ...။ ငါ အများကြီး ကြိုးစားထားတာတွေ အကုန်လုံး အလကားဖြစ်သွားမယ်"

လော်စပီကာမှ အသံထွက်လာသည်။

"ချစ်လှစွာသော ရွှေပွဲလာညည့်ပရိသတ်များ ခင်ဗျား။ ချစ်လှစွာသော ရွှေပွဲလာညည့်ပရိသတ်များ ခင်ဗျာ"

နှစ်ယောက်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ အစကတည်းက ငြိမ်နေကြသည်တော့လည်း မဟုတ်ပါ။ ယခုမှ ပျာယာခတ်သွားကြခြင်းကို ဆိုလိုပါသည်။ သတ္တိက...

"ကဲ...ပွဲစတော့မယ်။ ပွင့်ဦးလည်း ရောက်လာလောက်ပြီ။ ဘယ်လိုလုပ်မလဲ"

ထိုသို့ဖြင့် ညီအစ်ကို နှစ်ယောက် တိုးတိုးတိတ်တိတ် ရန်ဖြစ်နေကြ၏။

ထိုအချိန်မှာပဲ...

"ဟာ...မင်းသား ဘယ်လိုဖြစ်နေတာလဲ"

သူတို့ကို ပြောခြင်း မဟုတ်ပါ။

ဝမ်းလျှောထားသဖြင့် မျော့နေသော မင်းသား စိန်လင်းထိန်တစ်ယောက် မူးယစ်ရီဝေစွာ ရောက်ရှိလာသဖြင့် ဇာတ်သမားတစ်ယောက်က အလန့်တကြား ထအော်လိုက်ခြင်းဖြစ်သည်။

"မပြော မပြောချင်တော့ပါဘူးဗျာ"

ထို့နောက် သတ္တိနှင့် ရဲရင့်ရှိရာ အမှောင်ရိပ်ဆီသို့ ဖင်ကိုလက်နှင့်ပိတ်ရင်း ပြေးလာသည်။ တပိုတပါး သွားရန်ဟု ယူဆရသည်။ သို့သော် သုံးသပ်ဆန်းစစ်နေရန် အချိန်မရတော့။ နှစ်ယောက်လုံး လစ်ပြေးကြရတော့၏။

ထိုညက ပွင့်ဦးတစ်ယောက်တည်း စိန်လင်းထိန်မပါဘဲ တစ်ပင်တိုင်အက ကလိုက်ရလေသည်။

◆



အခန်း [၂၉]

နောက်ရက်တွေထဲမှာ ပွင့်ဦးတို့ အိမ်သို့ သတ္တိ ရောက်သွားပါသည်။ ဘယ်လိုနက္ခတ်စီးမှန်း မသိ။ သတ္တိက အမှန်တကယ် သတ္တိရှိနေလေသည်။

ဦးလတ်တင်ရွှေနှင့် ဒေါ်စောလှဲဦးတို့ ဧည့်ခန်းထဲမှာ ထိုင်နေကြချိန်ဖြစ်၏။ သတ္တိကို တွေ့တော့ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံသည်။ ဘယ်သူ့ဧည့်သည်မှန်းတော့ မသိကြ။ ဖဝေဖဝါနှင့် ဧည့်ခံနေကြခြင်းဖြစ်သည်။

ဧည့်ခန်းထဲမှာ ထိုင်ကနန်းကျပြီးမှ သတ္တိက...

"ပွင့်ဦး မရှိဘူးလား ဦး"

"သြော်...ငါ့တူက သမီးရဲ့ သူငယ်ချင်းကိုး။ ရှိတယ်...ရှိတယ်။ ဆအးရိုရေ...နင့်မမလေးကို ပြောလိုက်စမ်း။ ဧည့်သည် လာနေတယ်လို့"

ပွင့်ဦး ထွက်လာသည်။ အိမ်နေရင်းဝတ်စုံလေးနှင့် ဖြစ်သော်လည်း ပွင့်ဦးက ကပိုကရို လှနေပြန်သည်။ သတ္တိကိုတွေ့တော့ မျက်နှာတစ်မျိုးဖြစ်သွားသည်။ သတ္တိက အခြေအနေကို ချက်ချင်းထိန်းလိုက်၏။

"ကျွန်တော် ပွင့်ဦးကို ဓာတ်ပုံတွေ လာပေးတာပါ"

"ဓာတ်ပုံ ဟုတ်လား...။ ဘာဓာတ်ပုံလဲ"

သတ္တိက စက္ကူအိတ်လေးတစ်အိတ် ကမ်းပေးလိုက်၏။ ပွင့်ဦးက

www.burmeseclassic.com



ထုတ်ကြည့်ပြီး…

''ဟင်…''

ပွင့်ဦး အံ့ဩဝမ်းသာသွားသည်။

''ဖေကြီး မေကြီး ကြည့်ပါဦး''

ပွင့်ဦး ကနေသောပုံများဖြစ်၏။ ထောင့်အမျိုးမျိုးမှ ရိုက်ထားပြီး ဆေးအကျအနကောင်းလှသော ဓာတ်ပုံများ ဖြစ်သည်။ ဦးလတ်တင်ရွှေနှင့် ဒေါ်စောလှဲ့ဦးတို့လည်း အလွန်သဘောကျသွားသည်။

''ပုံတွေက အတော်ကောင်းတာပဲ။ ငါ့တူ ရိုက်တာလား''

''ဟုတ်ကဲ့''

''အေးကွယ်…ဦးတို့က စိတ်မချမ်းမသာဖြစ်နေကြတာ။ အမှန်တော့ ပွင့်ဦးလေး ကတာကို ဗီဒီယိုရိုက်ခိုင်းထားတာ။ ဗီဒီယိုဆရာ မလာဘူး။ အဲဒါနဲ့ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ရော။ တွဲကရမယ့် မင်းသား စိန်လင်းထိန်ကလည်း ဘီယာတွေမူးပြီး ဝမ်းတွေလျှောနေတယ် ဆိုတော့ ကိစ္စတွေကလည်းရှုပ်၊ သမီးလေးကတာကို မှတ်တမ်း တင်မထားနိုင်တော့ဘူးလို့ ထင်နေတာ။ အခု အဆင်ပြေသွားတာပေါ့''

''ဟုတ်ကဲ့။ ဒီမှာ နဂတစ်တွေကိုပါ ယူထားလိုက်ပါဦး''

''ငါ့တူကြီးကို ဓာတ်ပုံဖိုး ဘယ်လောက်ပေးရမလဲကွယ့်''

''မလိုပါဘူး ဦး။ ကျွန်တော်က ဝါသနာအရရိုက်တဲ့ ဓာတ်ပုံဆရာပါ။ ကျွန်တော့်ဘာသာ လေ့ကျင့်တဲ့သဘောနဲ့ ရိုက်တဲ့ ပုံတွေပါ။ ကာယကံရှင်ကို လာပြန်ပေးတာပါ''

''အေးကွယ်…ကျေးဇူးပါပဲ၊ ဒါထက် ငါ့တူနာမည်က ဘယ်လိုခေါ်လဲ''

''ကျွန်တော့်နာမည်က သတ္တိပါ။ ရဲရင့်လို့လည်း ခေါ်ပါတယ်''

ဒါကတော့ သတ္တိ၏ ဖြတ်ထိုးဉာဏ်ပဲ ဖြစ်သည်။ ရှေ့မှာကြုံလာနိုင်သည့် ပြဿနာများကို ကြိုတင်ကာကွယ်လိုက်ခြင်းဖြစ်သည်။

''အေးကွယ်…နောက်လည်း ကြုံတဲ့အခါ အိမ်ကို ဝင်ပါ ထွက်ပါ''

''ဟုတ်ကဲ့ခမျာ…နောက်လည်း ရောက်ဦးမှာပါ။ အခုတော့ ခွင့်ပြုပါဦး''



သတ္တိက ချီထားလိုက်ခြင်း၏။

''ဟင်…ပြန်တော့မလား၊ အအေးကုန်အောင် သောက်သွားဦးလေကွယ်''

''ဟုတ်ကဲ့''

အအေးခွက်ကို မော့သောက်ပြီး…

''ပွင့်ဦး ကျွန်တော် ပြန်လိုက်ဦးမယ်''

ပွင့်ဦးက ယောင်ယောင်ယမ်းယမ်း ခေါင်းညိတ်ပြသည်။

''ဟုတ်…ဟုတ်ကဲ့''

သတ္တိထွက်သွားပြီးမှ အေးရီက အအေးခွက်ကို သိမ်းရင်း…

''အဲဒီအစ်ကိုက ချောတယ်နော်''

''နင်ကြိုက်လို့လား။ ငါပြောပေးမယ်''

အေးရီ တခွိခွိရယ်သည်။ တော်ပါသေးသည်၊ ဦးလတ်တင်ရွှေနှင့် ဒေါ်စောလှဲ့ဦးက သတ္တိအကြောင်း ပွင့်ဦးကို ဘာမှ မမေးကြ။ သူတို့ ပြောလက်စ စကားများကိုသာ ဆက်ပြောနေကြသည်။ အိမ်တွင်းရေးကိစ္စများ ဖြစ်သဖြင့် ပွင့်ဦးကပါ ဝင်ဆွေးနွေးရင်း စကားလမ်းကြောင်း သင့်နေကြသည်။

''ဟင်…မမလေး၊ ဟိုအစ်ကိုကြီး ပြန်လာတယ်။ ဘာကျန်ခဲ့လို့လဲ မသိဘူး''

''ဟောတော့…''

သူတို့တွေ စကားကို အရှိန်သပ်လိုက်ကြ၏။ ဖော်ဖော်ရွှေရွှေကြိုဆိုကာ…

''ဟို…မောင်သတ္တိရဲရင့်၊ ဘာကျန်ခဲ့လို့လဲကွယ်''

ဦးလတ်တင်ရွှေက ထိုသို့မေးတော့ ရဲရင့် ကြောင်သွားသည်။ သို့သော် ချက်ချင်း သဘောပေါက်လိုက်ပြီး…

''ဟိုဟာလေ…ကျွန်တော်က ပေးစရာတစ်ခု မေ့ပြီး ကျန်ခဲ့တာပါ''

''ဘာများလဲကွယ့်''

www.burmeseclassic.com



ရဲရင့်က လက်ထဲမှာ စက္ကူလိပ်ကို ပွင့်ဦးဆီ ကမ်းပေးလိုက်၏။ ပွင့်ဦးက မျက်ခုံးအတွန့်ချိုးပြီး စက္ကူလိပ်ကို ဖြည်ကြည့်လိုက်၏။

''ဟာ...''

အပြုံးမျက်နှာ ထိုစက္ကူလိပ်ကို မိဘနှစ်ပါးဆီ ကမ်းပေးလိုက်သည်။

''အို့...တယ်ဟုတ်ပါလားကွယ့်''

ပွင့်ဦး ကနေပုံ ပန်းချီကားဖြစ်သည်။ ဆီဆေးနှင့် ဆွဲထား၏

''ဒါလည်း ငါ့တူကိုယ်တိုင် ဆွဲထားတာလားကွယ့်''

''ဟုတ်ကဲ့''

''အေးလေ...ဓာတ်ပုံပညာနဲ့ ပန်းချီဒီဇိုင်းပညာဆိုတာကလည်း ဆက်စပ်နေတာကိုး။ ဒါ့ထက် ငါ့တူက ဘာအလုပ် လုပ်သလဲ''

''ကျွန်တော် မနှစ်ကမှ ရူပဗေဒအဓိကနဲ့ ကျောင်းပြီးထားတာပါ။ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်လည်း ရပါတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ ကျွန်တော်နဲ့ ကိုက်မယ့်အလုပ်ကို ကျွန်တော် ရွေးချယ်တုန်းပါ''

''သြော်...အေးကွယ်၊ ကောင်းပါတယ်''

''ကျွန်တော့်မှာ ကိစ္စလေးတွေရှိလို့ ခွင့်ပြုပါဦး ဦး''

''အေး...အေး၊ ကျေးဇူးပါပဲကွယ်''

''ပွင့်ဦး ပြန်လိုက်ဦးမယ်''

''ဟုတ်ကဲ့...ဟုတ်ကဲ့''

ရဲရင့် ထိုင်ရတာ ကျောမလုံသဖြင့် အမြန်ပြန်ခဲ့ခြင်းဖြစ်သည်။ ရှေ့မှာ သတ္တိက ဘာတွေပြောထားမှန်း မသိ။ ကိုယ်က စမ်းတဝါးဝါး လိုက်ပြောနေရခြင်းသည် အမှားပါမှာ စိုးနေရသည်။ ရဲရင့် ပြန်ထွက်သွားပြီးနောက် အေးရီက...

''အစ်ကိုကြီးက ခုနက ဒီအကျီ မဟုတ်ပါဘူး''

''ဂျာကင်ချွတ်လိုက်လို့ ဖြစ်မှာပေါ့ဟဲ့''

ဦးလတ်တင်ရွှေနှင့် ဒေါ်စောလှဲ့ဦးက မိတ်ဆွေတစ်ဦး၏ အလှူသို့ ထွက်သွားကြ၏။ အိမ်ကို အေးရီတစ်ယောက်တည်းနှင့် ထားခဲ့၍ မရသောကြောင့် ပွင့်ဦးက နေခဲ့ရသည်။



''မမလေးရေ...မမလေး''

''ဘာလဲဟ''

''ညှိုသည်လာပြန်ပြီ''

''ဘယ်သူတုန်း''

''ဦးမောင်မောင်တင်''

''အာ...အေးလေ ထုံးစံအတိုင်းပေါ့''

ဦးမောင်မောင်တင်ကို အေးရီက အပြုံးကြီးတဝင့်ဝင့်နေလိုက်သည်။

''ဟော...ကိုတင်ပါလား''

ဦးမောင်မောင်တင်၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

◆

www.burmeseclassic.com



သည်။

မှ၄,

''ဒါ(

''ဟု(

''ဒေ

## အခန်း [၃၀]

ဆက်စပ်နေဝ ...ာက်ကိုတစ်ယောက် အနှောင့်အယှက် မပေးရ။

၂။ တစ်ယောက်နှင့် ချစ်သူဖြစ်သွားလျှင်လည်း တစ်ယောက်က ကြည်ဖြူရမည်။

၃။ သတ္တိနှင့် ရဲရင့်သည် တစ်ယောက်စီဖြစ်ကြောင်း ကူညီရှင်းပြပေးရမည်။

၄။ ဤကြားထဲတွင် တစ်ယောက်နှင့်တစ်ယောက် အသိပေးသင့်သည်ကို ပေးပြီး အချိပ်ဆက်မိမိ လှုပ်ရှားမည်။

စာချုပ်အောက်မှာ သတ္တိနှင့်ရဲရင့်တို့ လက်မှတ်ရေးထိုးကြသည်။ လက်မ လက်မွှေကိုပါ နှိပ်လိုက်ကြသေး၏။ ခုအချိန်တွင် သူတို့နှစ်ယောက်လုံး ပွင့်ဦး၏ ခင်မင်တွယ်တာမှုကို ရနေကြပြီဖြစ်၏။ ဦးမောင်မောင်တင်ကိစ္စကိုတော့ သတ္တိက အေးငြိမ်းကိုလည်း ပြန်မပြောဘဲ သူ့ဘာသာဖြီးလုံးဖြန်းလုံးများသုံးပြီး ကြိုးရှည်ရှည်နှင့် လှန်ထား၏။

ခက်သည်က ပွင့်ဦးကို အလေးအနက်ထားလွန်းသဖြင့် သူတို့တွေ





ရည်းစားစကားကို ပွင့်ပွင့်လင်းလင်း ထုတ်မပြောရဲကြသေးခြင်း ဖြစ်၏။ ပွင့်ဦးက သူတို့နှစ်ယောက်ကို တစ်ယောက်တည်းဟု ထင်နေသဖြင့် လှုပ်ရှားရတာကလည်း လွယ်မယောင်နှင့် ခက်နေသည်။ ကိုယ့်ကြိုးနှင့်ကိုယ် ပြန်ချည်မိသလို ဖြစ်နေသည်။

ပွင့်ဦးတို့အိမ်ကို သွားလည်လျှင် ဦးမောင်မောင်တင်ကိုလည်း ရှောင်ရသေး၏။

ပွင့်ဦးနှင့် မီးထွန်းပွဲလည်း အတူတူဆင်နွှဲပြီးပြီ။ ထမနဲပွဲကိုလည်း ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းပြီးပြီ။ တရင်းတနှီးရှိလှသည်ဆိုသော အခြေအနေထက် ပိုပြီး မတိုးတက်။ တစ်နေ့နေ့မှာ ချစ်သူဖြစ်လာကြမည့် အရိပ်အယောင်တွေ ပြေးနေသော်လည်း လောလောဆယ်မှာတော့ တအုံနွေးနွေး။

ပွင့်ဦး၏ မိဘများကလည်း သတ္တိ၊ ရဲရင့်ဆို ငြင်းစရာမရှိသောကြောင့် သူတို့ကို လွတ်လွတ်လပ်လပ်တွေ့ဆုံခွင့် ပေးထားသည်။ ဖြူဖြူနှင့် မှုယာတို့ကလည်း မိုးကုတ်မှ မကြာခဏ ဖုန်းလှမ်းဆက်ပြီး ပွင့်ဦးကို အခြေအနေ မေးလေ့ရှိ၏။ ထိုအခါတိုင်းမှာ ပွင့်ဦးကလည်း ရယ်ရွှန်းပတ်ရွှန်းနှင့် မရေမရာဘဲ ပြန်ဖြေသည်။

ထိုသို့ဖြင့်

နောက်တစ်နှစ် သကြန်ရက်များဆီ...

တရွေ့ရွေ့ဖြင့်...

ပြန်လည် နီးကပ်လာပြီ ဖြစ်၏။

''သကြန်မတိုင်မီမှာ ပွင့်ဦးနဲ့ ချစ်သူဖြစ်ဖို့ လိုတယ်''

သတ္တိက ထိုသို့ ညည်းတွားတော့၊ ရဲရင့်က...

''ငါလား''

''သွားစမ်းပါကွာ...။ ငါ့ကို ပြောနေတာ''

''လာလာချည်သေး''

''စောင့်ကြည့်ပေါ့''

''ဟင်း...ဟင်း...တစ်ရပ်ကွက်လုံးကြားအောင်အော် ရယ်ပစ်လိုက်ချင်သေး။ နေပါဦး...။ ဘာကိစ္စ သကြန်မတိုင်မီမှာ ခုံး

www.burmeseclassic.com



ဖြစ်ဖို့ လိုရတာလဲ''

''အဲဒါမှ သင်္ကြန်မှာ ချစ်သူတွေအဖြစ် တွဲလည်လို့ရမှာပေါ့ အေရဲ့''

''အေး...ဟုတ်သားပဲ။ မပူပါနဲ့ကွာ...၊ ငါကလည်း နှစ်အကူး မခံပါဘူး''

''အရှုံး''

''ငပေါ''

◆



အခန်း [၃၁]

ပွင့်ဦးတို့အိမ် ဧည့်ခန်းထဲမှာဖြစ်သည်။ သတ္တိနှင့်ပွင့်ဦးတို့ ရယ်ရယ်မောမော စကားဆိုနေကြ၏။ အေးရီက အလိုက်တသိနှင့် ခြံထဲမှာ သန့်ရှင်းရေး ဆင်းလုပ်နေသည်။ ဦးလတ်တင်ရွှေနှင့် ဒေါ်စောလှဲ့ဦးတို့က ထုံးစံအတိုင်း သူတို့ ရွှေငွေရတနာဆိုင်မှာ။ တစ်ချက်တစ်ချက်မှာမှ လိုအပ်သလို ဖုန်းဝင်လာတတ်သည်။

''ငယ်ငယ်တုန်းက လက်ချောင်းကလေးတွေကို အမည်ပေးပြီး သင်ခဲ့ရတာကို မှတ်မိလား''

''စာထဲမှာတော့ သင်မသင် မမှတ်မိပါဘူး။ အိမ်မှာ မေမေက တော့ သင်ပေးတာပေါ့''

''မှတ်မိတယ်ပေါ့''

သတ္တိ ဇဝေဇဝါဖြစ်နေပြီးမှ မရေမရာအသံဖြင့်...

''အင်း''

''ဒါဖြင့် ရွတ်ပြစမ်း''

''အား...ပွင့်ဦးကလည်း လူကို ကလေးကျနေတာပဲ''

''ဘာဆိုင်လဲ။ ကလေးလိုနေရတာ အပြစ်ကင်းတယ်။ ရွတ်ပြ စမ်းပါ''

သတ္တိက တိမ်းရှောင်မရတော့သဖြင့် လက်ချောင်းများကို ချိုးပြ

www.burmeseclassic.com

www.burmeseclassic.com



ခင်း…

``ဆိတ်ချို၊ ရန်လို၊ သူ့ထက်တွဲ၊ ရွှေတိုက်စိုး၊ ညီမလေး``

ပွင့်ဦးက တဟားဟား ထရယ်သည်။

``ပြန်ရွတ်ပြစမ်းပါဦး၊ ပြန်ရွတ်ပြစမ်းပါဦး``

သတ္တိက မှားနေမှန်း သိသည်။ သွားဖြဲကလေးနှင့် ထိုအတိုင်း ပြန်ရွတ်ပြ၏။ ပွင့်ဦးက ရယ်၍မဆုံး။ ပြီးမှ မျက်နှာတစ်မျိုးဖြစ်သွားပြီး ကောက်ကာငင်ကာ…

``ဟင်…လက်သည်းတွေကလည်း ရှည်လို့ပါလား။ မညှပ်ဘူးလား``

``အဟီး…ဟို…ညှပ်မလို့ပါပဲ။ ဟိုဟာလေ…``

``တော်…တော်…သွား…ဟို ရှိုးကေ့စ်ပေါ်က ခွက်ကလေးထဲမှာ လက်သည်းညှပ် ရှိတယ်။ ခြံထဲ ဆင်းညှပ်လိုက်``

သတ္တိ ခြံထဲမှာ လက်သည်းဆင်းညှပ်ရ၏။ ပြန်ဝင်လာတော့ ပွင့်ဦးက ကော်ပေတံကလေးနှင့် လက်တစ်ချောင်းစီကို စစ်သည်။

``အင်း…လက်သည်းကို အချိုးကျကျ ညှပ်တတ်သားပဲ``

သတ္တိက တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့်…

``ဟာ…မေ့နေလိုက်တာ။ အိမ်ကို ခဏပြန်လစ်ရဦးမယ်``

``ဘာကိစ္စ အရေးတကြီး ရှိသတုန်း``

``ဖေဖေမှာထားတဲ့ ကိစ္စတစ်ခု ရှိနေလို့``

``ကဲ…ဒါဖြင့်လဲ ကြွ``

``ပွင့်ဦးက ဘယ်မှ မသွားဘူးလား``

``မသွားဘူး။ ဒီနေ့တစ်နေ့လုံး အိမ်မှာရှိမယ်``

သတ္တိ ကတိုက်ကရိုက်ထွက်သွား၏။ ကားကိုလည်း အရှိန်ပြင်းပြင်း မောင်းထွက်သွားသည်။ ပွင့်ဦးက ဆိုင်ကို ဖုန်းထဆက်ရင်း ကျန်ရစ်ခဲ့သည်။

သတ္တိမှာ ဦးလင်းခေါင် ခိုင်းထားသော လုပ်စရာကိစ္စဆိုတာ အမှန်တကယ်မရှိပါ။ အိမ်ရောက်ရောက်ချင်း အေးငြိမ်း၏ အခန်းသို့ ဘန်းဝင်ပြီး လက်ချောင်းကလေးတွေ၏ နာမည်အမှန်ကို သင်ရ၏။





``မင်းက ဘာအရေးတကြီး ဖြစ်နေတာလဲ``

``ကောင်မလေးဆီ ပြန်သွားပြီး ဖြေရဦးမယ်လေ အစ်ကိုကြီးရဲ့``

``မင်းဟာ ဣန္ဒြေသိက္ခာ မရှိသလိုကြီး ဖြစ်မနေဘူးလား``

``မဖြစ်ပါဘူး အစ်ကိုကြီးရဲ့။ ကျွန်တော် တမင်တကာ မီးခြစ်ကို မေ့ချင်ယောင်ဆောင်ပြီး ထားရစ်ခဲ့တယ်။ အဲဒါ ပြန်လာယူတာဆိုပြီး ပြန်ဝင်ရမှာပေါ့``

``ပြီး…ဒီလက်ချောင်းတွေရဲ့ နာမည်ကို အမှန်အတိုင်း ပြင်ရွတ်ပြဦးမယ်ပေါ့။ ကြောင်ပါ့ကွာ…။ ကောင်မလေးက ရိပ်မိမှာပေါ့။ မင်း တစ်ယောက်ယောက်ကို သွားမေးလာမှန်း``

ထိုအချိန်မှာပဲ အပြင်ဘက်မှ ဝူးခနဲ ကားမောင်းထွက်သွားသံကြားရ၏။

``ဟာ…ရဲရင့်ကတော့ လုပ်ထည့်လိုက်ပြီကွာ``

ချောင်းနားထောင်နေသည့် ရဲရင့်က အလျင်အမြန် လှုပ်ရှားသွားခြင်းဖြစ်သည်။ လမ်းတစ်နေရာရောက်မှ ကားရပ်ပြီး လက်သည်းကို ကမန်းကတန်း ညှပ်ရ၏။ သူ့ပိုက်ဆံအိတ်ထဲမှာက လက်သည်းညှပ်အဆင်သင့်ရှိသည်။ ပြီး…ပွင့်ဦးတို့အိမ်သို့ ကားထိုးဝင်လိုက်သည်။

``ဟောတော့…ပြန်ရောက်လာပြန်ပြီ``

``မီးခြစ်ကျန်ခဲ့လို့ ပွင့်ဦးရဲ့``

``တော့်အဖေအလုပ်ကတော့ ပြီးတော့မယ်``

``ပြီးသွားပြီ။ ဘာမှ လုပ်စရာ မလိုတော့ဘူး။ သူ့ဘာသာ အဆင်ပြေသွားပြီ``

ညှော်ခန်းထဲမှာ ပြန်ထိုင်ပြီး စကားပြောဖြစ်ကြ၏။

``လက်ချောင်းနာမည်တွေကို အမှန်အတိုင်း ပြန်မှတ်မိပြီ``

``အဟွန်း…ဟွန်း၊ ပြောပါဦး``

ရဲရင့်က လက်ချောင်းတွေကို ချိုးပြီး ရွတ်ပြ၏။

``ဒေါက်တို၊ ရန်လို၊ သူ့ထက်ကဲ၊ ရွှေပြည်စိုး၊ ညီပုလေး``

``အင်း…ဟုတ်သွားပြီ။ ဒါနဲ့…ဟင်``

``ဟင်``ခနဲ အလန့်တကြား အော်လိုက်သော ပွင့်ဦးကို ရဲရင့်က



www.burmeseclassic.com

www.burmeseclassic.com



နားမလည်သလို ကြည့်သည်။

"လက်ချောင်းတွေကို ပြန်ပြပါဦး"

"ကြည့်လေ...ဘာဖြစ်လို့တုန်း"

"ဒီ လက်ခလယ်လက်သည်းက ဘာဖြစ်လို့ မညှပ်ဘဲ ကျန်ရစ်ခဲ့တာတုန်း"

ရဲရင့် စိတ်ထဲမှာ ပျာထွက်သွား၏။ သို့သော် ဟန်မပျက်စေရဘဲ

"အင်း...ညှပ်တုန်းက ကျန်ခဲ့တာ ဖြစ်မယ်"

ကိုယ့်ကိုကိုယ် ကျိတ်ကျိန်ဆဲမိသည်။ ဘယ်လိုဖြစ်ပြီး ဒီတစ်ချောင်း ကျန်ရစ်ခဲ့ပါလိမ့်။

"မဟုတ်ဘူး မဟုတ်ဘူး။ စောစောကပဲ လက်တစ်ချောင်းချင်းစီကို စစ်လိုက်တာပဲ။ အကုန် ညှပ်ထားပြီးသား"

ပြဿနာကတော့ နောက်ပြန်လှမ်းထိုးပြီး ဝင်လာလေပြီ။

"အဟဲ...ဟိုလေ၊ ကိုယ့်ရဲ့ အင်္ဂါအစိတ်အပိုင်းတွေက တစ်ခါတစ်ခါ အဲဒီလိုပဲ။ အမှတ်မထင် ကြီးထွားလာတတ်တယ်"

"ဘာ...ဘယ်လို ဘာပြောတယ်"

"အဟဲ...ဟိုလေ"

ရဲရင့် ဘာဆက်ပြောရမည်မှန်း မသိ။ ရှူးသလို ပေါသလို လုပ်နေလိုက်၏။ ပွင့်ဦးက ရဲရင့်ကို ခပ်စူးစူးစိုက်ကြည့်ရင်း ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေသည်။ ပွင့်ဦးက အယုံအကြည်မရှိသည့်အပြင် တစ်စုံတရာ သံသယဝင်သွားပြီဖြစ်ကြောင်း ရိပ်မိသည်။ ရဲရင့်သည် ကြာကြာမနေရဲတော့၊ ဟိုပြောသည်ပြော လျှောက်ပြောပြီး ခဏအကြာမှာ ပြန်လစ်လာခဲ့တော့သည်။

ပွင့်ဦး ခြံထဲဆင်းပြီး ခေါက်တုံ့ခေါက်ပြန် လမ်းဆင်းလျှောက်နေလိုက်၏။ ခေါင်းထဲမှာလည်း အတွေးတွေက တဝီးဝီးအော်မြည်နေသည်။

"အဓိပ္ပါယ်မရှိဘူး"

"တစ်ခုခုတော့ မှားနေပြီ"

"ဘာလဲ...ဘယ်လိုလဲ"





အတန်ကြာသည်အထိ လမ်းလျှောက်ရင်း စဉ်းစားနေမိသည်။ အိမ်ထဲ ပြန်ရောက်နေသော အေးရီက...

"မမလေး ဖုန်းလာနေတယ်"

"မပြောချင်ဘူးဟာ...၊ စိတ်ရှုပ်နေတယ်"

"မိုးကုတ်က ဖုန်း မမလေးရဲ့"

ပွင့်ဦး ဖုန်းသွားကိုင်ရသည်။ မိုးကုတ်ကလာသော ဖုန်းများသည် များသောအားဖြင့် အိမ်၏ စီးပွားရေးအလုပ်ကိစ္စများ ဖြစ်နေတတ်သည်။

"ဟဲလို"

"ပွင့်ဦးလား...။ ငါတို့ပါ။ ဖြူပြာ မှုယာ"

"သြော်...အေး။ ပြော"

"ငါတို့ သင်္ကြန်ကျရင် လာခဲ့ရမလား"

"အေး...လာခဲ့လေ။ ငါလည်း ပျင်းနေတယ်။ နင်တို့လာမှပဲ ထွက်လည်ရမှာ"

"အေး...အေး။ အဲဒါ ကြိုပြောထားတာ။ ငါတို့ ဒီမှာ စီစဉ်ရစရာ ရှိတာတွေ စီစဉ်ရဦးမယ်။ နေဦး... ဒီမှာ မှုယာက ပြောမလို့တဲ့"

မှုယာ့အသံ ထွက်လာသည်။

"ပွင့်ဦး နင့်ကို မေးစရာရှိတယ်"

"ဘာလဲ"

"နင်နဲ့ ဟိုပုဂ္ဂိုလ်ရဲ့ အခြေအနေ"

"နင်တို့ကလည်း မေးလိုက်ရင် ဒါပဲ"

"မပြတ်သားကြသေးဘူးလား"

"ဒီလိုပါပဲ"

"အေး...မေးစရာ ထပ်ရှိသေးတယ်ဟဲ့"

"ဘာလဲ"

"ပြီးခဲ့တဲ့နှစ် သင်္ကြန်မှာ နင့်အတွက် ရွှေယုန်နဲ့ ရွှေ[illegible] ခင်ရန်ဖြစ်ပေးတုန်းက ငါတို့ပြောခဲ့တာ မှတ်မိလား"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီထဲက တစ်ယောက်ဟာ နင့်ပုဂ္ဂိုလ်လေး ဆိုတာကိုလေ''

''အော...မှတ်မိပါတယ်''

''အဲဒါကို ဒီမှာ ငါနဲ့ ဖြူပြာ ငြင်းနေရတယ်။ နင့်ပုဂ္ဂိုလ်ဆိုတာ ငါက ရွှေယုန်ကို ပြောတာ။ သူက... ရွှေကျားတဲ့။ အဲဒါ ဘယ်သူမှန်သလဲ။ နင့်လူက ဘယ်သူလဲ''

ဒီမေးခွန်းကြောင့် ပွင့်ဦး ခေါင်းထဲမှာ လက်ခနဲပွင့်သွားပြီး လက်ထဲမှ ဖုန်းခွက် လွတ်ကျသွားလေသည်။

◆





အခန်း [၃၂]

သတ္တိက ကောင်းဘွိုင်ဖြစ်နေသည်။

ဦးထုပ်နှင့် ဂျင်းဝတ်စုံနှင့် ဆေးပြင်းလိပ်ကို ဟန်ပါပါခဲထားပြီး ခါးမှာလည်း ခြောက်လုံးပြူးတစ်လက်ကို ချိတ်ထားသေး၏။ အရက်တားထဲသို့ တံခါးတွန်းဖွင့်ပြီး ဝင်လိုက်သည်။

အရက်ရောင်းသူနှင့်တကွ အရက်သောက်နေသော ကောင်းဘွိုင်များအားလုံးက လှည့်ကြည့်သည်။ အားလုံးက မိုက်ရုပ်တွေနှင့် သေနတ်ကိုယ်စီနှင့် ဖြစ်၏။ သူတို့က သတ္တိကို ကြည့်ပြီး မချိုမချဉ်ပြုံးကြသည်။

''ဒီကောင်းဘွိုင်က ဘယ်လိုကောင်းဘွိုင်လဲကွ''

''အောလေ...။ နို့ ဖတ် နေတာပဲ''

''မိန်းမလျာကောင်းဘွိုင် နေမှာပေါ့ကွာ''

သတ္တိကို ဝိုင်းလှောင်ပြောင်ကြလေသည်။ သတ္တိကတော့ ဂရုမစိုက်ပါ။ အရက်ကောင်တာရှေ့သို့ ခပ်တည်တည် လျှောက်သွားလိုက်၏။ ကောင်တာရှေ့မှာ ဝတ်စုံခပ်စုတ်စုတ်နှင့် ကောင်းဘွိုင်က...

''သူက အရက်သောက်ဦးမလို့တဲ့ကွ။ ဟား...ဟား...ဟား''

သတ္တိက ထိုလူ့ရှေ့ ကောင်တာပေါ်မှာ ချထားသော အရက်ဖန်ခွက်ကို ဆွဲယူပြီး မော့သောက်လိုက်၏။ ထိုလူ ခဏတော့ နှုတ်သက်မိသွား၏။ ပြီး...

www.burmeseclassic.com



"ဟော့ကောင်၊ မင်း လူပါးဝလှချည်လား"

သတ္တိက မထိတရိပြုံးပြီး ဆိုင်းဘဲမှ ပြန်လှည့်ထွက်ရန် ပြင်သည်။ ထိုလူက သေနတ်ကို လျှင်မြန်စွာ ထုတ်ပြီး သတ္တိ၏ နောက်ကျောကို ပစ်ချရန် ပြင်၏။ သတ္တိက လှည့်၍ပင် မကြည့်ချေ။ သူ့သေနတ်ကို အရင်ဦးအောင် ဆွဲထုတ်နိုင်ပြီး သူ့ရှေ့ဘက်သို့ ပစ်ချလိုက်၏။

"ဒိုင်း"

သတ္တိက သူ့ရှေ့ဘက်သို့ ပစ်ချလိုက်သည်ဖြစ်သော်လည်း သူ့နောက်မှ လူက နဖူးတည့်တည့်ကို ကျည်ဆံမှန်ပြီး လန်ကျသွားသည်။

"အား..."

အားလုံးက မယုံနိုင်သလို ဝိုင်းကြည့်နေကြ၏။ သတ္တိက ခြောက်လုံးပြူးကို လက်ညှိုးတွင် ချိတ်လျက် လှည့်ပတ်ကစားလိုက်ရင်း

"ငါ့သေနတ်က ခင်ဘက်ကနေ ကျည်ထွက်တဲ့ သေနတ်ကွ"

သတ္တိ အရက်ဘားထဲမှ ပြန်လှည့်ထွက်လာခဲ့လိုက်သည်။ အားလုံးက သူ့နောက်ကျောကို ငေးကြည့်၍ ကျန်ရစ်ခဲ့ကြ၏။ ပြီးတော့ ဘယ်ဆက်သွားသလဲ သူ့ဘာသာ မသိတော့။ အိပ်ရာမှ နိုးသွားသောကြောင့် ဖြစ်သည်။

သတ္တိ ပျော်သွားသည်။ ထိုသို့ အိပ်မက်တွေ မမက်တာ ကြာလှပြီ ဖြစ်၏။ သကြန်ရက်နားနီးလာတော့ အိပ်မက် ပြန်မက်လာသည်။ ရှေ့မှာ ကြုံရမည့် အဖြစ်အပျက်တွေအတွက် ကြိုတင်နိမိတ်ကောင်း ၍ ရနိုင်ပြီ။ မိုးလင်းမှ အစ်ကိုကြီးအောင်ငြိမ်းကို မေးရလေဦးတော့မည်။

မိုးလင်းကာနီးမှ မှေးခနဲ ပြန်အိပ်ပျော်သွားသည်။ သူနိုးတော့ နေတောင် အတော်စောင်းနေပြီ။ မျက်နှာမသစ်အား။ အောင်ငြိမ်းကို အလျှင်စလို လိုက်ရှာမိ၏။ အောင်ငြိမ်းက သူ့အခန်းထဲမှာ မရှိ။ ဧည့်ခန်းထဲ ရောက်နေသည်။

"အစ်ကိုကြီး၊ ဖေဖေ အလုပ်သွားပြီလား"

"အေး"

"ဟိုကောင် ရဲရင့်ရော..."

"ရှိတယ်"



"ဘယ်မှာလဲ"

"ဘယ်သိမလဲ၊ သူ့အခန်းထဲမှာ သူ ရှိမှာပေါ့"

"အစ်ကိုကြီး ကျွန်တော့်ကို နိမိတ်ဖတ်ပေးစမ်းပါဦး"

"အိပ်မက် မက်ပြီလား"

"ဟုတ်ကဲ့"

သတ္တိ သူ့အိပ်မက်အကြောင်း ပြန်ပြောပြ၏။ နားထောင်နေရင်း အောင်ငြိမ်း၏ တည်ကြည်သောမျက်နှာက ပို၍ တည်ကြည်သွားသည်။

"အဓိပ္ပာယ်ဖွင့်ပေးပါဦး အစ်ကိုကြီးရဲ့"

"မင်း နားထောင်နိုင်ပါ့မလား"

"နား...နားထောင်မှာပေါ့ အစ်ကိုကြီးရယ်။ ဘာ...ဘာဖြစ်လို့လဲ"

"မင်း မျှော်လင့်ထားတာတွေ ကျဆုံးတော့မယ်ဆိုတဲ့ နိမိတ်ပဲ"

"ဗျာ...ဒါ...ဒါဖြင့်"

"မင်း မျှော်လင့်ထားတာတွေ ဖြစ်မလာဘူးတဲ့"

သတ္တိ မျက်စိပျက် မျက်နှာပျက် ဖြစ်သွား၏။

ထိုစဉ် ဖုန်းမြည်သံထွက်လာပြီး အောင်ငြိမ်းက ဖုန်းသွားကိုင်သည်။ ဖုန်းစကား တစ်ခွန်းနှစ်ခွန်း ပြောပြီး...

"ကောင်းပြီလေ...။ အခု လာခဲ့မယ်"

အောင်ငြိမ်း အဝတ်အစားလဲပြီး ခပ်သွက်သွက် ထွက်၏။

"ငါ ကားယူသွားမယ်"

"အစ်ကိုကြီး၊ အဲဒါဆို ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"မင်းဘာသာ ထွက်ချင်ရင်လည်း Taxi နဲ့ ထွက်ပေါ့ကွာ"

"မဟုတ်ဘူး။ မျှော်လင့်ထားတာတွေ မကျဆုံးရအောင် ဘယ်လို လုပ်ရမလဲ ဆိုတာ"

"ငါ အရေးကြီးတဲ့ကိစ္စ ရှိနေတယ်။ မင်းကိစ္စကို ပြန်လာမှ ပြောတော့"

အောင်ငြိမ်း ကားမောင်းထွက်သွားတော့၏။

သတ္တိ ငူတူတူကြီး ကျန်ရစ်ခဲ့တော့၏။ ရဲရင့် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟော့ကောင် ဘာဖြစ်နေတာလဲ''

သတ္တိက စားပွဲပေါ်မှ ဦးထုပ်တစ်လုံးထဲတွင် ထည့်ဝှက်ထားသော ရဲရင့်၏ အသံဖမ်းကက်ဆက်ကို ထုတ်ပေးလိုက်၏။ ရဲရင့် နည်းနည်း ရှက်သွားသည်။ သို့သော်လည်း တစ်ခုခုထူးခြားနေပြီမှန်း သိသဖြင့် ကက်ဆက်ကို မြန်မြန်ဆန်ဆန် ဖွင့်နားထောင်လိုက်၏။ ပြီး...

''စိတ်မကောင်းပါဘူးကွာ...။ မင်း ကျဆုံးမယ်ဆိုတော့ ငါ အောင်မြင်မယ့် သဘောပဲ။ ဟဲ...ဟဲ''

''ရယ်မနေနဲ့ ငပေါရဲ့။ ငါဖြစ်ရင် မင်းလည်း လိုက်ဖြစ်တာပဲ။ ငါ ကျဆုံးရင် မင်းလည်း ကျဆုံးမှာပဲ''

ရဲရင့်လည်း ငိုင်သွားသည်။

''အေး...ဟုတ်တာပဲ။ ဒါ ဒါဆိုရင်...''

''ဦးမောင်မောင်တင်များ...''

သတ္တိက စကားကို ဆုံးအောင် ဆက်မပြော။ ရဲရင့်က သတ္တိ နံဘေးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်၏။ ညှိခန်းထဲမှာ နှစ်ယောက်လုံး ငူငူငေါင်ငေါင် ဖြစ်နေကြလေသည်။

◆



အခန်း (၃၇)

သတ္တိနှင့် ရဲရင့်တို့ ထိုအတိုင်းကြီး မည်မျှကြာအောင် ထိုင်နေသည်မသိ၊ အိမ်ခြံဝဆီမှ နှိပ်လိုက်သော လူခေါ်ခေါင်းလောင်းသံ ထွက်လာ၏။ မည်သူကမှ တံခါးသွားဖွင့်မပေးကြ။ ခေါင်းလောင်းသံက ဆင့်ကဲ ဆင့်ကဲ ထွက်လာနေသည်။

''ဒေါ်ဖူးရော''

သတ္တိက မေးခြင်းဖြစ်သည်။

''ဒေါ်ဖူး လှည်းတန်းဈေး သွားတယ်''

''မေမေ့ကိုလည်း မတွေ့ပါလား''

''ဖေဖေနဲ့ ကုမ္ပဏီလိုက်သွားတယ်လေ''

ခေါင်းလောင်းသံ ထပ်မြည်လာပြန်သည်။ သတ္တိက...

''နားညည်းတယ်ကွာ။ စိတ်ညစ်ရတဲ့ကြားထဲ သွားဖွင့်ပေးလိုက်''

ရဲရင့်က တံခါးသွားဖွင့်ပေးလိုက်၏။

အိမ်ထဲသို့ ပြုံးပြုံးဝင်လာသည်က...

''ဟင်...ဦးမောင်မောင်တင်''

ဦးမောင်မောင်တင်က ကောလိပ်ဂျင်နေဝင်းလိုရယ်ပြီး...

''ဟုတ်ပါတယ်၊ သိပ်အံ့ဩသွားသလား။ အမြွှာညီအစ်ကိုတို့ရဲ့''

သတ္တိက...

www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ဘာကိစ္စရှိလို့လဲ"

"ပွင့်ဦးက စာပေးခိုင်းလိုက်လို့"

ဦးမောင်မောင်တင်က စာအိတ်လေးတစ်အိတ်ကို ထောင်ပြပြီး ပြောခြင်းဖြစ်၏။ သတ္တိနှင့်ကော ရဲရင့်ကပါ လှမ်းဆွဲယူကြ၏။ သို့သော် မရလိုက်ပါ။ ဦးမောင်မောင်တင်က သူ့လက်ကို ပြန်ရုပ်လိုက်သောကြောင့် ဖြစ်သည်။

"စာအိတ်ပေါ်မှာ ရေးထားတာက ကိုသတ္တိရဲရင့်သို့...တဲ့"

"ကျွန်တော်ပဲ...ကျွန်တော်ပဲ"

"မဟုတ်ဘူး၊ ကျွန်တော်ဗျ"

"ဟ...မင်းတို့က ဘာတွေလဲကွ"

"အို...အတူတူပဲဗျာ။ စာကိုသာ ပေးစမ်းပါ"

ဦးမောင်မောင်တင် စာကို လှမ်းပေး၏။ အမွှာနှစ်ယောက် အလုအယက်လှမ်းဆွဲကြရာ...

"ဗြဲ"

စာရွက်က နှစ်ခြမ်းပြဲသွားသည်။

စာရွက်တစ်ခြမ်းစီကို ကိုင်ထားပြီး တစ်ယောက်ကိုတစ်ယောက် ပေတောင်းစောင်း ကြည့်ကြ၏၊ ဦးမောင်မောင်တင်က ဒိုင်လူကြီးလေသံဖြင့်

"မလောနဲ့လေ၊ အတူတူဖတ်ကြပေါ့"

သတ္တိနှင့် ရဲရင့်တို့ ဦးမောင်မောင်တင်၏ စကားကို မလိုက်နာလိုသော်လည်း အခြေအနေအရ ပြဲနေသော စာရွက်ကို ပြန်ဆက်ပြီး နှစ်ယောက်အတူတူ ဖတ်ကြ၏။

"ဒါပေါ့ကွ၊ ဒီလိုမှပေါ့"

သူ ဘာပြောပြော သူ့ကို ဂရုမစိုက်အားပါ။ အမွှာနှစ်ကောင်က စာကိုသာ မဲဖတ်နေလိုက်ကြသည်။





သို့...

ကိုသတ္တိရဲရင့် (သို့မဟုတ်) ကိုသတ္တိနှင့် ကိုရဲရင့်

ရှင်တို့နှစ်ယောက်ဟာ ကျွန်မကို အများကြီး ကူညီခဲ့ပါတယ်။ ချစ်မေတ္တာရှိတယ်ဆိုလို့လည်း ကျွန်မ လက်ခံပါတယ်။ ဒါပေမဲ့ ရှင်တို့နှစ်ယောက်ဟာ နှစ်ယောက်ပေါင်းပြီး တစ်ယောက်တည်းလိုလိုနဲ့ ညာခဲ့ကြတယ်။ ကျွန်မကလည်း ယုံခဲ့မိတယ်။ မကြာသေးမီကမှ ရိပ်မိသွားမိပါတယ်။ တစ်နေ့ အအေးဆိုင်မှာ ကျွန်မတစ်ယောက်တည်း ထိုင်နေတုန်း ရှင်တို့ရဲ့ သူငယ်ချင်းတွေက ကျွန်မရဲ့ နောက်ဘက်ဝိုင်းကို လာထိုင်ကြတယ်လေ။ ကျောခိုင်းထားတဲ့ ကျွန်မကို ပွင့်ဦးမှန်း သူတို့ မသိကြဘူး။ သူတို့က အလောင်းအစားလုပ်နေကြတယ်။ ကျွန်မရဲ့ အချစ်ကို ကိုသတ္တိ ရမယ်၊ ကိုရဲရင့် ရမယ် စသဖြင့်ပေါ့။

(အောင်မိုး၊ ခင်ဇော်၊ ကျော်ထွေးနှင့် ဝင်းထွတ်တို့ ဖြစ်လိမ့်မည်)

အဲဒီမှာ ကျွန်မဟာ အဖြေအမှန်ကို သဲသဲကွဲကွဲသိသွားခဲ့ပါတယ်။ မိန်းကလေးတစ်ယောက်ကို ယောက်ျားလေးနှစ်ယောက်က ပေါင်းညာရက်တာကိုလည်း အံ့သြမိတယ်။ ဒါ့အပြင် ရှင်တို့က တစ်ယောက်ကိုတစ်ယောက် မနှောင့်ယှက်ကြေး၊ လျှင်သူဦးသူ အဆင်ပြေသူက ကျွန်မရဲ့ အချစ်ကို အရယူကြေး၊ စာချုပ်ချုပ်ထားတယ်ဆိုတာကိုလည်း ကျွန်မ သိပြီးပြီ။ ဘယ်သူပြန်ပြောတယ်လို့ ထင်သလဲ။ အလွန်တည်ကြည်ပြီး ဘယ်တော့မှ ညာမပြောတတ်တဲ့ ရှင်တို့ရဲ့ အစ်ကိုကြီး ကိုအေးမြင့်ပေါ့...။

"ဟင်..."

"ဟာ..."

ကျွန်မဟာ ငယ်စဉ်ကတည်းက ချစ်သူတစ်ယောက်ကို ပုံဖော်ကြည့်ဖူးတယ်။ ရှင်တို့အစ်ကိုကြီးနဲ့ ထပ်တူကျနေတယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူကိုပဲ ဘဝကြင်ဖော်အဖြစ် ရွေးဖို့ ကျွန်မ စဉ်းစားလိုက်ပြီ။

"အလိုလေး..."

"ဟောဗျာ..."

အဲဒါကြောင့် ဒီနေ့ ဒီအချိန်ကစပြီး ရှင်တို့ လုပ်ရပ်တွေကို ရပ်တန့်ကာ ရပ်လိုက်ပါတော့။ ပြီးခဲ့တဲ့ ကိစ္စတွေကို ခွင့်လွှတ်ပါတယ်။ မှေ့လျှော့ကြော်သာ ကိုယ့်အစ်ကိုကြီးရဲ့ ဘဝကြင်ဖော်ကို မပြောင်းမလဲကြဖို့ လိုပါတယ်။ မောင်လေးတို့ ချမ်းမြေ့ပါစေ။

အစ်မကြီး ပွင့်ဦး

သတ္တိနှင့် ရဲရင့်တို့ တစ်ပြိုင်တည်း ရေရွတ်လိုက်မိကြ၏။

"သွားပါပြီဗျာ"

တစ်ပြိုင်တည်းပင် ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် လဲသွားကြသည်။

"ဟင်း...ဟင်း...ဟင်း"

ဦးမောင်မောင်တင်က မထိတနိပြုံးရယ်လျက် စာကို ယူဖတ်၏။ ဖတ်ရင်းဖတ်ရင်း ပြုံးနေသော မျက်နှာက အမူအရာပြောင်းပြီး မဲ့တဲ့တဲ့ ဖြစ်လာသည်။ စာဖတ်၍ အဆုံးမှာ...

"သွားပါပြီဗျာ..."

သူကပါ သတ္တိတို့လို လိုက်လဲကျ၏။ သို့သော် ချက်ချင်း ပြန်နိုးကုန်းထကာ...

"သူများအိမ်ကြီးထဲမှာ ငါက ဒီလို လာလဲကျနေလို့ မဖြစ်သေးပါဘူး။ အပြင်မှာ သွားလဲမယ်"

အိမ်အပြင်ပြန်ထွက်ပြီး လဲစရာနေရာ ရှာ၏။

"လမ်းပေါ်မှာ လဲလို့လည်း မဖြစ်သေးဘူး။ တော်ကြာ ကားတက်ကြိတ်သွားဦးမယ်"

နေရာ ဆက်ရှာ၏။



"သစ်ပင်အောက် သွားလဲလို့လည်း မဖြစ်ဘူး။ တော်ကြာ အကုန်ချွတ်ယူသွားကြဦးမယ်"

သူ့ဘဝကို သူ အတော်ကြီး ရင်နာသွား၏။

"ဩော်...ကိုယ့်မှာ လဲဖို့တောင် နေရာမရှိပါလား ပွင့်ဦးရယ်။ ဒီတိုင်းကြီးပဲ လွမ်းပါတော့မယ်"

◆

BURMESE CLASSIC .com

www.burmeseclassic.com

ထိုနှစ်သကြန်မှာ...
အကမကျွပ်တစ်ခုတွင်
အောင်ငြိမ်းက သီချင်းဆိုပေးပြီး
ပွင့်ဦးက ကတယ်။

သတ္တိနှင့် ရဲရင့်တို့ကတော့ ပရိသတ်အနေဖြင့် လက်ခုပ်တီးပြီး ဩဘာပေးရုံပေါ့။ သူတို့နှင့်အတူ ဦးမောင်မောင်တင်ကလည်း ပါဝင်အားပေးလိုပါသည်။ သို့သော် မပါဝင်ဖြစ်ဘဲ ကွေ့ရှောင်ထွက်လာရသည်။ အဝေးကြီးကတည်းကပင် အောင်ရိုက သူ့ကို အားရပါးရ လှမ်းလှမ်းပြုံးပြနေသောကြောင့် ဖြစ်လေသည်။

တာရာမင်းဝေ
၂၆-၁၂-၂၀၀၂



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com